www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

ရဲဝန်ထမ်းဘဝတွင် အသားကျမွေ့လျော်နေပြီ ဖြစ်သော်လည်း ယနေ့ထမ်းဆောင်ရမည့်တာဝန်ကိုတော့ ရှောင်လွှဲလို့ရလျှင် ရှောင်လိုက်ချင်သည်။ သေရတော့မည်ဆိုသည်ကို ကြိုသိနေသော လူတစ်ယောက်၏မျက်နှာကို . . သူ ဘယ်လိုစိတ်နှင့်ကြည့်ရမှန်းမသိ ဖြစ်နေမိသည်။

နောက်နှစ်ရက်ဆိုလျှင် သေဒဏ်ပေးခံရတော့မည့် အ



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းသား 'ဖိုးတာ'(ခေါ်)'မြင့်နိုင်ဦး'အား သွားတွေ့ကာ နောက်ဆုံးဆန္ဒကို မေးမြန်းဖို့ သူ့မှာအတွေ့အကြုံမရှိ . . ။

သူကိုယ်တိုင် ဖိုးတာအား ဖမ်းဆီးကာ ပုဒ်မ(၃၀၂)ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ လူသက်သေ၊ ပစ္စည်းသက်သေ၊ မျက်မြင်သက်သေ စုံလင်သလို တရားခံကိုယ်တိုင်ကလည်း ဝန်ခံခဲ့သဖြင့် သေစားသေစေရန် ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။

ဖိုးတာက လူနှစ်ယောက်၏အသက်ကို မသေမချင်း သတ်ခဲ့သူဖြစ်သည်။ 'ဆံတစ်ပင်တင်း ချစ်ခြင်းမယား' 'ရည်းစားလူလု အူနှုကျွဲခတ်'ဆိုစကားအတိုင်း ခံရခက်သည့်အဖြစ်ကို ဖိုးတာကြုံခဲ့ရသည်။ ဖိုးတာ၏မိန်းမက လှေကြီးပေါ် လှေငယ်တင် ဆိုသလို လင်ငယောက်ျားဖြစ်သူ မမြင်ကွယ်ရာတွင် အခြားတပါးသောယောက်ျားနှင့် ဖောက်ပြားခဲ့သည်။

BURMESE CLASSIC

ထိုကိစ္စ လူပြောများလာသဖြင့် ဖိုးတာ ချောင်းဖမ်းရာက ပက်ပင်းမိခဲ့သည်။ ကိုယ့်ကွယ်ရာတွင် လင်ငယ်နှင့်ပျော်ပါးနေသော ချစ်မယားကို မျက်မြင်တွေ့လိုက်ရသောအခါ . . ဒေါသအမှောင်လွှမ်းကာ ဆင်ခြင်တုံတရား ကန်းသွားသည့်ဖိုးတာက နှစ်ယောက်စလုံးကို သတ်ပစ်လိုက်တော့၏။

မသေမချင်း ထိုးသွင်းဒဏ်ရာ၊ ပြတ်ရှဒဏ်ရာပေါင်းများစွာနှင့်မို့ အပြစ်ဒဏ်မှ သက်သာခွင့်မရတော့။ အယူခံ အကြိမ်ကြိမ်ဝင်သော်လည်း အဆင့်တိုင်းတွင် ရှုံးခဲ့ပြီးနောက် သေဒဏ်ပေးမည့်ရက်ကိုပင် အတိအကျသတ်မှတ်ခံခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့အခြေအနေများနှင့် ရင်ဆိုင်နေရသော လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ နောက်ဆုံးစကားနှင့် နောက်ဆုံးဆန္ဒကို နားထောင်ဖို့ ရဲမိုး အဆင်သင့်မဖြစ်သေး။ သို့သော်လည်း သူစီးလာသောကား တာ အင်းစိန်ထောင်ဗူးဝသို့ပင် ရောက်လာခဲ့ပြီဖြစ်သည်။ တရား ရေးကိစ္စမဟုတ်ဘဲ ထောင်ထဲသို့ ဝင်လိုက်ထွက်လိုက်လုပ်နေ သည့် လူစာရင်းတွင် ရဲမိုးလည်း တစ်ယောက်အပါအဝင်ဖြစ် သည်။

ထို့အတွက် သာမန်စစ်ဆေးရေးမှူးအနေနှင့်ပင် ထောင် ဝင်းအတွင်း ဝင်ခွင့်ရခဲ့သည်။ ထောင်မှူးရုံးခန်းရှေ့တွင် ကားရပ် ပြီး ကားပေါ်မှဆင်းကာ ထောင်မြေကို နင်းမိလိုက်သည်နှင့် ရှူ ရှိုက်လိုက်ရသည့် လေထုအရည်အသွေးပါ ပြောင်းလဲသွားသလို ခံစားလိုက်ရသည်။

အဆိပ်ငွေ့တို့နှင့် ပြည့်နေသောလေကို ရှူရသလိုမျိုး. . အသက်ကို မှျင်း၍ရှူမိသည်။ အတူလိုက်ပါလာသော. . ဒုရဲအုပ် သောင်းဝေလင်းနှင့်အတူ ရုံးခန်းထဲသို့ ဝင်ခဲ့ကြ၏။ ထောင်ပိုင်ကြီး အစည်းအဝေးသွားနေ၍ ထောင်မှူး ဗိုက်ပူဦးညွန့်လှိုင်နှင့်သာ စခန်းသွားရမည်ဖြစ်သည်။

"ဘယ်လိုလဲ ရဲမိုး. . သားဆိုးတစ်ယောက်ရဲ့ နောက်ဆုံး ဆန္ဒကို လာမေးတာလား"

"ဟုတ်ပ ဦးညွန့်လှိုင်ရာ၊ အဲသလိုပြောရမလို ဖြစ်နေပြီ"

"ကျုပ်လည်း ဒီရက်ထဲ သေဒဏ်ပေးရမယ့်လူတွေ များ နေလို့ စိတ်တောင်ညစ်တယ်ဗျာ"

"ဘယ်တတ်နိုင်ပါ့မလဲ ဦးညွန့်လှိုင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ ဒါတွေလုပ်ရမယ်မှန်းသိရင် အကျဉ်းဦးစီးကို မဝင်ပါဘူး၊ လွှတ်တော်အမတ်ပဲ လုပ်လိုက်ချင်တယ်"

"ဟားဟားဟား. . မိန်းမနှိပ်စက်လို့ ကောင်းကောင်းမ အိပ်ရတာနဲ့ လွှတ်တော်ထဲသွားငိုက်ဖို့ ကြံနေပြီထင်တယ်"

ရယ်ရွှန်းပတ်ရွှန်း စကားတွေပြောပြီး စိတ်ကျဉ်းကျပ်မှုတွေကို ဖြည်လျှော့နေမိကြ၏။ သောင်းဝေလင်းက စိတ်ဝင်တစားလေသံနှင့်. .

"ဒါနဲ့ ထောင်မှူးကြီး၊ ဖိုးတာပြီးရင် ဘယ်သူ့အလှည့်လဲဗျ"

"ဆိုးပေလေ တကယ့်ရာဇဝင်လူဆိုး၊ ဒါပေမယ့် နောက်ဆုံးအချိန်မှာ ကျွတ်တန်းဝင်သွားပြီလို့ ပြောရတော့မှာပဲဗျို့"

ထောင်မှူးစကားကို စိတ်ဝင်စားသွား၍ ရဲမိုးက. . .

"ဘယ်လိုကျွတ်တန်းဝင်သွားတာလဲဗျ"

"အင်း. . ဘုရားအလောင်းယုန်မင်းထုံး နှလုံးမူတယ်ထင်ပါရဲ့၊ သူ့ကို ကြိုးပေးမသတ်ပါနဲ့တဲ့ သူ့တစ်ကိုယ်လုံး လိုရာသုံးဖို့ လှူခဲ့ပါရစေတဲ့ဗျ၊ မျက်ကြည်လွှာ၊ နှလုံး၊ ကျောက်ကပ်တွေအပြင် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံး လိုရာသုံးဖို့ ကိုယ်တိုင်ဆန္ဒပြု လက်မှတ်ထိုးပြီး လှူခဲ့တာ"

"ဟာ. . . ဟုတ်လှချည်လားဗျာ၊ အင်း. . . အပြစ်တွေလျော့ပါးပြီး တမလွန်မှာ ကောင်းစားချင်တယ်ထင်ပါရဲ့"

"ဒါပေါ့ဗျာ. . ဒါလည်းကောင်းတာပဲမဟုတ်လား၊ ပထမဆုံး ကျောက်ကပ်ထုတ်ယူမယ်လို့ စီစဉ်နေကြတယ်၊ ပြီးတော့. . ထိုင်းဆေးရုံက ကိုယ်အင်္ဂါအစားထိုးခွဲစိတ်ဆရာဝန်အဖွဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



လာမယ်ပြောတယ်၊ သူ့သေရက်က နှလုံးထုတ်ယူတဲ့နေ့ပဲပေါ့"

"အင်း. . . ခေတ်သစ်ဆေးသိပ္ပံနဲ့သေဒဏ် ရောစပ်ကျင့်သုံးတဲ့ ပထမဆုံးဖြစ်ရပ်ပေါ့၊ ကောင်းပါတယ်. . ဒါမျိုးများများလုပ်သွားကြရင် ကောင်းမယ်"

"အဲဒါ ခင်ဗျားရဲ့ဖိုးတာကို စည်းရုံးကြည့်ပေါ့ဗျာ"

"အဟင်း. . မထင်ပါဘူးဗျာ"

ထောင်မှူးအခန်းတွင် ဆယ်မိနစ်လောက် အချိန်ဖြုန်းပြီးနောက် ဖိုးတာနှင့်တွေ့ဆုံရန် စီစဉ်ထားသောအခန်းသို့ ထွက်လာခဲ့ကြသည်။ သီးသန့်အလုံပိတ်အခန်းထဲ လက်ထိပ်ခတ်ထားသော ဖိုးတာနှင့်ရဲမိုး နှစ်ယောက်တည်း တွေ့ခွင့်ရသည်။ ဖိုးတာ အခြေအနေကိုကြည့်ရတာ သိပ်တော့မဟန်လှ။ မျက်နက်ဆံက ချာချာလည်လျက် ဂနာမငြိမ်ဖြစ်နေသည်။ ရဲမိုးက အသံဖမ်းစက်လေးကိုဖွင့်၍ စားပွဲပေါ်တင်လိုက်သည်။

"နေကောင်းတယ်နော် ကိုဖိုးတာ"

"နေကောင်းခြင်း မကောင်းခြင်းက ဘာများအသုံးဝင်ဦးမှာမို့လဲ"

"ဒါတော့. . ဒါပေါ့ဗျာ၊ ဒီအချိန်မှာ နှစ်သိမ့်စကားပြောလို့အသုံးမဝင်တော့ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့်. . ခင်ဗျားရဲ့နောက်ဆုံးဆန္ဒကို နားထောင်ပြီး လုပ်ပေးလို့ရတာရှိရင်လုပ်ပေးရအောင် လာခဲ့တာပါ"

ဖိုးတာက ရဲမိုးအား မျက်လုံးပြူးကြီးနှင့် မကျေမချမ်းကြည့်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို သေဒဏ်က လွတ်အောင်လုပ်ပေးပါ"

"တရားရုံးချုပ်အယူခံထိ ရှုံးခဲ့ပြီးပြီ မဟုတ်လား"

"မတရားဘူး . . ဒါလုံးဝမတရားဘူး ကျုပ်မှာ ဖောက်ပြန်တဲ့မိန်းမနဲ့ ကြာကူလီကောင်ကို အပြစ်ပေးခွင့်ရှိတယ်"

ရဲမိုး သဘောကျသွားကာ မသိမသာပြုံးလိုက်သည်။

"လူသတ်ရင် ပြစ်မှုကျူးလွန်တာပဲ ကိုဖိုးတာ. .၊ ခေတ်ပြောင်းသွားပြီ ကိုဖိုးတာ၊ ဇနီးမယားဆိုတာ ငွေဝယ်ကျွန် မဟုတ်တော့ဘူး၊ ခင်ဗျားမိန်းမကို ကွာရှင်းပြီး ဒဏ်ခတ်လို့ရတယ်၊ ကြာကူလီကောင်ကို သွေးဆောင်ဖြားယောင်းပေါင်းသင်းမှု၊ မယားခိုးမှုတွေနဲ့ တရားစွဲထောင်ချလို့ရတယ်"

"ကြာတယ်ဗျာ ကြာတယ်၊ တရားစီရင်ရေးကို အယုံအကြည်ကိုမရှိဘူး၊ အလကားသက်သက် အချိန်ဆွဲနေတာ ကျုပ်က မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံးဆိုတဲ့ ကိုဒဥပဒေကိုပဲ သဘောကျတယ်"

လောကကို နှုတ်ဆက်ထွက်ခွာရတော့မည့် လူတစ်ယောက်၏ ပေါက်ကွဲသံစဉ်တွေကို ဟန့်တားဖို့ ရဲမိုး မကြိုးစားမိ။

"ကဲပါဖိုးတာရယ် ဖြစ်နိုင်တာတွေပဲပြောကြရအောင်လား၊ ခင်ဗျားကို မနေ့က သရဏဂုံတင်ပေးပြီးပြီလို့ သိရတယ်၊ အခု ဘာစားချင်လဲ ဘာလုပ်ချင်လဲ၊ ခင်ဗျားဆန္ဒရှိတာကိုပြောပါ"

ဖိုးတာ ခေတ္တခဏတွေဝေသွားသည်။ ခုလုပ်ချင်တာတွေကို စဉ်းစားနေပုံရ၏။ ဖိုးတာ အဖြေရသွားဟန်နှင့် စူးစူးစိုက်စိုက်ကြည့်လိုက်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုဖမ်းတဲ့ ခင်ဗျားရယ် အမိန့်ချတဲ့တရားသူကြီးရယ် အဲဒီနှစ်ယောက်ရဲ့အသားနဲ့ ချက်ထားတဲ့ဒန်ပေါက် စားချင်တယ်ဗျာ"

"ဟား . . ဟား . . တယ်ဆိုတဲ့စာပါလား"

ရဲမိုး သဘောကျကာ ရယ်လိုက်သည်။ ထို့နောက် ရဲမိုး ခေါင်းကိုသာ တွင်တွင်ခါယမ်းပြလိုက်၏။ ဒီလူ ဒီလိုအငေါ်တူးနေပုံမျိုးနှင့် စကားပြောရတာ အဆင်ပြေဖို့အကြောင်းမရှိတော့။

"အရသာရှိရှိ နောက်ဆုံးထမင်းတစ်နပ်စားပြီး ပြုခဲ့ဖူးတဲ့ ကုသိုလ်တစ်ခုခုကိုသာ အာရုံပြုနေလိုက်ပါတော့ ဖိုးတာ"

သေခါနီးလူတစ်ယောက်ကို ဘာစားချင်သလဲ စဉ်းစားခိုင်းရတာ တော်တော်တော့ ကြောင်တောင်တောင်နိုင်သည်ဟု ထင်မိ၏။ ဘယ်သက်ရှိသတ္တဝါမဆို ဆက်လက်ရှင်သန်နေလိုခြင်းကိုသာ အလိုရှိကြမှာ ဓမ္မတာဖြစ်သည်။ ထို့ထက်အရေးကြီးတာ ဘာမှမရှိ။ ဒီလိုအချိန်မှာ . . ဟော့ပေါ့စားရမလား၊ ချစ်တီးထမင်းစားရရင် ကောင်းမလားဟုလည်း ဘယ်သူမှ တွေးနေနိုင်မှာမဟုတ်တာ သေချာသည်။

"ကျုပ်အမေနဲ့ တွေ့ချင်တယ်"

"ဟုတ်ပြီ ဒီကိစ္စ အခုပဲခွင့်ပြုချက်တောင်းပြီး အမြန်ဆုံး စီစဉ်ပေးပါ့မယ်၊ နောက်ထပ် ဘာတောင်းဆိုချင်သေးလဲ"

"မင်း ငါ့ရှေ့ကအမြန်ဆုံးထွက်သွားတော့၊ ငါတစ်ခုခုလုပ်မိလိမ့်မယ်"

ရဲမိုး မျက်ခုံးပင့်ကာ ရီကော်ဒါကိုကောက်ယူသိမ်းထည့်



www.burmeseclassic.com

www.burmeseclassic.com



၍ အခန်းထဲမှ ထွက်လာခဲ့တော့သည်။ ဖိုးတာ သူ့မိခင်နှင့် တွေ့ချင်သည်ဆိုသည့်ဆန္ဒကို အထက်သို့တင်ပြ၍ တွေ့ဆုံခွင့် စီစဉ်ရန်ကိစ္စကိုတော့ သောင်းဝေလင်းနှင့်သာ လွှဲထားလိုက်တော့မည်ဟု ရဲမိုး အစီအစဉ်ချလိုက်တော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com


တာဝန်တွေပြီးဆုံး၍ အိမ်ပြန်လာတော့ ညနေငါးနာရီကျော်နေပြီ။ ရဲမိုးမှာ ရဲအုပ်တစ်ယောက်ဖြစ်သော်လည်း စခန်းက လိုင်းခန်းတွင်မနေ ဇနီးသည် 'နန်းမြတ်'အပြင် သားတစ်ယောက်၊ သမီးတစ်ယောက်တို့နှင့်အတူ မြောက်ဒဂုံတွင် ခြံဝင်းပါသော နှစ်ထပ်တိုက်နှင့်နေသူဖြစ်သည်။

ခြံဝင်းလေးအတွင်း ကားဝင်ခဲ့စဉ်မှာပင် ဟွန်းနှိပ်ပြီး အသံပေးလိုက်သည်။ ပေါ်တီကိုရှေ့ ကားရပ်လိုက်သည်နှင့် အိမ်ထဲမှ သားနှင့်သမီးတို့ ပြေးထွက်လာတာတွေ့ရသည်။ တစ်နေ့တာ စိတ်မောလူမောခဲ့ရသမျှ လန်းဆန်းသွားတော့သည်။

"ဖေဖေပြန်လာပြီ"

"ဖေကြီး မုန့်ပါရား"

"ရော့ . . ဒီမှာ"


www.burmeseclassic.com

www.burmeseclassic.com



မုန့်ထုပ်ကို သားလက်ထဲထည့်ပေးလိုက်ပြီး သမီးငယ်အား ပွေ့ချီနမ်းရှိုက်၍ မေတ္တာရေအေးသောက်သုံးလိုက်သည်။

"ကဲပါ. . အိမ်ထဲရောက်မှ အချစ်နလန်ထကြ"

ရွှင်ရွှင်မြူးမြူးအသံနှင့်ပြောရင်း ထွက်ကြိုသော ဇနီးသည်၏ တိုက်တွန်းမှုကြောင့် မိသားစုတွေ အိမ်ထဲဝင်ခဲ့ကြသည်။ ကလေးတွေ ကျောင်းကြို အိမ်မှုကိစ္စတွေလုပ်ရင်း ကပိုကရို ဖြစ်နေသော ဇနီးသည်နန်း၏ အလှက ရဲမိုးကို ဖမ်းစားသိမ်းပိုက်နိုင်နေဆဲပဲဖြစ်သည်။

မိသားစုဘဝဆိုတာ ဒါပဲဖြစ်သည်။ ခဏနား ရေချိုးပြီးသည်နှင့် စကားတတ်လွန်းလှသည့် မူကြိုကျောင်းသူကြီး၏ တစ်နေ့တာ ကျောင်းအတွေ့အကြုံများကို ဝရုတစိုက်နားထောင်ပေးရသည်။ သားကြီး၏ ကျောင်းစာအုပ်တွေ စစ်ဆေးပြီး လိုအပ်တာ မေးမြန်းပံ့ပိုးပေးရ၏။

ပြီးတော့ နန်းနှင့်အတူ ထမင်းပွဲပြင်ရင်း မိသားစု စုံစုံညီညီ ညစာစားကြသည်။ ကိုယ်စီကိုယ်စီ တစ်နေ့တာဖြတ်သန်းမှုထူးခြားဖြစ်စဉ်တွေ အပြန်အလှန်ပြောရင်း မိသားစုထမင်းဝိုင်းက ဆူညံစွာ ပြီးဆုံးသွားခဲ့သည်။

ညကိုးနာရီလောက်မှာ သားရောသမီးပါ အိပ်ယာဝင်သွားကြသည်။ ထိုအခါမှပဲ ရဲမိုး နန်း အနားကပ်ခွင့်ရတော့၏။ ဆေးကြောသိမ်းဆည်းပြီး ရေချိုးအဝတ်အစားလဲကာ သနပ်ခါးရေကျဲလူးထားသော နန်းအား ရဲမိုး သိမ်းကျုံးပွေ့ဖက်ကာ ရင်ခွင်ထဲထည့်ထားလိုက်၏။

www.burmeseclassic.com



သူတို့နှစ်ယောက်ကြားမှ ချစ်ခြင်းတရားတွေက လွန်ခဲ့သည့်(၁၃)နှစ် သမီးရည်းစားဘဝကလို နူဖတ်လတ်ဆတ်နေတုန်းခင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

နံနက်ခင်းဟာ မနေ့ကသိမ်းထားခဲ့သည့်အတိုင်း အပျက်အစီးအယိုအယွင်းမရှိပဲ ပကတိလတ်ဆတ်သစ်လွင်စွာဖြင့် ချဉ်းနင်းရောက်လာခဲ့ပြီ။ ရဲမိုး နံနက်ခင်းကို သောက်တော်ရေကပ် ပုဆိန်ပေါက် ဘုရားဝတ်ပြုခြင်းဖြင့် ကြိုဆိုရ၏။

အကြီးကောင် ကျောင်းဖယ်ရီအမီ ဝိုင်းဝန်းပြင်ဆင်ပေး ရင်း ဇနီးသည်ကို ကူရသည်။ အငယ်မလေးကိုတော့ နန်းကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် မူကြိုပို့မည်ဖြစ်သည်။ မနက်ရှစ်နာရီမှာ ဇနီးနှင့်သမီးကို အတိုက်ကရိုက်နှုတ်ဆက်ပြီး ရဲမိုး အိမ်မှထွက်ခဲ့ရ၏။ ဒါမှလည်း စခန်းကို ကိုးနာရီမခွဲခင် ရောက်နိုင်လိမ့်မည်ဖြစ်သည်။

ဆီ-ရေ-အင်ဂျင်ဝိုင် အားလုံးပြည့်စုံသော်လည်း ကားက သွက်သွက်လက်လက်မပြေး နှာစေးချောင်းဆိုးသလို ဖွတ်ချက် ဖွတ်ချက် ဖြစ်နေသည်။

"အလုပ်များပါတယ်ဆိုမှ ကားကလည်းတစ်မျှောင့်"

ရဲမိုး စိတ်တိုစွာရေရွတ်ရင်း ကားကို ထိန်းမောင်းလာခဲ့ရသည်။ စတီယာရင်ကို ဘယ်လို ငြိမ်အောင်ထိန်းထိန်း ကားက လူးနေသည်။ ဘယ်ညာတစ်ပေခန့်အထိပါပါသွားအောင် ဆွဲခါရမ်းနေသည်မို့ ရဲမိုး စိုးရိမ်စိတ်ဝင်လာရသည်။

ဝပ်ရှော့တွေ့လျှင် ဝင်ပြမှဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်စဉ်မှာပင် ကားက ဘယ်ဘက်သို့ လူးသွားပြန်သည်။ လမ်းလယ်မျဉ်းဖြူကို ကျော်ထွက်သွားသည်မို့ အသည်းအသန် ပြန်ချိုးကွေ့လိုက်သော်လည်း မရတော့။ ကားက မိုးရေတွေနှင့် စလစ်ဖြစ်တာ တစ်ဖက်ယာဉ်ကြောသို့ ရောက်သွားသည်။

ဘရိတ်နင်းဖို့ကြိုးစားခိုက်မှာပင် မျက်နှာချင်းဆိုင်မှ ဒိုင်နာ တစ်စီးအရှိန်နှင့်ပြေးဝင်လာတာ မြင်လိုက်ရ၏။

"ဟာ. . ဘုရား. . ဘုရား. ."

ရဲမိုး ဘုရားတစ်ချမဆုံးခင် 'ဝုန်း'ခနဲ 'ဂျိမ်း'ခနဲ အသံကြီးနှင့်အတူ သူ့ကားလေး လေထဲမြောက်တက်သွားတာ သိလိုက်ရသည်။ လမ်းပေါ်ပြန်အကျမှာ ဒိုင်နာက ဆပ်ဆင့်ဆောင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရဲမိုးကားက လမ်းပေါ် သုံးလေးပတ် လိမ့်ထွက်သွားပြန်သည်။

ပြင်းပြင်းပျပျ နာကျင်မှုများနှင့် သတိလွတ်မသွားအောင် ထိန်းချုပ်ခဲ့သော်လည်း မရတော့. .။

သို့နှင့် ရဲမိုး၏အမြင်အာရုံကို အမှောင်ထုက ဖုံးလွှမ်းသွားတော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်လူနာကုသဆောင်သို့ နန်း ရောက်ချိန်တွင် ဆယ်နာရီဖြစ်နေပြီ။ ရဲမိုးတပည့် သောင်းဝေလင်းကို တွေ့ရသဖြင့် အခြေအနေကို သိခွင့်ရခဲ့သည်။ ရဲမိုးက အရေးပေါ်ခွဲစိတ်ခန်းထဲ ရောက်နေသည်တဲ့. . ။

"သူ ဘယ်လိုဖြစ်သွားတာလဲဟင်"

"ကားက နောက်ဘီးပြုတ်ထွက်ပြီး တစ်ဖက်ယာဉ်ကြောကို လမ်းပြောင်းပြန်အနေအထားနဲ့ ရောက်သွားတာပါ၊ အဲဒီအရှိန်နဲ့ဝင်လာတဲ့ ဒိုင်နာတစ်စီးနဲ့ မျက်နှာချင်းဆိုင် တိုက်မိကြတာ"

"အခြေအနေကောင်းရဲ့လား ဆရာသောင်းရယ်"

ခေါင်းခါပြသဖြင့် နန်းမြတ်၏ စိုးရိမ်မှုက ဆိုဖွယ်ရာမရှိတော့။ ဆရာသောင်းလက်မောင်းကို ဆုပ်ကိုင်လှုပ်ရမ်းရင်း အ



www.burmeseclassic.com

www.burmeseclassic.com



တင်းအကြပ်မေးမြန်းတော့မှ . .

"ဆရာ့ကားက မြောက်တက်သွားပြီး ပြန်အကျမှာလည်း နှစ်ပတ်သုံးပတ်လည်သွားသေးတာတဲ့၊ ကားထဲကပါ လွင့်ထွက်သွားခဲ့တာ၊ စိတ်ခိုင်ခိုင်ထားပါ ဆရာကတော်ရယ် အခြေအနေကတော့ သိပ်အားမရဘူး၊ ဟို . . ဟို . . လက်တစ်ဖက်ဆုံးရှုံးနိုင်တဲ့ အနေအထားမျိုးပါ"

"ရှင် . . ."

အသက်မသေသော်လည်း အခက်ပွေမည့် အခြေအနေကို သိလိုက်ရသဖြင့် နန်း မျက်ရည်တာမကျိုးအောင် အငိုမိုးရွာမိသည်။ သောင်းဝေလင်း၏ နှစ်သိမ့်စကားတွေကိုတောင် မကြားမိတော့ . . .။

မထနိုင် မထိုင်နိုင် တငိုင်ငိုင်နှင့် စောင့်စားချိန် သုံးနာရီခန့်ကြာမှ ရဲမိုး ခွဲစိတ်ခန်းထဲမှ တွန်းလှည်းနှင့်ထွက်လာသည်။ ခန္ဓာကိုယ်အနှံ့ ဒဏ်ရာအသေးစားတွေ ဗလပွအပြင် ညာဘက်လက်မောင်းရင်းမှစ၍ မရှိတော့။ မေ့ဆေးရှိန်မပျယ်သေးသည့် ရဲမိုးကုတင်ဘေးမှာထိုင်ရင်း နန်း ငုတ်တုတ်မိုးချုပ်ခဲ့သည်။

ကလေးနှစ်ယောက်ကိုစု အဖေတို့ကိုလွှဲထားခဲ့၍ စိတ်ချရသော်လည်း နန်း ရင်ထဲမအေး။ ညခုနစ်နာရီလောက်မှ ရဲမိုး သတိရလာ၏။

သို့သော် . . . ထိတ်လန့်ပြီး ရှော့(ခ်)ရသည့်အတွက် ရုတ်တရက် စကားမပြောနိုင်၊ ဒီတော့လည်း မျက်လုံးချင်းစကားပြောကာ လင်သားကို အားပေးရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းမှာ ခင်ပွန်းသည်၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးအတွက် ရင်လေးရတာကတစ်မျိုး၊ အနာဂတ်အရေး ပူပင်ရတာတစ်မျိုးနှင့် ညှိုးခြုံလျက် အရှုးမီးဝိုင်းဖြစ်နေရှာသည်။

ဆေးရုံမှာ နှစ်ရက်မြောက်တော့ ရဲမိုး စကားပြန်ပြောနိုင်လာသည်။ ချစ်ဇနီး နန်းကိုကြည့်ရင်း . .

"နန်း သိပ်ဝမ်းနည်းနေသလားဟင်"

ထိုအမေးအတွက် နန်းမြတ် အဖြေမပေးနိုင်၊ မျက်ရည်တွေ ရစ်ဝဲလျက်ကပင် ခေါင်းညိတ်ပြရှာသည်။

ရဲမိုးက နန်းလက်ကို သူ၏ကျန်ရှိနေသေးသည့် လက်တစ်ဖက်နှင့်ဆုပ်ကိုင်ရင်း . .

"ဘာမှမပူပါနဲ့နန်းရယ်၊ လက်မရှိပေမဲ့ အသက်ရှိသေးတာပဲ၊ မောင်လုပ်နိုင်ကိုင်နိုင်ပါသေးတယ် အားမလျှော့နဲ့နော်"

ကုတင်ပေါ်မှ မထနိုင်သေးသည့် ရဲမိုး စိတ်မကောင်းမှာပင်၍ ခေါင်းညိတ်ပြလိုက်ရသော်လည်း အတွေးထဲမှာတော့ အနာဂတ်က ဝေဝေဝါးဝါး. . .။

သုံးရက်မြောက်နေ့မှာ နန်းမြတ်အား အရိုးအကြောအထူးကု ဆရာဝန်ကြီးက ရုံးခန်းသို့ခေါ်ယူတွေ့ဆုံသည်။ မယုံနိုင်စရာအဖြစ်တွေကိုပြောပြ၍ ကြားသိရ၏။

ထိုင်းနိုင်ငံမှ အရိုးအကြောအထူးကုအဖွဲ့၊ ခန္ဓာကိုယ်အစားထိုးလဲလှယ်ရေး ခွဲစိတ်ပါရဂူများအဖွဲ့က နှစ်နိုင်ငံဆေးပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ရောက်ရှိနေကြသည်တဲ့။ ထို့အတွက် ရဲမိုးလက်ကို အစားထိုးပေးသည့် ဆန္ဒရှိမရှိ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ယူမေးမြန်းခြင်းဖြစ်သည်။

"သက်ရှိထင်ရှားလူတစ်ယောက်က လက်ဖြတ်ပြီးလှူမယ်. . ဟုတ်လား ဆရာ"

"ဟုတ်ပါတယ် သူက အကြောင်းကြောင်းကြောင့် သေရတော့မယ့်သူမို့ တစ်ကိုယ်လုံးလိုရာသုံးဖို့ လှူခဲ့တဲ့လူပါ။ ဒီလိုအခွင့်အရေးမျိုးထပ်ရဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူးနော်"

မမျှော်လင့်ဘဲ မယုံနိုင်စရာအခွင့်အရေးကြီး ရလာတော့နန်းမြတ် ရင်တုန်အောင် ဝမ်းသာသွားရသလို မျှော်လင့်ချက်တွေလည်း ပြန်လည်ရှင်သန်လာရ၏။

ထိုကိစ္စကို ရဲမိုးနှင့်တိုင်ပင်ပြီး အရှုံးထဲမှအမြတ်ဟု သဘောထားကာ လက်ခံရန်ဆုံးဖြတ်ခဲ့ကြသည်။ ကာယကံရှင်ရဲမိုးနှင့် ဇနီးဖြစ်သူနန်းတို့ ခွဲစိတ်ကုသမှုကိုသဘောတူကြောင်း လက်မှတ်ထိုးပေးလိုက်ကြသည်။

လက်တစ်ဖက်ပြတ်ဘဝနှင့် မာန်ချက်ပျက် ရပ်တည်ရမည့် အခြေအနေမှ ရုန်းထွက်ခွင့်ရမည့်အရေးအတွက် ရဲမိုးတို့ဇနီးမောင်နှံနှစ်ယောက် ဝမ်းသာအားရဖြစ်နေကြ၏။

ဒီလိုနှင့် ခွဲစိတ်လဲလှယ်တပ်ဆင်ပေးမည့်နေ့သို့ ရောက်လာခဲ့သည်။

နန်းမြတ် ဆေးရုံအပြင်ထွက်၍ မနက်စာစားသွားဝယ်ပြီးအပြန်၌ လူနာတင်ကုတင်တွန်းလှည်းပေါ် ခေါက်ထိပ်ခတ်ခံထားရသော လူတစ်ယောက်အား ရဲလက်ထက်ကိုင် အစောင့်အရှောက်များခြံရံလျက် ခေါ်ဆောင်လာတာကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆေးကုသဖို့လိုသည့် အကျဉ်းသားတစ်ယောက်ဟုသာ နမ်းမြတ် ထင်မိသည်။ ထိုနေ့မှာပင် ရဲမိုး ခွဲစိတ်ခန်းဝင်ရသည်။

ခန့်မှန်းခွဲစိတ်ချိန် ဆယ်နာရီဝန်းကျင်ကြာမည်ဆို၍ အဆောင်ပင်ခက်ခဲသော ခွဲစိတ်မှုမှန်း မှန်းဆလို့ရသည်။ ခွဲခန်းထဲ ရဲမိုး ဝင်သွားချိန်မှစ၍ နန်းမြတ်လည်း ဘုရားရှိခိုးပေါင်းစုံ ရွတ်ဆိုကာ ဘုရားကုန်နှင့် ကူညီအားဖြည့်ပေးနေမိ၏။

ခွဲခန်းအတွင်းရောက်နေသော ရဲမိုးလည်း စိတ်လှုပ်ရှားစွာ ရင်ခုန်နှုန်းမြန်နေခဲ့သည်။ သူ့ကို လက်တစ်ဖက်ပေးလှူမည့် သူနှင့် ကုတင်ချင်းယှဉ်ထားသည်မို့ အလှူရှင်အား ကျေးဇူးတင်စွာနှင့် စောင်းငဲ့ကြည့်မိသည်။ သူ့ကို စူးစူးရဲရဲပြန်ကြည့်နေသော အလှူရှင်၏ မျက်လုံးများက အေးစက်မာကျောနေ၏။

ကြည်ကြည်ဖြူဖြူလှူသည်ဟု သိထားသော်လည်း ထိုလူ့ပုံစံက မိုက်တိမိုက်ကန်း ကြမ်းကြမ်းတမ်းတမ်းပုံစံမို့ ရဲမိုးစိတ်ထဲ စနောင့်စနင်းပင်ဖြစ်မိသည်။

သိပ်မကြာခင်မှာပင် ထိုလူအား မေ့ဆေးပေးကြ၏။ သူတို့နှစ်ယောက်ကြား လိုက်ကာစိမ်းကြီးတစ်ခု ခြားသွားသဖြင့် ဘာတွေဘယ်လိုလုပ်နေကြသလဲဆိုတာ မမြင်တွေ့ရတော့။

ရဲမိုးအာရုံထဲ လက်တစ်ဖက်အလှူရှင်ပုဂ္ဂိုလ်၏ အေးစက်မာကြောသော မျက်ဝန်းများက ဖျောက်ဖျက်မရအောင် စွဲထင်ကျန်ရစ်ခဲ့သည်။

နာရီဝက်မရှိတရှိ အချိန်ကုန်သွားပြီးနောက် ရဲမိုးကိုလည်း မေ့ဆေးပေးကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်လို၊ ထိုင်းလို . . အပြန်အလှန်ပြောနေကြသော ဆရာဝန်များ၏ စကားကိုနားစွင့်ရင်းနှင့်ပင် ရဲမိုး သတိလက်လွတ်မေ့မြောသွားရတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ရဲမိုး သတိရလာတော့. . နောက်တစ်နေ့မနက်သို့ ရောက်နေပြီဖြစ်ကြောင်း နန်းပြောပြ၍သိရ၏။ သူ ဦးစွာ[illegible] ကြည့်မိသည်က သူ့ညာလက်ပင်ဖြစ်သည်။ လက်မောင်းရင်းနားမှ တစစ်စစ်နာကျင်ကိုက်ခဲနေသည်မှလွဲ၍ ဘာထူးခြားမှုမှ မခံစားရ. .။ သူကြိုးစားပြီး လက်ကိုမြှောက်ကြည့်သည်။ မရ. .။

"မောင် ဒီအတိုင်း သုံးလေးရက်လောက်တော့ နေရဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့. .၊ ခွဲခန်းလည်း နောက်တစ်ကြိမ်ပြန်ဝင်ရဦးမှာ. .၊ အခု မောင့်လက်ကို လှုပ်လို့မရအောင် ထိန်းထားသေးတာလေ"

"ဩော်. ."

ဆုံးရှုံးသွားခဲ့ရသော လက်နေရာတွင် လက်တစ်ချောင်း ပြန်ရောက်နေတာတွေ့ရသည်။ သစ်သားလက်တု၊ သံလက်တု တွေထက်စာလျှင် ဒီလူ့လက်က ပိုပြီးကောင်း၏။

သို့သော် လှုပ်ရှား၍ရမရဆိုတာ မသေချာသေး။ သေ ချာသည်က မခံရပ်နိုင်အောင် ကိုက်ခဲနာကျင်နေခြင်းပင်ဖြစ်၏။

ခက်ခဲကြမ်းတမ်းသော ထိုကာလများကို ရဲမိုး ကြံ့ကြံ့ခံ ကျော်ဖြတ်ခဲ့ရ၏။ ခွဲစိတ်ခန်းနောက်တစ်ကြိမ် ထပ်ဝင်ပြီးနောက် လက်ချောင်းလေးများ လှုပ်ရှား၍ရလာသည်။ ဆေးပညာမှတ် တမ်းတင် သမိုင်းဝင်ကိစ္စဖြစ်၍ ရဲမိုးအတွက် အထောက်အပံ့ အကူအညီတွေက ပြည့်စုံလုံလောက်နေ၏။

လေ့ကျင့်စရာ ပစ္စည်းကိရိယာအစုံအလင်နှင့် စိတ်ကြိုက် လေ့ကျင့်ခွင့်ရခဲ့သည်။ အစပိုင်းမှာ အရိုး၊ အကြော၊ ကြွက်သား တွေဆက်ထားမှုက အသားမကျသေး၍လား မပြောတတ်။ ညာ လက်လှုပ်ရှားရတာ ပင်ပန်းဆင်းရဲလွန်းလှသည်။ ကိုယ်အင်္ဂါပြည့် စုံသန်စွမ်းမှ မိသားစုတာဝန် ဆက်ယူနိုင်မှာမို့ ရဲမိုး မဆုတ်မနစ် ကြိုးစားသည်။

အလေးမခြင်း၊ စပရိန်ဘားဆွဲခြင်း၊ လက်ချောင်းလေး များသန်မာအောင် လက်ညှစ်ကိရိယာအသုံးပြုခြင်း၊ ပစ္စည်းစစ္စ များ ကိုင်တွယ်ရွှေ့ပြောင်းခြင်း၊ စာရေးခြင်းစတာတွေကို အပြင်း



www.burmeseclassic.com

www.burmeseclassic.com



အထန်လေ့ကျင့်သည်။ ပါရမီဖြည့်ဖက် 'နန်း'ကလည်း အချိန်အားသည်နှင့် ရဲမိုး အပါးရောက်ရှိလာကာ ကူညီအားဖြည့်ပေးရှာသည်။

ခေတ်မီဆေးပညာ၏ ဖြည့်ဆည်းပေးမှုနှင့် ရဲမိုး၏ မိသားစုအပေါ် တာဝန်ယူလိုမှုတို့ ပေါင်းစပ်သွားရာ ကောင်းမြတ်သောရလဒ်ကို ပိုင်ဆိုင်နိုင်ခဲ့၏။ ကိုယ်လက်အင်္ဂါစုံလင်ပြီး ကျန်းမာသန်စွမ်းသောဘဝကို ရဲမိုး ပြန်လည်ရရှိလာသည်။ ဆေးရုံတွင် လေးလကြာပြီးနောက် ရဲမိုး အိမ်ပြန်ခွင့်ရရှိခဲ့သည်။

ဆင်းခွင့်ရသည့်နေ့က 'နန်း'အပြင် ကလေးနှစ်ယောက်လုံးပါ လာကြိုကြသည်။ အဓိကခွဲစိတ်ပေးခဲ့သူ ထိုင်းဆရာဝန်တွေ မရှိတော့သော်လည်း တာဝန်ခံဒေါက်တာအောင်ငြိမ်းသက်က လာရောက်နှုတ်ဆက်သည်။

"ဘယ်လိုလဲ ဆေးရုံရောက်လာတော့ လက်တစ်ဖက်တည်းနဲ့ အခုပြန်သွားတော့ လက်နှစ်ဖက်နဲ့ပါလားဗျ"

"အဟင်းဟင်း ဒေါက်တာရယ် ကျွန်တော့်ရဲ့ ဝမ်းသာမှုနဲ့ ဆရာတို့ရဲ့ကျေးဇူးတရားကို ဖော်ကျူးဖို့စကားလုံး ကျွန်တော့်မှာ မရှိပါဘူး၊ အရိုးရှင်းဆုံးစကားနဲ့ ကျေးဇူးတင်ပါတယ်လို့ပဲ ပြောပါရစေ"

သို့နှင့် ရဲမိုး ဒေါက်တာ့ကိုနှုတ်ဆက်ပြီး မိသားစုနှင့်အတူ ဆေးရုံမှ ထွက်လာခဲ့သည်။ ရဲမိုး၏ ရိပ်မြုံလေးသာ စိမ်းကားစွာ ဆီးကြိုနေသည်။ လေးလနီးပါးဝေးကွာခဲ့သော သူ့အိမ်က ဘာမှမပြောင်းလဲ၊ ပြောင်းလဲသွားသည်က သူ့လက်တစ်ဖက်သာဖြစ်

www.burmeseclassic.com



သည်။

ကိုယ့်အိမ်ကိုယ့်ယာ ဧည့်ခန်းတွင်းထိုင်ကာ အနားယူ ခိုက် သားနှင့်သမီး၏ မျက်ဝန်းတွေက သူ့ညာလက်ပေါ် ရောက် နေကြောင်း ရဲမိုးသိလိုက်ရ၏။ သူတို့လေးတွေ သိသင့်သိထိုက် တာကို ပြောပြထားရမည်ဟု ရဲမိုး ဆုံးဖြတ်လိုက်ပြီး. .

"ဖေဖေ ဆေးရုံမှာ ဘာဖြစ်လို့ အကြာကြီးနေခဲ့ရသလဲ ဆိုတာ မေမေရှင်းပြပြီးပြီထင်တယ်"

"ဟုတ်"

သမီးငယ်က သူ့ လက်မောင်းကို စူးစူးရဲရဲကြည့်နေတာ သတိပြုမိ၏။ သူ သိချင်တာကိုမေးမည်ဟု ဆုံးဖြတ်ချက်ချလိုက် ဟန်နှင့်. . .

"ဖေဖေ. . ဖေဖေ့လက်အသစ်ကို ကြည့်လို့မရဘူးလား"

"ဟဲ့. . သမီးလေး ဖေဖေအိမ်ပြန်ရောက်နေပြီပဲဟာ. . နောက်မှ. . နောက်မှ"

နန်းမြတ် ကမန်းကတန်း ဝင်ဟန့်၏။

ရဲမိုး လက်ကာပြလိုက်ရင်း. .

"မေးပါစေ နန်းရယ်၊ သမီး တကယ်ကြည့်ချင်လို့လား"

"အင်း. . ကြည့်ချင်တယ်"

ရဲမိုး ခေါင်းညိတ်ပြပြီး ဝတ်ထားသည့်အင်္ကျီ၏ညာလက် ကို ကြွယ်သီးဖြုတ်လိုက်၏။ အားလုံး၏မျက်ဝန်းတွေက သူ့ညာ လက်ပေါ် စုပြုံကျရောက်နေသည်။

"ကဲ. . ကြည့်ပြီးရင် နောက်ဝေဒါတော့မရဘူးနော်. .၊



www.burmeseclassic.com

www.burmeseclassic.com


ဖေဖေ့လက်က တော်တော်ရုပ်ဆိုးတယ်၊ ဒါပေမယ့် . . ဒါ ဖေဖေ့လက်ပဲ"

ရဲမိုး အကျီလက်ကို တဖြည်းဖြည်းမ,တင်၍ လက်ကိုပြလိုက်သည်။ ချုပ်ရိုး၊ ဒဏ်ရာ၊ အမာရွတ်တွေနှင့်လက်ကို စူးစမ်းလေ့လာကြသည်။ သားက ထူးခြားမှုမရှိသလို တည်တည်ငြိမ်ငြိမ် ကြည့်နေသော်လည်း သမီးက ထိတ်လန့်သွားပုံရ၏။

"အို . . ကြောက်စရာကြီး ဖေဖေရယ်"

သူ့မျက်နှာကို အမေ့ရင်ခွင်ထဲထည့်ဖွက်ကာ ပုန်းနေရှာသည်။

"အို . . သမီးကလည်း အဲဒါဖေဖေ့လက်လေ၊ ကြောက်စရာမှမဟုတ်တာ ခွဲစိတ်ထားလို့ ချုပ်ရိုးတွေဖြစ်နေတာပါ သမီးရဲ့"

သမီးစိတ်ထဲ လန့်သွားပုံရ၍ စကားလွှဲလိုက်ရသည်။

"ဖေဖေ . . ဖေဖေနဲ့ မကစားရတာကြာလှပြီ၊ ခြံထဲမှာ ဘောလုံးပစ်ရအောင်လား"

"သားကစားချင်လို့လား သိပ်ရတာပေါ့"

သားကို လက်ဆွဲပြီး ခြံထဲဆင်းလာခဲ့ကြ၏။ နန်းက ဘောလုံးယူပြီး သမီးနှင့်အတူ လိုက်လာသည်။ သားအဖနှစ်ယောက် ဘောလုံးပစ်လိုက် ဖမ်းလိုက်နှင့် ဆော့ကစားကြ၏။ နန်းနှင့်သမီးက ပွဲကြည့်ပရိသတ် . . . ။

"ဖေဖေ့လက်က အရင်အတိုင်းပဲနော် ကောင်းကောင်းပစ်နိုင်သားပဲ"

ကမန်းကတန်းလှမ်းပြောသည့် သမီးငယ်စကားကြောင့်


www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး သဘောကျစွာ ရယ်မိသေးသည်။ သမီးထံ အာရုံရောက်သွားသဖြင့် ဘောလုံးကို ဖမ်းမမိလိုက်။ လွင့်ထွက်သွားသော ဘောလုံးကို ရဲမိုး လိုက်ကောက်ရသည်။ ထို့နောက် သားဆီကို ပြန်ပစ်ပေးလိုက်ရာ အချိန်အဆမဲ့စွာ လွှင့်ပစ်လိုက်သလိုဖြစ်သွားသဖြင့် ဘောလုံးက အိမ်ပြင်ထွက်သွားသည်။ ထိုစဉ် အစားထိုးညာလက်က စစ်ခနဲကိုက်ပြီး ဆတ်ခနဲတုန်သွား၏။

ထို့နောက် မဆော့တော့ပဲ သမီးကိုပွေ့ချီပြီး အိမ်ပေါ်ပြန်တက်လာခဲ့ကြသည်။ မိသားစုဘဝနှင့် ဝေးလတာ ဝေးကွာခဲ့ရသည့် ကာလတွေကို အတိုးချပြီး ကလေးတွေနှင့်သာ အချိန်ဖြုန်းနေလိုက်၏။ ထိုညက ဆယ်နာရီကျော်မှ အိပ်ယာဝင်ဖြစ်သည်။

နန်း၏အယုအယများနှင့် ကင်းကွာခဲ့သည်မှာလည်း လေးလကြာခဲ့ပြီမဟုတ်လား။

"ဒီလက်က မောင့်လက်လို နူးညံ့မှုမရှိဘူးနော်. . တော်တော်ကြမ်းတယ်"

"ဟုတ်လိမ့်မယ်နန်း၊ သူက အလုပ်ကြမ်းသမားများလားမသိဘူး၊ လက်အတိုအရှည်သိပ်မကွာပေမယ့် လက်ဝါးချင်း ယှဉ်တော့ ညာလက်က နဲနဲကြီးနေတယ်"

"အင်း. . နန်းလည်းသတိထားမိပါတယ်၊ ဒါပေမဲ့ ကျခြားလက်တုထက်စာရင်တော့ ဒီလက်ကပိုကောင်းပါတယ်၊ မေ့ထားလိုက်မောင်၊ မောင် လက်တိုတွေမဝတ်နဲ့တော့ အင်္ကျီလက်ရှည်တွေပဲ ထပ်ဝယ်ပေးမယ်"

"ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး ညာဘက်လက်နှင့်ပင် နန်းအားသိုင်းဖက်ပြီး အိပ်ဖို့ ကြိုးစားသည်။ ထိုစဉ် တခုထူးခြားနေသည်က ရဲမိုးအိပ်ပျော်သွား သော်လည်း သူ့ညာလက်က အငြိမ်မနေ နန်းတစ်ကိုယ်လုံးအား အစုံအဆန် ပွတ်သပ်နေလေသည်။

"ဟင်း. . . မောင်ကလဲ. . ."

အသံကြားတော့မှ ရဲမိုး ဇတ်ခနဲ လန့်နိုးသွားကာ သူ့ညာ လက်၏လုပ်ရပ်ကို မြင်တွေ့သွား၏။ ထို့အတွက် ဘယ်လက်နှင့် ညာလက်ကို ထိန်းလိုက်ရသည်။ ထိုအခါမှ ညာလက် ငြိမ်သွား တော့သည်။

ရဲမိုးစိတ်ထဲ မသိုးမသန့် ဖြစ်မိသော်လည်း နန်းအလန့် တကြားဖြစ်သွားမှာစိုး၍ ပြောမပြဖြစ်တော့။

နှစ်လဆက်သောက်ရမည့် သောက်ဆေးများ ထုတ်ယူ သောက်ပြီး အိပ်ပျော်အောင်အိပ်ဖို့သာ ကြိုးစားရတော့သည်။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း. . ."

ထိုအသံကြောင့် ရဲမိုး လန့်နိုးရပြန်သည်။ ဘေးမှ နန်းကိုကြည့်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ။ ထိုစဉ်. . နာရီအချက်ပေးသံက ဆယ့်နှစ်ချက်မြည်ပြီးမှ ရပ်သွားလေသည်။ လေတစ်ချက် မျက်နှာကို လာဟတ်သဖြင့် အကြည့်က ပြူတင်းပေါက်ဆီရောက်သွား၏။

ပြူတင်းပေါက်ကြီးပွင့်နေ၏။ အိပ်ချင်မူးတူးနှင့် ပြူတင်းပေါက်ဆီ လျှောက်လာရသည်။ ကောင်းကင်မော့ကြည့်တော့ လကဝိုင်းစက်နေ၏။ ပြီးနောက် လရောင်ဖြင့် ခြံထဲငေးငိုက်ကြည့်လိုက်စဉ်. . လူတစ်ယောက် ခြံထဲရပ်နေတာ တွေ့လိုက်ရသည်။

"ဟင်. ."

ရဲပီဗီ ရဲမိုး ခြံထဲပြေးဆင်းတော့သည်။ အိမ်မကြီးတံခါး



www.burmeseclassic.com

www.burmeseclassic.com


နှင့်ပြီး ခြံထဲခြေထောက်ချလိုက်သည်နှင့် စောစောလူကို ခြံထဲမတွေ့ရတော့. . ။

ခြံအပြင် လမ်းမပေါ်မှ မီးရောင်တခု လှမ်းတွေ့၍ ရဲမိုးကြည့်မိသည်။ ဆေးလိပ်ဖွာရှိုက်နေသော ထိုလူက ခြံရှေ့လမ်းမပေါ် ရောက်နေချေပီ. . ။ ရဲမိုး အချိန်မဆွဲဘဲ ပြေးလိုက်ရတော့သည်။ ထိုလူကလည်း ရှေ့မှထွက်ပြေးသည်။

သူ့ပုံစံက ထွားထွားကြိုင်းကြိုင်းနှင့် ဗလကောင်းမည့်ပုံပေါက်၏။ ရဲမိုးကမမှုသော်လည်း နောက်မှမီအောင်ပြေးလိုက်ရာ. . မမီ။ မီဖို့နီးကပ်လာတိုင်း ပြန်ပြန်ဝေးသွားလေ၏။

"ဟေ့ကောင်. . ရပ်. . ရပ်. . မပြေးနဲ့ သူခိုးဗျို့. . သူခိုး"

သူအော်ဟစ်နေသော်လည်း ရပ်ကွက်ကြီးတစ်ခုလုံး ဘာမှမကြားကြသည့်အလား တုတ်တုတ်မလှုပ်။ ထိုလူမှာ အိမ်မည်းကြီးတစ်လုံးထဲ အုတ်တံတိုင်းကို ခုန်ကျော်ကာ ဝင်သွားလေသည်။ ရဲမိုးလည်း ဘာမှသိပ်စဉ်းစားမနေတော့ပဲ ထိုခြံထဲသို့ အုတ်တံတိုင်းကျော်ကာ ခုန်ဝင်လိုက်သည်။

အိမ်ကြီး၏ စင်ဝင်အောက်တွင် သူ့ကို ကျောပေးရပ်နေသောလူတစ်ယောက်ကို တွေ့လိုက်ရ၏။ သူ့ဘေးကြမ်းပြင်တွင် သွေးကဲ့သို့ အနီရင့်ရောင်ဖြင့် ရေခြစ်ထားသော စာလုံးတစ်ခု. . ။ နည်းနည်းဝေးနေသေးသောကြောင့် ဘာရေးထားတာကိုသဲသဲကွဲကွဲမမြင်ရသေး. . ။

"ဟေ့ကောင်. . မင်း. . ငါ့ခြံထဲ ဘာဝင်လုပ်တာလဲ"

ရဲမိုးက ဒေါသတကြီး ရှေ့တိုးလာကာ ပြောလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုလူက ဘာမှပြန်မပြောသည့်အပြင် လှည့်၍ပင်မကြည့်။ တဖြည်းဖြည်းအနားရောက်သွားတော့ ကြမ်းပြင်ပေါ်က သွေးဟု ထင်ရသော အနီရင့်ရင့်စာလုံးတွေကို ငုံ့ဖတ်လိုက်သည်။

"ဆိုးပေ. ."

ရဲမိုး သွေးနားထင်ဆောင့်တတ်သွား၏။ ထိုနာမည် သူ ကြားဖူးသည်။ သေဒဏ်ပေးခံရသော လူသတ်သမားရဲ့နာမည် မှန်း ချက်ချင်းမှတ်မိသွားသည်။

ရဲမိုး အတွေးမဆုံးခင်မှာပင် ထိုလူက သူ့ဘက်သို့ ဖြည်း ဖြည်းချင်းလှည့်လာနေချေပြီ။ သူ့မျက်နှာက အတော်ပင်စိတ်ဆိုး နေသည့်အလား ခက်ထန်နေကာ. . မျက်လုံးများကလည်း နီရဲ နေ၏။

"ဟင်. . . မင်း. . မင်း. . ."

ဒီတစ်ကြိမ်မှာတော့ ရဲမိုးမှတ်မိသွားခဲ့ချေပြီ။ သူ့လက် အစားထိုးဖို့ ခွဲစိတ်မှုမပြုခင်က သူ့အား စူးရဲစွာစိုက်ကြည့်ခဲ့သော မျက်လုံးမှန်း ရဲမိုးသိလိုက်ပြီ။ သို့သော်. . နောက်ကျလို့ သွားခဲ့ချေ ပြီ. . ။

ထိုလူက သူ့ဆီအတင်းပြေးဝင်ကာ ခုန်အုပ်လိုက်ချိန်မှာ တော့. . . ။

"အား. . ."

"မောင်. . မောင်. ."

တစ်ကိုယ်လုံး ကိုင်လှုပ်ခံလိုက်ရမှ ရဲမိုး စိတ်နှင့်လူ ပြန် ကပ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်. . အိပ်ယာပေါ်မှာ လူးလိမ့်နေလို့ နန်း လန့်နိုးလာတာ၊ မောင် ဂယောင်ခြောက်ခြားတွေလည်း အော်နေတယ်၊ အိပ်မက်ဆိုးတွေ မက်နေတာနဲ့တူတယ်"

နန်းဆီမှ အိပ်မက်ဆိုးဆိုသော အသံကြားမှ ရဲမိုး သက်ပြင်းမောကို ချလိုက်နိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၄)

ရဲမိုး သမီးအား မူကြိုကျောင်းပို့၍ နန်းကို ဈေးရှေ့တွင် ချပေးခဲ့ပြီး စခန်းသို့ ဆက်မောင်းလာခဲ့၏။ အလုပ်ပြန်ဝင်ဖို့ကိစ္စ ခွင့်ကိစ္စတွေ ညှိနှိုင်းရမည်။ ဒီလိုနှင့် အတန်ကြာအဆက်ပြတ်ခဲ့သော တာဝန်ကျရာစခန်းသို့ ရဲမိုး ရောက်လာခဲ့သည်။ ရဲမိုး မရှိသော်လည်း စခန်းကတော့ စည်ကားမြဲဖြစ်သည်။

ထောက်ခံစာမျိုးစုံလာယူကြသည့် ပြည်သူများ၊ အမှု


www.burmeseclassic.com

www.burmeseclassic.com



အခင်းဖြစ်၍ အချုပ်အနှောင်ခံသူများ၊ အမှုဖွင့်ကြသူများနှင့် စည်ကားအပ်ဘဲ စည်ကားနေလေ၏။

ရဲမိုးရောက်လာတော့ လုပ်ဖော်ကိုင်ဖက်တွေ ဝမ်းသာအားရဆီးကြိုကြသည်။ ကင်းကွာခဲ့သည့် လေးလတာကာလအတွင်း အဖြစ်အပျက်များကို အလုအယက်ဖောက်သည်ချကြ၏။ ရဲမိုးက စခန်းတွင်းချိတ်ဆွဲထားသော မှုခင်းအခြေပြဇယားကို မျက်စိကစားလိုက်သည်။

ဇယားထိပ်ဆုံးမှာ လူသတ်မှုက အမှုပေါင်းနှစ်ဆယ်နှင့် ခင်းမှုနေရာယူထား၏။ ဒါ တစ်လတာ အခြေပြဇယားသာဖြစ်၍ အလွန်များပြားနေကြောင်း ရဲမိုးသိသည်။

“စိတ္တဇလူသတ်သမားဇာတ်ကား ကြည့်နေရသလိုပါပဲ ထားကွာ၊ ဘာဖြစ်လို့ (၃၀၂)တွေ ဒီလောက်များနေရတာလဲ”

“အင်း . . ဆရာဆေးရုံရောက်နေတဲ့အချိန်အတွင်း အဲဒီ တော့(စ်)တက်လာတာ . . ပျှမ်းမျှ တစ်ရက်ခွဲတစ်ယောက်နှုန်း အသတ်ခံနေရတဲ့အနေအထားပဲ”

“တစ်မှုမှမပေါ်ဘူးလား”

“လူမြင်ကွင်းမှာ ရန်ဖြစ်ပြီး သတ်တာနဲ့ လုယက်ပြီး လက်လွန်သွားတဲ့အမှုဆယ်မှုပဲ တရားခံမိတယ်၊ ကျန်တဲ့ဆယ်မှုက ဘာသက်သေမှ မကျန်ခဲ့ဘူး . . လုံးဝလက်စပျောက်နေတဲ့”

“ဟာ . . ဒါဆို ကွိုင်တွေပူနေပြီပေါ့”

“ပူသလားတော့မမေးနဲ့၊ ခရိုင်မှူးကတို့ ဘာသက်သေမှ မကျန်တဲ့အမှုဆိုတော့ သရဲကသတ်သွားတာလားလို့တောင်

www.burmeseclassic.com



ငေ့ါပြီးမေးလိုက်တာ. . "

"အဲဒီအမှုတွေနဲ့ ဓာတ်ပုံတွေ ငါကြည့်ချင်တယ် သောင်းဝေလင်း"

"ဟာ. . ဆရာကလည်း ခွင့်နှစ်လထပ်ရထားတာ အေးဆေးနားနေပါလား၊ အလကားခေါင်းရှုပ်ခံလို့. . "

"မင်းတို့အတွက် အထောက်အကူဖြစ်တာပေါ့. . ၊ အဲဒီကေ့(စ်)တွေ ငါစိတ်ဝင်စားတာ မင်းသိပါတယ်"

"ဒါဆိုလဲ ကော်ပီဆွဲပြီး လာပို့ပေးပါ့မယ်"

လုပ်ဖော်ကိုင်ဖက်များနှင့်စကားပြော၊ စခန်းမှူးထံသတင်းပို့ ဝင်ရောက်နှုတ်ဆက်ပြီး ရဲမိုး စခန်းမှပြန်ခဲ့၏။ ဒီနေ့အဖို့ကားမောင်းရတာနှင့် အခြားလုပ်ဆောင်မှုများကို ညာလက်ကကောင်းမွန်စွာ ပြုလုပ်နိုင်ခဲ့၍ ရဲမိုး ကျေနပ်အားရနေသည်။

ဘောလီထိပ် မီးပွိုင့်အရောက်တွင် ရုတ်တရက်မီးနီသွား၏။ ရဲမိုးကားက ရှေ့ဆုံးမှာဖြစ်သည်။ အချိန်မီ ဘရိတ်မအုပ်လိုက်ရင်း စိတ်ရှည်လက်ရှည်နှင့် စောင့်ရသည်။

ယာဉ်ကြောကြပ်တည်းမှု အဆိုးဆုံးနေရာတွင် ဤဘောလီတံတားလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အသွားအပြန်တံတားနှစ်စင်းရှိလာသော်လည်း သွားလာမှုက အဆင်မပြေသေး။ လမ်းက အပေါင်းလက္ခဏာလေးခွဆုံဖြစ်နေ၍ ယာဉ်ကြောကပိုကြပ်နေသည်။

မီးစိမ်း၍မောင်းထွက်ခဲ့သည်။ ရုတ်တရက်ကားက ဘယ်ဘက်သို့ ဦးတည်ကာ ခေါင်းထွက်သွားသည်။ တစ်ဖက်ယာဉ်



www.burmeseclassic.com

www.burmeseclassic.com



ကြောမှုကားတွေ ဟွန်းတပွမ်ပွမ်တီးကာ သတိပေးကြ၏။ ရဲမိုး သည်း အချိန်မီ ဘရိတ်နင်းနိုင်ခဲ့၍ တော်သေးသည်ဟု ဆိုရမည်။

သို့သော် ရဲမိုး အတော်ထိတ်လန့်သွား၏။ ယခုအဖြစ်က သူ့စိတ်စေစားမှုမပါဘဲ ညာလက်က ဆွဲကွေ့လိုက်သဖြင့် ရုတ်တရက်ဖြစ်သွားခြင်းမို့ စိုးရိမ်သွားပြီး မီးအချက်ပြကာ လမ်းကြောင်းပြောင်းရင်း လမ်းဘေးချရပ်ထားလိုက်ရသည်။

ဒါ ဘယ်လိုဖြစ်ရတာလဲ။ ရဲမိုး သူ့ညာလက်ကို မယုံနိုင်စွာ ငုံ့ကြည့်မိသည်။ ခုတော့လည်း ဒီလက်က သူ့စိတ်က မစေစားဘဲ ဘာမှမလှုပ်ရှား၊ အားလုံးပုံမှန်ပဲမို့ နားမလည်နိုင်အောင် ဖြစ်ရသည်။ သေချာအောင် လက်ချောင်းလေးများ တစ်ချောင်းချင်း လှုပ်ရှားကြည့်သည်။ လက်ညှိုး၊ လက်သူကြွယ်၊ လက်သန်း. . . စသည်ဖြင့် သူလှုပ်ချင်သောလက်ကိုသာ ထိန်းချုပ်လှုပ်ရှားကြည့်ခြင်းဖြစ်၏။

သူ့ စိတ်လိုအင်ဆန္ဒအတိုင်း လက်ချောင်းများ လှုပ်ရှားနိုင်သဖြင့် အနည်းငယ်စိတ်အေးရသည်။ သို့သော် ဒီလက်မှာ ပြဿနာရှိနေတာတော့ သတိထားမိခဲ့ပြီ။ သား၏ ဘောလုံးကို အချိန်အဆမဲ့စွာ လွှင့်ပစ်လိုက်ခြင်း၊ နန်း၏ ခန္ဓာကိုယ်ကို အထိန်းအချုပ်မဲ့စွာ ပွတ်သပ်ကိုင်တွယ်ခဲ့ခြင်းနှင့် ယခုအန္တရာယ်ရှိသည့် အခြေအနေရောက်အောင် စတီယာရင်ကို ဆွဲလှည့်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

အမြဲတမ်း သတိထားနေရတော့မှာလား။ ဒါမှမဟုတ် ဆရာဝန် ပြန်ပြရမလားဆိုတာ ရဲမိုး ဝေခွဲမရဖြစ်နေ၏။ အိမ်ကို

www.burmeseclassic.com



ပြန်နားနေတာ အကောင်းဆုံးဖြစ်မည်ဟုတွေးပြီး ဆက်မောင်းလာခဲ့သည်။ ဘယ်လက်ကိုပို၍အားစိုက်ပြီး မှန်မှန်သာ မောင်းလာခဲ့၏။ ဘရိတ်ပေါ်မှ ခြေထောက်ကို လုံးဝမချရဲ။

စိတ်တထင့်ထင့်နှင့် ပင်ပန်းကြီးစွာမောင်းလာခဲ့ရသဖြင့် အချိန်တော်တော်ကြာမှ အိမ်ပြန်ရောက်သည်။ ရဲမိုး အတော်ပင် စိတ်မောလူမော ဖြစ်နေရလေသည်။

"ကြာလိုက်တာ မောင်ရယ် စိတ်ပူနေတာ၊ ဖုန်းဆက်မလို့ပဲ ကားမောင်းနေရင်းဆို အန္တရာယ်ဖြစ်မှာစိုးလို့ မဆက်တာ"

"ဟုတ်တယ်နန်း မဆက်တာကောင်းတယ်၊ ကားမောင်းရတာအဆင်ပြေပေမယ့် လမ်းပေါ်မှာက အန္တရာယ်များတယ် မဟုတ်လား"

"နန်း သိပါတယ် မောင်ရယ်၊ ဘာထူးခြားလဲ ဘယ်တော့ အလုပ်ပြန်ဆင်းရမှာလဲ"

"ဆရာဝန်ရဲ့ထောက်ခံချက်နဲ့ဆေးစာအရ နှစ်လခွင့်ထပ် ရတယ်လေ"

"ဟုတ်လား အတော်ပဲ၊ နန်း အနားမှာပဲနေ အိမ်အလုပ် တွေဝိုင်းလုပ်ပေးပေါ့"

"ဟုတ်ကဲ့ပါခင်ဗျ"

ကြည်ကြည်နူးနူး ရယ်လိုက်ကြပြီး လက်စတွေမပြတ် သေးသည့် နန်းအလုပ်တွေရှိရာ မီးဖိုဆောင်ထဲ ဝင်ခဲ့ကြသည်။

"ငါးသလောင်းပေါင်းချက်ကျွေးမလို့ တစ်ကောင်ဝယ် လာတာ၊ အဲဒါ ဓားကမထက်တော့တာနဲ့ ပိုင်းလို့တောင်မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လုပ်ပေးမှာပေါ့ ဘယ်နှပိုင်း,ပိုင်းမလဲ"

"သုံးပိုင်းပိုင်းပေးမောင်၊ ဒါ မနက်ဖြန်အတွက်"

"အိုကေ"

ရဲမိုး ဓားကောက်ကိုင်ပြီး ခုတ်ပိုင်းဖို့ စီစဉ်လိုက်သည်။ ညာသန်မို့ အသစ်ရထားသည့် ညာလက်နှင့်ပင် ခုတ်ရ၏။ လက်ကိုမြှောက်၍ အရှိန်ယူပြီး ခုတ်ချလိုက်သည်။

"ဒုန်း . ."

တစ်ချက်တည်းနှင့်ပင် ပြတ်ထွက်သွား၏။ နန်း သဘောကျသွားသော်လည်း ရဲမိုး စိုးထိတ်သွားသည်။ သူကိုယ်တိုင်ခုတ်သည်မို့ ဒီလောက်အားမထည့်မိတာ သူ့ဘာသာသိနေ၍ဖြစ်သည်။ နန်းမရိပ်မိအောင် စိတ်ထိန်းရင်း နောက်တစ်ပိုင်းထပ်ပိုင်းဖို့ ဓားကိုမြှောက်လိုက်၏။

သတိထား ထိန်းချုပ်သည့်ကြားက လက်ကို စေစား၍မရ။ အားပါလှသည့်ခုတ်ချက်ကြောင့် နောက်ထပ်နှစ်ပိုင်း ပြတ်သွားသည့်အပြင် စဥ့်နှီတုံးမှာပါ ဓားသွားစိုက်ဝင်သွားသည်။ နန်းက လက်ခုပ်တီးကာ အားပေးရင်း. . .

"သိပ်တော်တဲ့မောင်ပဲ ဒါမှ နန်းယောက်ျား"

"အဟင်း. . ဟင်းဟင်း. . ဒါတောင် သိပ်အားစိုက်လိုက်တာ မဟုတ်ဘူးနော်"

စိုးရိမ်ပူပန်မှုတွေကို ဖုံးကွယ်ရင်း. . ရယ်ရယ်မောမောပြောလိုက်ရသော်လည်း ရဲမိုးရင်ထဲ သိပ်မကောင်းလှ။ ဒီလက်ကိုသူ ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်၍မရမှန်းသိခဲ့၍ ထိတ်လန့်မှုက ရဲမိုး



www.burmeseclassic.com

www.burmeseclassic.com



အား ခြောက်လှန့်နေပြီဖြစ်သည်။

နန်းကျေနပ်အောင် ကူညီလုပ်ကိုင်ပေးပြီးနောက် ရဲမိုး ရေချိုးခန်းဝင်ခဲ့၏။ ရေချိုးခန်းထဲရှိ မှန်ရှေ့ရပ်ရင်း ချပ်ရိုးဗလပွနှင့် သူ့ညာလက်ကို အသေအချာပြန်ကြည့်မိသည်။ ထိုအခါမှ လက်ဖျံ လက်ကောက်ဝတ်နားလောက်တွင် ထိုးထားသော တက်တူးကို သေချာဂရုပြုမိသွားသည်။

တက်တူးရှိတာသိသော်လည်း ခုမှဂရုတစိုက်ကြည့်မိခြင်းဖြစ်သည်။ မသေမသပ်နှင့် ဘီလူးခေါင်းပုံထိုးထားပြီး အရုပ်အောက်တွင် မထင်မရှားစာတွေလည်း ရေးထားသေးသည်။ ဆက်စပ်တွေး၍ ဖတ်ကြည့်ရာ အာဠာဝကဆိုသည့် စာကြောင်းမှန်း တွေ့လိုက်ရသည်။

မူလလက်ပိုင်ရှင်က အာဠာဝက မျှော်သွင်းထားတာများလားဟု တွေးမိပြီး ကြက်သီးဖြန်းဖြန်းထသွားသည်။ ဒီလက်ကို ပိုပြီးဂရုစိုက်ရတော့မည်မှန်းလည်း ရဲမိုး သဘောပေါက်သွား၏။

ရေချိုးပြီးနောက် ထိုကိစ္စကိုမေ့ထားချင်၍ ဂျာနယ်တွေ စာစောင်တွေဖတ်နေလိုက်သည်။ သို့သော် ဘယ်သတင်းကမှ သူ၏စိုးရိမ်စိတ်ကို ပယ်ဖျက်မပေးနိုင်ခဲ့။ ဂျာနယ်ကိုင်ထားသည့် လက်ကလည်း ခုတော့ တည်တည်ငြိမ်ငြိမ်ဖြင့်. . .။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



**သုံး**ရက်လ ခုံးမျက်စပဟု တင်စားကြသည့် သေးသေး မျှင်မျှင် လခြမ်းကွေးလေးက တိမ်မည်းညိုတို့နောက်တွင် ပုန်းခို ကာ တစ်ခါတစ်ရံမှသာ ထွက်ပေါ်လာတော့၏။ အပြိုင်အဆိုင် ထွန်းလင်းနေသော ကြယ်များ၏တောက်ပမှုကို မယှဉ်နိုင်၍ ပုန်း နေခြင်းသာ ဖြစ်လိမ့်မည်။ ညက အတော်ပင်ရင့်ထော်နေပြီဖြစ် သော်လည်း ရန်ကုန်မြို့က မအိပ်သေး။

မိုးအလင်း စားဖွယ်စုံဆိုင်များ၊ Night club များ၊ အနှိပ် ခန်းများ၊ K.T.V များနှင့် စည်ကားနေဆဲပင်ရှိနေ၏။ ဘေလီအန်း ရှိ မိုးအလင်းဆိုင်တစ်ဆိုင်မှာလည်း စားသုံးသူဆယ်ယောက်ခန့် အားပေးနေ၏။ များသောအားဖြင့် တက္ကစီသမားများ၊ ကုန်စိမ်း ကြို၊ ငါးကြိုထွက်ကြမည့် ဈေးသည်များသာ ဤလိုအချိန်မှာ လှုပ် ရှားကြတာများသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စားသောက်ပြီးစီး၍ လူတစ်ယောက်ငွေရှင်းကာ ဆိုင်ထဲမှထွက်လာသည်။ မျက်နှာချင်းဆိုင်မှ ယိုင်တိယိုင်တိုင် လျှောက်လာသော အမူးသမားတစ်ယောက်နှင့် ပက်ပင်းဆုံသည်။ အမူးသမားက ထိုလူကို ရှောင်မနေတော့ဘဲ ဝင်တိုက်ပစ်လိုက်၏။ နှစ်ယောက်သား ဘုကြည့်ကြည့်ကြသည်။ တစ်ခုထူးဆန်းနေသည်က သူတို့နှစ်ယောက် ဝင်တိုက်အပြီးတွင် ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်သွားသည်။ ထိုအရာက အမူးသမားမှာ ယိုင်ထိုးမနေတော့ပဲ သက်လက်စွာ ဆိုင်ထဲဝင်သွားခြင်းဖြစ်သည်။

အတိုက်ခံရသည့်သူသာ လေးလေးကန်ကန်နှင့် သူဦးတည်ရာကို ဆက်လျှောက်သွားကာ (Taxi Board) တင်ထားသော (Probox)တစ်စီး၏ တံခါးကိုသော့ဖွင့်ဝင်ထိုင်လိုက်သည်။

ဘီးလှိမ့်ပြီးမကြာခင် ဘီယာဆိုင်တစ်ဆိုင်ရှေ့မှ လူသုံးယောက် ကားတားသည်။ ကားရပ်ပေးလိုက်တော့ တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆိုရင်း တစ်ယောက်တည်းသွားမှာဘယ်လောက်လဲဟု ဈေးမေး၏။

"သုံးထောင်ပဲပေးပါ"

"မများဘူးလားကွာ တစ်ယောက်ပဲဥစ္စာ"

"အချိန်လည်းကြည့်ပါဦး အစ်ကိုတို့ရာ"

"ဟော့. . . သုံးထောင်လည်းလိုက်မယ်၊ ဒီည အိမ်ပြန်ရောက်ဖို့ အရေးကြီးတယ်"

တကယ်သွားမည့်သူက ယတိပြတ်ပြောရင်း နောက်ခန်းတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။ လှေဝ်ထွမူးမူးနှင့် ပေါက်ကရ



www.burmeseclassic.com

www.burmeseclassic.com


ပြောဆိုနေကြတာကိုမစောင့်တော့ဘဲ ကားဆရာကမောင်းထွက်သွားခဲ့၏။

"အလကားလူတွေ ရှိတုန်းပဲ ရံချင်တာ၊ ဝိုင်းဖွဲ့ပြီး ကပ်တီးဖို့ပဲ ကြံနေကြတာ၊ နည်းနည်းပါးပါး အလုပ်ဖြစ်တာနဲ့ သောက်မယ်စားမယ် ဆိုတာချည်းပဲ"

"ဒါပေါ့ဗျာ အချွေအရံတဲ့ ချွေလို့ရံနေကြတာ"

"ဟား. . ဟုတ်တယ် ချွေချနိုင်တုန်းပဲ ရံကြတာ"

လူရှင်းသည့်တစ်နေရာအရောက်တွင်. . .

"ဟိုးဆရာ ခဏလောက်ရပ်ဗျာ၊ ဘီယာတွေ ခတ်ပြုပြောင်းလဲပြီး ထွက်ကျတော့မယ်"

"သိပ်ရတာပေါ့ ကိုယ့်ဆရာရယ်"

ကားသမားက အရှိန်လျှော့ကာ လမ်းဘေးချ၍ ရပ်ပေး၏။ ဆောက်လက်စ တန်ဖိုးနည်းအိမ်ယာဝင်းနှင့် မလှမ်းမကမ်းတွင်ဖြစ်၍ ဝန်းကျင်က လူသူကင်းရှင်းပြီး လုံးဝတိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အမူးသမားက လမ်းဖို့မြေဇရိယာအဆုံးထိ ဆင်းသွားပြီး အပေါ့သွား၏။

ဘယ်လောက်တောင်သောက်ထားသည်မသိ။ ဆီးသွားချိန်က တစ်မိနစ်နီးပါးကြာသည်။ အမူးသမားက လမ်းဘောင်မြေသားမို့မို့ကို အားစိုက်၍တက်လာပြီး ကတ္တရာလမ်းစပ်အရောက်တွင် ငုံ့နေရာမှ မော့ကြည့်လိုက်စဉ်. . .

"ခွပ်. . . အား. . ."

အမူးသမား အားခနဲအော်ကာ လဲကျသွားပြီး ကုန်းကုန်း


www.burmeseclassic.com

www.burmeseclassic.com



ကွကွဖြစ်နေ၏။ အမူးရသနှင့် ဒဏ်ရာဝေဒနာပေါင်းစပ်ပြီး အမြင်အာရုံတို့ မပီဝိုးတဝါးဖြစ်နေလျက်နှင့်ပင် ဘယ်သူလက်ချက်လဲဆိုတာ သိရအောင် မော့ကြည့်သေး၏။

"ခွပ်. ."

နောက်ထပ်အားပါလှသော ရိုက်ချက်တစ်ချက် ဝင်လာပြန်ရာ အမူးသမားအသံမထွက်နိုင်တော့ဘဲ မှောက်လျက်လဲကျငြိမ်သက်သွားတော့သည်။ သူနှင့်လည်းမသိ ငွေကြေးလုယက်လိုသည့် ရည်ရွယ်ချက်လည်းမရှိဘဲ သွေးအေးအေးနှင့် လူတစ်ယောက်ကို ရိုက်သတ်လိုက်သည့် ကားဆရာ၏မျက်နှာတွင် အားရကျေနပ်ခြင်း၊ အာသာပြေခြင်း အရိပ်အယောင်တို့ ယှက်သမ်းနေသည်။ လူတစ်ယောက်၏အသက်ကို နှုတ်ယူလိုက်ရသည့်အဖြစ်အား ကွမ်းတံတွေးထွေးသလောက်သာ ကားဆရာသဘောထားပုံရသည်။

ဖြတ်သွားဖြတ်လာ ကားတစ်စီးတလေရှိသော်လည်း ထိုအဖြစ်ကို ဘယ်သူကမှ သတိမပြုမိလိုက်။ လူသတ်သမား ကားဆရာက ကားကို ဘောလီဘက်သို့ ပြန်ကွေ့မောင်းထွက်သွား၏။

မည်သူမည်ဝါမှန်းမသိရသည့် အမူးသမားမှာ အသက်ခံရနိုင်လောက်သည့် အကြောင်းအရင်းတစ်စုံတစ်ရာမရှိဘဲ မြေကြီးကိုကုန်းနမ်းလျက် သေပွဲဝင်သွားရရှာလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"မောင့်ကို ပြောစရာရှိတယ်"

"ဘာပြောမလို့လဲနန်း"

ရဲမိုး ရေချိုးအပြီး ခေါင်းသုတ်နေခိုက် ဇနီးသည် နန်းမြတ် ပြောလာခြင်းပင်. .

"မောင့်ကို ပြောမယ်ပြောမယ်နဲ့ မသေချာသေးလို့ အခုမှ ပြောရတာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး စိတ်ဝင်စားသွားသည်။

"ဘာများဖြစ်လို့လဲ"

"နန်းတို့အိမ် ပုံမှန်မဟုတ်တော့ဘူး . ။ အမှောင့်ပရောဂ တစ်ခုခု ဝင်နေပြီနဲ့တူတယ်"

"မောင်တို့နေလာတာ ဒီအိမ်လောက်သန့်တာ ဒီအိမ်ပဲ ရှိတယ်လေ နန်းရဲ့"

"မောင်မှမသိတာ. . နောက်နေ့အတွက်ဆိုပြီး ဝယ်ထား တဲ့အသားငါးတွေ ချက်မလို့ ရေခဲသေတ္တာဖွင့်ကြည့်တိုင်း ပျောက် ပျောက်နေတတ်တယ်"

"ဟေ. . အဆန်းပါလား နန်းရဲ့"

"လွန်ခဲ့တဲ့ ငါးရက်လောက်ကတည်းက နန်းသတိထားမိ နေတာ၊ ရေခဲသေတ္တာထဲ ကြက်သားခုနစ်တုံးခုတ်ပြီး ထည့်ထား တယ်၊ ချက်ဖို့ဖွင့်ကြည့်တော့ တစ်တုံးမှ မရှိတော့ဘူးလေ"

ရဲမိုး မျက်မှောင်ကြုတ်ကာ စဉ်းစားနေမိသည်။

"အိမ်မှာ ကြောင်တွေခွေးတွေလဲ မမွေးပါဘူး၊ ဘယ်လို လုပ် ပျောက်ကုန်ရတာလဲ"

ဒီလိုနှင့် ရဲမိုးလည်း စိတ်ရှုတ်ထွေးမှု ဖြေဖျောက်သည့် အနေနှင့် တစ်ယောက်ထဲ တီဗွီထိုင်ကြည့်နေခိုက်. .

"တောက်!. ."

နားအနားသို့ကပ်ကာ တောက်ခေါက်လိုက်သော အသံ ကို ကြားလိုက်ရ၍ ရဲမိုး လန့်ဖျပ်ကာ နောက်လှည့်ကြည့်မိသည်။ သို့သော် ဧည့်ခန်းထဲတွင် သူတစ်ယောက်ထဲ ဖြစ်နေ၏။ ထိုအသံ



www.burmeseclassic.com

www.burmeseclassic.com



ကို သူ သေချာအတိုင်းသားကြားလိုက်ရသည်။ ဘာမှမတွေ့သဖြင့် နားကြားမှားတာပဲ အောင့်မေ့ကာ တီဗွီဆက်ကြည့်နေလိုက်သည်။

ဇာတ်လမ်းထဲ အာရုံရောက်နေခိုက် သူ့ထိုင်ခုံနောက်မှ ဖြတ်လျှောက်သွားသော ခြေသံများကို ထပ်ကြားရပြန်သည်။ လှည့်ကြည့်ရာ ဘာမှမတွေ့။ သရဲမကြောက်တတ်သော သူ့အဖို့ ကြောက်စိတ်မဝင်ဘဲ ဇာတ်လမ်းထဲပဲ အာရုံရောက်နေ၏။

ဒီတခါတော့. . .

"ဒုန်း!. . . ဒုန်း!. . . ဒုန်း!. . ."

"အောင်မလေးဗျ"

ထိုင်ခုံနောက်မှ ဖနောင့်နှင့် ကြမ်းပြင်ကိုပေါက်သွားသော အသံကြီးကြောင့် ရဲမိုး ထခုန်ရတော့သည်။

တီဗွီ လှမ်းပိတ်ကာ အခုန်မြန်သွားသောရင်ကို ဖိထားရသည်။

"တင်းတောင်. ."

ခေါင်းလောင်းတီးသံကြောင့် ရဲမိုး စိတ်သက်သာရာရသွား၏။ အိမ်ပေါက်ဝထွက်ကြည့်ရာ. . .

"ဟာ. . ဆရာသောင်း ဂျူတီအော့(ဖ်)ပေါ့"

"ဟုတ်တယ်ဆရာ အဲဒါကြောင့်ထွက်လာခဲ့တာ (၁၀၂) အမှုတွဲဖိုင်တွေနဲ့ပုံတွေလည်း လာပေးရင်းပေါ့"

"အတော်ပဲ ငါလည်းပျင်းနေတာ"

"ဆရာသာပျင်းနေ ကျွန်တော်ဆို့တော့ ပျင်းဖို့တောင်



www.burmeseclassic.com

www.burmeseclassic.com


အချိန်မရဘူး၊ မနေ့ညက လမ်း(၄၀)ဈေးနားမှာ လူသတ်မှုဖြစ်သေးတယ်လေ၊ မနက်(၃)နာရီလောက်မှ လှည့်ကင်းကတွေ့လို့ သတင်းပို့တာနဲ့ သွားစစ်ရသေးတယ်"

"ဟင်. . ဟုတ်လား"

"ဟုတ်တယ်ဆရာ တရားခံမပေါ်တဲ့ဆယ်မှုမှာ တူညီတာတစ်ခုကို တွေ့ခဲ့ရတယ်"

"အင်း. . ပြောပါဦး"

"အားလုံးက မတော်တဆဖြစ်ရပ်မဟုတ်ဘူး၊ အပြန်အလှန် တိုက်ခိုက်တာမဟုတ်ဘူး၊ ရွှေငွေရယူလိုမှုနဲ့သတ်တာလည်း မဟုတ်တဲ့အပြင် မသေသေအောင်သတ်ခဲ့တဲ့ လက်စလက်နမျိုးတွေ့ရတာပဲဆရာ"

သောင်းဝေလင်း စကားနားထောင်ရင်း ရဲမိုး အသေအချာ တွေးတောဆင်ခြင်နေမိ၏။

"ဒါဆို. . အသတ်ခံရသူတိုင်းရဲ့ ကိုယ်ပေါ်က အဖိုးတန်ပစ္စည်းနဲ့ ပိုက်ဆံတွေကို ယူမသွားဘူးပေါ့"

"ဟုတ်တယ်ဆရာ၊ ပြီးတော့ သေသွားတဲ့လူအချင်းချင်းလည်း ပတ်သက်ဆက်နွယ်မှုမရှိကြဘူး"

"အင်း. . မသေမချင်းသတ်တယ်ဆိုတော့ ဒဏ်ရာက အနည်းဆုံးနှစ်ချက်နဲ့ သူ့အထက်များဖို့ပဲရှိမှာပေါ့"

"ဒါပေါ့ဆရာ. . ၊ အမျိုးသမီးတစ်ယောက်ဆို ထိုးသွင်းဒဏ်ရာ၊ ပြတ်ရှဒဏ်ရာ. . အားလုံးပေါင်း ကိုးချက်တောင်တွေ့ရတာ"


www.burmeseclassic.com

www.burmeseclassic.com



ကြားသိရတာနှင့်ပင် အတော်ဦးနှောက်ခြောက်စရာ ကောင်းနေ၏။ သောင်းဝေလင်း ယူလာသည့် အမှုတွဲများနှင့် ဓာတ်ပုံများကိုကြည့်ရင်း ရဲမိုး အတွေးတွေ ဖြန့်ကျက်မိနေ၏။

"ဒါနဲ့ ထောင်မှူးဗိုက်ပူဦးညွှန့်လှိုင် ဆုံးသွားတာရော သိသွားဆရာ"

"ဟင်. . ဦးညွှန့်လှိုင်ဆုံးသွားပြီ ဟုတ်လား၊ ငါဘယ်လို လုပ်သိမှာလဲ ဘယ်တုန်းကလဲ"

"အင်း. . ဆရာဆေးရုံတက်ပြီး သိပ်မကြာဘူးထင်တယ် အတိအကျတော့ မမှတ်မိဘူး၊ နာရေးဖိတ်စာတော့ရှိသေးတယ်၊ သေတာကလည်း ရောဂါကြောင့် မဟုတ်ဘူးတဲ့"

"ဟေ. . ."

ထောင်မှူးဦးညွှန့်လှိုင်မှာ သေဒဏ်ကျအကျဉ်းသားများ ကိုကွပ်မျက်ရာတွင် ကြီးကြပ်ရသူဖြစ်သည်။ သူမဆုံးခင်က ဖိုးအာနှင့် ဆိုးပေကို သေဒဏ်ပေးရာတွင် ပါဝင်ခဲ့ပြီးနောက် သရဲခြောက်သလိုလို၊ စုန်းကပ်သလိုလို ဖြစ်ခဲ့သည်ဟု သူ့မိသားစုက ပြောကြ၏။ ဆုံးသည့်နေ့က အိမ်တွင်တစ်ယောက်တည်းရှိခိုက် ဝန်ထမ်းအိမ်ယာအပေါ် ထပ်ဝရန်တာမှ ခုန်ချသလိုလို ပြုတ်ကျသလိုလိုနှင့် ဇာတ်ကျိုးကာ သေသွားရခြင်းဖြစ်သည်ဟု သောင်းဝေလင်းက ရှင်းပြ၏။

"ရက်မလည်ခင်မှာလဲ အိမ်သားတွေ တစ်ယောက်ပြီး တစ်ယောက် အပူးခံရတယ်၊ ဝင်ပူးတာက ဦးညွှန့်လှိုင် မဟုတ်ဘူး လို့လည်း ပြောကြတယ်ဆရာ၊ အများစုကတော့ သေဒဏ်ပေးခံရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူထဲက တစ်ယောက်ယောက်က သရဲဘဝနဲ့ လက်စားချေ
တာလို့ ပြောနေကြတယ်. .

ဦးညွှန့်လှိုင်မသေခင်က ည. . ညဆို အိမ်ပတ်လည်မှာ
တဲ့ တံခါးတွေကို အဆက်မပြတ် လာခေါက်လေ့ရှိတယ်တဲ့. .
သွားဖွင့်ကြည့်ရင် ဘယ်သူမှမရှိဘူးတဲ့၊ ပရိတ်ရည်နဲ့ ထွက်ပ
ရင် အော်သံကြီးထွက်လာပြီး တယောက်ယောက်ထွက်ပြေးသွား
သလို လေတိုးသံကြီး ကြားရသတဲ့"

"ဟေ. . အဆန်းပါလား"

သောင်းဝေလင်းအတွက် ကော်ဖီယူလာပေးသည့်န
ပါ ထိုအကြောင်းကြားသိပြီး မျက်လုံးအဝိုင်းသားဖြစ်နေ၏။

တစ်နာရီလောက် စကားပြောပြီးနောက်. . သောင်းဝေ
လင်း ပြန်သွားသည်။

သောင်းဝေလင်း ပေးခဲ့သည့် စာပူးတောင်းသိုက်နှင့်
သပွတ်အူလို အမှုတွဲများကို ဖတ်ရှုပြီး ရဲမိုး ဦးနှောက်ခြောက်၍
ကျန်ခဲ့တော့၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်မှူးက သေရွာပြန် ရဲမိုးအား ပြုစုချင်သည်ဆို၍ ... ၀. တ လမ်းဆုံတွင် ဘီယာသောက်ကြပြီး ရဲမိုး တစ်ယောက် ...ည်း ကားမောင်း၍ ပြန်လာခဲ့၏။ အချိန်က ညဆယ်နာရီရှိပြီ။ ...းမောင်းလာရင်း အပေါ့သွားချင်လာ၍ မှောင်ရိပ်တစ်နေရာ ...ာ ကားရပ်လိုက်သည်။ ဆင်းပြီးအပေါ့သွားနေစဉ် နန်းက ဖုန်း ...မ်းဆက်၏။ ပြန်လာနေပြီဟု အသိပေးခိုက်မှာပင် ကားတံခါး ...ှင့်သံပိတ်သံ ကြားလိုက်၍ လှည့်ကြည့်မိ၏။

ကားပေါ် တစ်ယောက်ယောက်တက်သွားသလို ကား ...ော်ဒီတစ်ခုလုံး ငြိမ့်ခနဲဖြစ်တာမြင်၍ အံ့သြစိုးရိမ်ဖြစ်သွား ...ည်။ ရဲမိုး သတိဝီရိယနှင့် ကားနားသို့တိုးလာခဲ့၏။ ကားအ ...ွင်းကို လျှပ်တစ်ပြက် သုံးသပ်စစ်ဆေးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူဝင်ထိုင်နေခြင်း မရှိသလို မသင်္ကာစရာလည်း ဘာမှ မတွေ့။ မကျေနပ်၍. . ကားထဲဝင်ပြီး အတွင်းခေါင်မိုးမီးဖွင့်ကာ နှံ့နှံ့စပ်စပ်ရှာကြည့်သော်လည်း ဘာကိုမှမတွေ့၍ စိတ်ထဲစနောင့်စနင်း ဖြစ်လာသည်။ ရဲမိုး စိတ်တင်းပြီး ကားမောင်းပြန်လာခဲ့ရသော်လည်း ကျောမလုံသလို ခံစားနေရ၏။

ကျောရိုးတလျှောက် တဖျင်းဖျင်းနှင့်ကြက်သီးတွေထကာ ဆံပင်မွှေးတွေထောင်ထလာ၍ နောက်သို့မကြာခဏလှည့်ကြည့်မိသည်။ ထူးထူးခြားခြားဘာမှ မတွေ့ရသည့်တိုင် ကြောက်စိတ်က ပျောက်မသွား။

ဒီလိုနှင့်ပင် အိမ်ပြန်ရောက်လာ၏။ ကားသံကြား၍ တံခါးဖွင့်ကြိုနေသောနန်းကို ဂရုမစိုက်အား၊ ဘယ်လိုထူးခြားမှုတွေ ထပ်ဖြစ်လာလေမလဲ အတွေးနှင့် ကားကိုသာ မျက်ခြည်မပြတ် ကြည့်နေမိ၏။ သို့သော်. . စိုးရိမ်စရာဘာအဖြစ်ကိုမှ မတွေ့ရ တော့။ ထို့အတွက် စိတ်အေးသွားပြီး နန်းနှင့်အတူ အိမ်ထဲဝင်ခဲ့ သည်။

အိမ်တံခါးတွေ လုံလုံခြုံခြုံပိတ်ပြီး နန်း ခါးကိုဖက်၍ အိပ် ခန်းဆီ လျှောက်လာခဲ့ကြသည်။

"အား. . . နာလိုက်တာမောင်ရယ်၊ ဘာဖြစ်လို့ မောင့် လက်က ဒီလောက်တောင် အားကုန်ဖြစ်ညှစ်နေရတာလဲ"

"ဟင်. . အဲ. . ဆောရီး"

ပြင်ပ,ပယောဂအပေါ် အာရုံစိုက်မှုများသွား၍ ကိုယ့် လက်ကိုယ် ဂရုမထားမိသည့် အခိုက်အတန့်မှာပင် ညာလက်၏



www.burmeseclassic.com

www.burmeseclassic.com



နမ်းကားမှုကို နန်းခံစားလိုက်ရခြင်းဖြစ်သည်။ နန်းကိုဖက်ထားဖို့ ပေးကြဲ့ရှယ် မိသော်လည်း လက်ကရောက်သွားခဲ့ခြင်းပင်။ ထို့အတွက် သူ့ညာလက်ကို မနာလိုဖြစ်ရသလို လွှတ်ထား၍မဖြစ်တော့ကြောင်း ရဲမိုး ကောင်းကောင်းသဘောပေါက်သွား၏။

ဇနီးသည်အား ယုယကြင်နာမှုများပေးသည့်အခါ ညာသက်ကို အသုံးမပြုဖြစ်အောင် ဂရုစိုက်မည်ဟု ရဲမိုးဆုံးဖြတ်လိုက်သည်။ ချစ်ရသူကို ထွေးပွေ့ခြင်းအား ဘယ်လက်နှင့်သာ စေစားခံစားစေသည်။ ဒါတောင် ညာလက်က ကျူးကျော်စော်ကားချင်သေး၏။ အတင်းအကြပ် ချုပ်နှောင်ထိန်းသိမ်းထားရသည်။

နန်းကတော့ ဘာမှမသိရှာ. . နွမ်းနယ်စွာဖြင့် အိပ်ပျော်သွားခဲ့လေပြီ။ ရဲမိုးမှာသာ တလူးလူးတလိမ့်လိမ့် အိပ်လို့လုံးဝမရဘဲ ဖြစ်နေသည်။ အိပ်မပျော်သည့်ညကျမှ ခွေးတွေကလည်း သောင်းကျန်းလွန်းနေသလား မပြောတတ်။

အူလိုက်ဟောင်လိုက်ကြတာ ဝက်ဝက်ကွဲ။ အိမ်ကို ခွေးတပ်ကြီးပတ်ဟောင်နေသလား ထင်ရ၏။ ကြာတော့ သည်းမခံနိုင်၍ အိပ်ယာပေါ်မှထခဲ့ရသည်။ အိမ်မီးနှင့် ခြံမီးတွေဖွင့်ပြီး အိမ်အပြင်ထွက်ကြည့်လိုက်၏။

ဟောင်သည့်ခွေးကို မမြင်ရသလို ထူးခြားမှုတစ်စုံတစ်ရာကိုလည်း မတွေ့ရ။ ခွေးတို့သဘာဝအတိုင်း အူတယ်ဟောင်တာဖြစ်လိမ့်မည်ဟုသာ ဖြေတွေးတွေးလိုက်ရသည်။

အိပ်လို့မရသည့်အတူတူ ခြံထဲက ဒန်းခုံမှာထိုင်နေမည်ဟု စိတ်ကူးပြီး စီးကရက်တစ်ဘူးနှင့် အိမ်ထဲမှထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒန်းရှိရာသို့လျှောက်လာစဉ် ဒန်းက သူ့အလိုလို အသံမြည်ကာ လှုပ်ရှားလာ၏။ ရှေ့နောက်ယိမ်းထိုးပြီး လွှဲရမ်းလာတာကိုကြည့်ရင်း ရဲမိုး ခြေဖျားလက်ဖျားတွေ အေးစက်သွားသည်။

ဒီဒန်းအလေးချိန်က လေတိုက်ရုံနှင့် လှုပ်နိုင်သည်မဟုတ်။ တစ်စုံတစ်ခုသော ပယောဂကြောင့်သာ လှုပ်ရမ်းလာခြင်းဖြစ်သည်။ အကောင်အထည်ကို မမြင်ရသည်မို့ သရဲခြောက်ခံရပြီဟု ရဲမိုး သိလိုက်၏။ ခြေလှမ်းတွေ ရှေ့ဆက်မတိုးဝံ့တော့ဘဲ တစ်လှမ်းချင်း ပြန်ဆုတ်လာခဲ့သည်။ ထိုအချိန်မှာပင် . . ဒန်းက တုန့်ခနဲရပ်သွား၏။

လှုပ်နေစဉ်ကမှ ထိုနေရာတွင် ခြောက်လှန့်သူရှိနေတာ သိရသေးသည်။ လှုပ်ရှားမှုရပ်တန့်သွားတော့ ထိုအမျိုးအမည် မသိပုဂ္ဂိုလ် ဘယ်ရောက်သွားသလဲ မသိနိုင်တော့၍ ပိုပြီးလန့်သွား၏။

ဘေးဘီဝဲယာကို မျက်ခြည်မပြတ်ကြည့်ပြီး မမြင်ရသည့် အနှောင့်အယှက်ကို ရှာနေရသည်။ အိမ်အဝင်ကျောက်ခင်းလမ်းဘေးမှ ပန်းပင်များ အသီးအရွက်ပင်များ ဆင့်ကဲဆင့်ကဲလှုပ်ရမ်းလာတာကို အထိတ်တလန့် တွေ့လိုက်ရ၏။ အနှောင့်အယှက် ပယောဂကတော့ သူရှိနေကြောင်းသိအောင် အသေအချာပြနေလေပြီ။

ရဲမိုး အလန့်တကြားနှင့်ပင် ခပ်သွက်သွက်နောက်ပြန်လျှောက်ရင်း အိမ်ထဲဝင်ခဲ့၏။ အဝင်တံခါးကို ကသောကမျောပိတ်ရင်း မှန်ပြတင်းမှတစ်ဆင့် အပြင်သို့လှမ်းကြည့် အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြံထဲရှိရှိသမျှ အပင်များနှင့် လှုပ်ရမ်းလို့ရသည့် အရာအားလုံး တစ်ယောက်ယောက်က လိုက်လှုပ်နေသလိုမျိုး မြင်တွေ့သည်။ ထိုအဖြစ်ကြောင့် အိမ်ထဲထိလိုက်ဝင်မလာမှန်းသိသော်လည်း ကိုယ့်နှလုံးခုန်သံ ကိုယ်ပြန်ကြားရလောက်အောင်ပင် ရဲမိုးထိတ်လန့်နေသည်။

တထိတ်ထိတ်နှင့် စောင့်ကြည့်နေရတာကို သည်းမခံနိုင်တော့သဖြင့် မီးတွေပိတ်ပြီး ထမင်းစားခန်းထဲသို့ ဝင်လာခဲ့၏။ စိတ်မောလူမောဖြစ်နေ၍ ရေအေးအေးသောက်ရန်. . ရေခဲသေတ္တာကို ဆွဲဖွင့်လိုက်သည်။

ရဲမိုး ဘယ်လက်နှင့် ရေဘူးလှမ်းယူလိုက်သော်လည်း ညာလက်က အရက်ပုလင်းကို ဆွဲမိလျက်သားဖြစ်နေသည်။ သူ့ညာလက်ကို ထိန်းချုပ်၍မရတော့။ ပုလင်းဖွင့်ပြီးပါးစပ်ထဲ အတင်းလောင်းထည့်နေ၏။ ရဲမိုး တစ်ခါတစ်ရံ အရက်သောက်တတ်သော်လည်း ဖိမ်ခံသောက်ခြင်းမျိုးသာဖြစ်သည်။ အခုလိုဝေါ ရင်ဂျီမော့သလိုမျိုး တစ်ခါမှမသောက်ဖူးခဲ့။

ပူလောင်စူးရှသည့်အရသာကို မခံစားနိုင်တော့၍ ဘယ်လက်၏အကူအညီနှင့် ညာလက်အား အတင်းအဓမ္မထိန်းချုပ်ရင်း အရက်ပုလင်းကို ပြန်ချထားလိုက်သည်။ သုံးလေးပက်လောက မော့ခဲ့ရသဖြင့် အမူးရှိန်က ရုတ်တရက် ဆောင့်တက်လာသည်။

ထိုသို့ အရက်သောက်ခဲ့ခြင်းသည် သူ့ဆန္ဒမဟုတ်၊ ဒါကို ညာလက်က အတင်းအဓမ္မ ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ဒီလက်၏



www.burmeseclassic.com

www.burmeseclassic.com



မူလပိုင်ရှင်က ကြမ်းကြမ်းတမ်းတမ်းနှင့် ပရမ်းပတာနေထိုင်ခဲ့သူပဲ ဖြစ်လိမ့်မည်။ ရဲမိုး သူ့လက်သူအကြောက်ကြီးကြောက်ပြီး ထမင်းစားခန်းထဲမှ ထွက်လာခဲ့၏။

သူ အိပ်ခန်းထဲပြန်ရောက်လာသည်။ 'နန်း'က နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်. .။ မှုးပြီး အိပ်ပျော်သွားလိမ့်မည်ဟု ယုံကြည်၍ အိပ်ယာဝင်ခဲ့သည်။ ညာလက်ကို ထိန်းချုပ်သည့်အနေနှင့် ညာဘက်စောင်း၍ အိပ်ရသည်။ ရီဝေဝေ အမူးရှိန်က ဒီဂရီမြင့်တက်လာပြီး အိပ်ခန်းတစ်ခန်းလုံး ချာချာလည်နေသလို ခံစားရပြီးနောက် ရဲမိုး အကြောက်တရားတွေ ပျောက်သွားကာ အိပ်ပျော်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

ညက အိပ်ယာဝင်နောက်ကျခဲ့သည့်အပြင် အရက်ရှိန်ကြောင့် နေမြင့်သည်အထိ ရဲမိုး အိပ်ပျော်နေခဲ့သည်။ ဝုန်းဝုန်း ဒိုင်းဒိုင်း ဆူဆူညံညံအသံတွေကြားမှ ရဲမိုး လန့်နိုးလာ၏။ ဒီနေ့ ကျောင်းပိတ်ရက်ဖြစ်ကြောင်းတွေးမိပြီး ရဲမိုး အိပ်ယာမှထခဲ့သည်။

ကလေးတွေကို ကစားကွင်းတစ်ခု လိုက်ပို့ပေးရင်း. . မိသားစုပျော်ပျော်ပါးပါးနေဖို့ ဆုံးဖြတ်ပြီး ရဲမိုးတက်ကြွစွာ ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်နေသည်။ မျက်နှာသစ်ရင်း. . အတန်ငယ်ထူထပ်နေပြီဖြစ်သော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို သတိထားမိ၍ ရှင်းလင်းသုတ်သင်လိုက်၏။ မှန်ကိုကြည့်ပြီး ဂရုတစိုက် ရိတ်သင်နေသည့်ကြားမှပင် လက်က သူ့ဆန္ဒကိုဆန့်ကျင်သဖြင့် ညာနားရွက်အနီး ပါးပြင်ကို ဓားရှသွားသည်။

"အား. . တောက်!. ."

"ဟင်. . ဖေဖေဘာဖြစ်လို့လဲ"

ရေချိုးခန်းရှေ့ဖြတ်သွားသော သမီးငယ်က ရဲမိုးအော်သံကြောင့် ဟနေသောတံခါးကို တွန်းဖွင့်ဝင်လာကာ မေးလိုက်သည်။ ညာလက်၏ အထိန်းအသိမ်းမဲ့ လှုပ်ရှားမှုကို ကြောက်လန့်စိုးရိမ်ကာ ဒေါပွနေသည့် ရဲမိုးမှာ သမီးကို အော်ဟစ်မောင်းထုတ်မိ၏။

"သွား. . သွား. . ဝင်မလာနဲ့၊ ဒီမှာ နာရတဲ့ကြားထဲ. . သွား"

မအော်စဖူး အအော်အငေါက်ခံလိုက်ရသဖြင့် သမီးငယ်တုန်တက်အောင် လန့်သွားကာ ရှိုက်ငိုရင်း ပြေးထွက်သွား၏။ ထိုဖြစ်စဉ်ကိုသိလိုက်သော နန်းလည်း အပြေးအလွှားရောက်လာကာ. .

"ဘာဖြစ်ကြတာလဲ. . ဘာဖြစ်တာလဲမောင်၊ ဟင်. . . မုတ်ဆိတ်ရိတ်ရင်း ဓားရှသွားတာလား၊ ပေး. . ပေး. . နန်းလုပ်ပေးမယ်"

နန်းက မုတ်ဆိတ်ရိတ်ကိရိယာကို ယူထားရင်း. . သွေး

www.burmeseclassic.com



ဘိတ်အောင် အရင်လုပ်ပေးသည်။ ပြီးမှ လက်စမသတ်သေး သည့် မုတ်ဆိတ်ကို ရှင်းပေး၏။

"မောင်ရယ် ကလေးကို ဘာလို့အော်လိုက်တာလဲ သမီး လန့်ပြီးငိုနေပြီ"

"ဆောရီးပဲနန်း မောင်မရည်ရွယ်ပါဘူး၊ ရုတ်တရက်မို့ စိတ်တိုပြီး အော်လိုက်မိတာ"

"စိတ်ထိန်းမှပေါ့မောင်ရယ်၊ သမီးက တအားငယ်သေး တယ်လေ"

"အင်းပါ. . နောက်မဖြစ်စေရဘူး ဟုတ်ပြီလား"

နန်းထွက်သွားတော့ ရဲမိုးအခန်းတံခါးပိတ်ပြီး ရေချိုး သည်။ ရေချိုးရင်း သူ့ကိုဒုက္ခပေးလာသော ညာလက်အကြောင်း တွေးရင်း စိတ်မအေးနိုင်ဖြစ်နေ၏။

သူ့ဒုက္ခရောက်တာအကြောင်းမဟုတ်၊ သူများကိုပါ ဒုက္ခ ပေးမိလျှင် တည်ငြိမ်စ မိသားစုဘဝလေး ပျက်ယွင်းသွားမှာစိုးမိ သည်။ အိပ်ယာထစက ကြည်လင်နေသောစိတ်အလျဉ်လည်း အနည်ထကာ နောက်ကျိသွားခဲ့ရပြီ။

စိတ်မကြည်သဖြင့် ကစားကွင်းသို့လည်း မသွားဖြစ် တော့၊ စိတ်ကိုထိန်းရင်း အိမ်ထဲမှာပင် ကလေးများနှင့်သော့ နေခဲ့သည်။ သားနှင့်လက်လှဲတမ်းကစားတော့ မေ့ပြီး ညာလက် နှင့် ဆုပ်ကိုင်မိ၏။ ကလေးပေမယ့် မညှာမတာပင် ဆုပ်ကိုင်ပြီး လှဲချလိုက်မိသည်။ ရဲမိုး သတိထားမိတော့ နောက်ကျသွားခဲ့ပြီ။

"အား. . နာလိုက်တာဖေဖေရာ အရမ်းလုပ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆော. . ဆောရီးသားရယ်၊ ဖေဖေတောင်းပန်ပါတယ် ဘယ်နေရာနာသွားလဲဟင်. . ပြစမ်း"

သား၏လက်ကို ချော့မော့ပွတ်သပ်ပေးမိ၏။ သူ့ရင်ထဲ လုံးဝမကောင်း၊ သူ ကလေးတွေနှင့်ဝေးဝေးနေမှဖြစ်မည်ဆိုတာ သဘောပေါက်လိုက်သည်။ သားကျေနပ်အောင်ချော့ပြီး. . နန်းအား စခန်းသွားဦးမည်ဟုပြောကာ ထွက်လာခဲ့၏။

ရဲမိုး သတိလက်လွတ်မနေရဲတော့။ ညာလက်ကိုအားမပြုမိရန် ကိုယ့်ဘာသာအထပ်ထပ် သတိပေးရင်း ကားကိုဂရုစိုက်မောင်းခဲ့ရသည်။ စခန်းရောက်တော့ ထောင်ကြီးချုပ်မှ အချုပ်ကားရောက်နေတာနှင့်ဆုံ၏။ ရမန်ကြီးယူထားသည့် တရားခံကို ရုံးထုတ်ဖို့ ခေါ်လာခြင်းဖြစ်သည်။

အချုပ်ကားနားအဖြတ်တွင် မျက်နှာသိတရားခံတစ်ယောက် ကားပေါ်မှအဆင်းနှင့် ဆုံသည်။ တရားခံက အားကိုးတကြီးနှင့် အိမ်ကိုအကြောင်းကြားပေးရန်ပြောရင်း စီးကရက်တစ်လိပ် တောင်း၏။

သနားသဖြင့် စီးကရက်ထုတ်ပေးစဉ် တရားခံမှာ ရဲမိုး၏ ညာလက်ကောက်ဝတ်မှ ဆေးမင်ကြောင်ကို အလန့်တကြား ကြည့်ရင်း. .

"ဟင်. . ဆရာ. . ဆရာ. . ဒါ သေဒဏ်ပေးခံရတဲ့ ဆိုးပေလက်က ဆေးမင်ကြောင်နဲ့အတူတူပါပဲလား၊ ဆရာနဲ့ ဆိုးပေက တစ်ဖွဲ့ထဲလား"

ထိုစကားကြောင့် အစောင့်ရဲက တရားခံအား နားဘန်



www.burmeseclassic.com

www.burmeseclassic.com


ာင်းပြီး စခန်းထဲသို့ ဆွဲခေါ်သွားတော့၏။ ရဲမိုးလည်း သူ့လက်မှ ဆေးမင်ကြောင်ကိုကြည့်ရင်း စိတ်ထဲမသတီသလို ဖြစ်လာသည်။ ဆုံးသွားသည့် ထောင်မှူးဦးညွှန့်လှိုင် ပြောခဲ့တာတွေ ပြန်ကြားမိပြီး စိုးရိမ်မကင်းဖြစ်လာ၏။

ဆိုးပေက ကြိုးပေးမသတ်ရန် တောင်းဆိုပြီး သူ့တစ်ကိုယ် သုံး လိုရာသုံးဖို့လှူခဲ့သည်။ စောစောကတရားခံက ဆိုးပေ၏ ဆေးမင်ကြောင်နှင့်တူသည်ဟု အခိုင်အမာ ပြောသွားခဲ့၏။ ဒါဆို သူ့လက်က တကယ်ပဲ ဆိုးပေ၏ညာလက်ပဲလား။ တွေးရင်းတွေး ရင်း ရဲမိုး စိုးရိမ်ပူပန်စိတ်နှင့် သွေးပျက်ချင်သလိုဖြစ်လာသည်။

ဒီကိစ္စ သူအတိအကျသိရမှဖြစ်မည်။ သူ့လက်သူ မယုံ နိုင်သလိုကြည့်ရင်း ရဲမိုး ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။ တွေ့ သည့်လုပ်ဖော်ကိုင်ဖက်များကို အပြေးအလွှားနှုတ်ဆက်ပြီး ကား ကို အင်းစိန်ထောင်သို့ ဦးတည်မောင်းလာခဲ့၏။ ဒီလက်တစ်ဖက် သောင်းကျန်းနေတာ ဒုက္ခပေးနေတာ သေဒဏ်ပေးခံရသည့် လူ ခိုက်တစ်ယောက်၏ လက်ဖြစ်နေ၍လားဆိုတာ သူသိချင်နေ၏။

ဆိုးပေ သေဒဏ်ပေးခံရသည်မှာ ကြာလှပြီ။ လေးလနီး ပါးရှိတော့မည်။ သေဒဏ်ခံရသည်ဆိုမှတော့ တော်တော်ဆိုး၍ သာဖြစ်မည်။

ထိုလူဆိုးကြီး၏ သွေးတချို့တဝက်က သူ့သွေးထဲရော နှောစီးဆင်းနေလိမ့်မည်။ ထို့ကြောင့်သာ ဒီလက်က ရိုင်းစိုင်းကြမ်း တမ်းနေခြင်းဖြစ်မည်ဟု တွေးမိပြီး ရဲမိုး မရှုနိုင်မကယ်နိုင် ဖြစ် သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ထောင်တွင်းရောက်သည်နှင့် ရာထူးတိုးပြီး ထောင်မှူးဖြစ်နေသော ဦးခင်အောင်နှင့် တွေ့သည်။ အကျိုးအ ကြောင်းပြောပြတော့ သေဒဏ်ကျအကျဉ်းသားများ၏ ကိုယ် ရေးအချက်အလက်များ သိမ်းဆည်းထားရာဌာနသို့ လမ်းညွှန် သည်။

ထိုဌာတွင် ရဲမိုးက ညာလက်လက်ဗွေရာများကို မှင်နှိပ် ပြီး စကင်(န်)ဖတ်၍ ကွန်ပျူတာထဲထည့်ပေးရသည်။ ထိုလက်ဗွေ ရာပိုင်ရှင်၏ အချက်အလက်များ ကွန်ပျူတာစကရင်တွင် ပေါ် လာ၏။ ရဲမိုး ဖတ်ကြည့်လိုက်သည်။ ထိုအခါ သူ့လက်က အမှန် တကယ်ပင် ဆိုးပေ၏လက်ဖြစ်နေမှန်း သိလိုက်ရတော့သည်။

ထိုမှုမက ဆိုးပေကျူးလွန်ခဲ့သည့် အမှုတွေတသီကြီးကို လည်းတွေ့ရသည်။ လုယက်မှု၊ ဖောက်ထွင်းမှု၊ လူသတ်မှု၊ မုဒိမ်း မှု. . စသည်ဖြင့် အတော်စုံလင်အောင်ပင် တွေ့ရသည်။ လူအ ယောက် နှစ်ဆယ်တိတိသတ်ခဲ့ပြီး လူသတ်မုဒိမ်းမှုကပင် အမှုတွဲ ငါးခု ရှိနေ၏။

ဒီလောက် ဆိုးသွမ်းရမ်းကားသည့်လူမိုက်ကို သေဒဏ် ပေးတာပင် နည်းသေးသည်ဟု ပြောရမည်။ ခက်တာက ထိုလူ မိုက်၏ လက်တစ်ဖက်ကို သူရရှိထားခြင်းပင်ဖြစ်၏။

အချက်အလက်အစုံအလင် သိရပြီးနောက် ရဲမိုး စိတ် ပျက်ပင်ပန်းနွမ်းနယ်စွာဖြင့် အိမ်ပြန်လာခဲ့ရသည်။

လမ်းတလျှောက်လုံး ဆိုးပေ၏ ခပ်ကြမ်းကြမ်းရုပ်သွင်နှင့် အမှုတွဲများကို ဖျောက်ဖျက်မရအောင် မြင်ယောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


ဒီလက်ကို ပြန်လည်စွန့်လွှတ်ရလျှင်လည်း လူဖြစ်ရှုံးသည့်ဘဝကို ရင်ဆိုင်ရဦးမည်။ ရဲမိုးအဖြစ်က ဆုပ်လည်းစူး စားလည်းရူးဆိုသလို ဖြစ်နေခဲ့ပြီ . . ။

၅ ၅ ၅ ၅


www.burmeseclassic.com

www.burmeseclassic.com



**နောက်**ပိုင်းရက်များတွင် ရဲမိုး နေရထိုင်ရတာ အဆင်မပြေတော့။ သူ့စိတ်အစဉ်ကို ဆိုးပေကသော လွှမ်းမိုးထားသည်။ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်နှင့် မအိပ်နိုင်မစားနိုင် ဖြစ်လာ၏။

ညဘက်လည်း သိပ်အိပ်မပျော်၊ အိပ်ပျော်လျှင်လည်း အိပ်မက်ဆိုးတွေ အမြဲလိုမက်လေ့ရှိသည်။ အိပ်မက်ကလည်း လူတွေကိုလိုက်သတ်နေသည့် မြင်ကွင်းတွေပဲ ဖြစ်နေသည်။ သို့နှင့်. . အလန့်တကြားနိုးထခဲ့ရသော ရက်တွေများလာ၏။ အိပ်ဆေး သို့မဟုတ် အရက်မူးအောင်သောက်သည့် ညများတွင်သာ ကောင်းကောင်းအိပ်ပျော်သလို ဖြစ်ခဲ့ရသည်။

ဒီညလည်း ညဦးပိုင်းက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခဲ့ပေမယ့် သန်းခေါင်ယံ၌ အိပ်မက်ဆိုးတွေမက်လေသည်။ ထုံးစံအ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း ဆိုးပေ လူလိုက်သတ်နေသည့် မြင်ကွင်းများပင် ဖြစ်၏။ ထူးထူးခြားခြားဆိုသလို အမျိုးသမီးများကို လိုက်သတ်သည့် ဖြစ်စဉ်များကိုသာ တစ်ခုပြီးတစ်ခု မြင်မက်နေ၏။ နောက်ဆုံးတွင် အမျိုးသမီးတစ်ယောက်အား အတင်းအဓမ္မ ဘလက္ကာယပြုစဉ် အမျိုးသမီးက ရုန်းကန်အော်ဟစ်သဖြင့် သတ်ပစ်လိုက်တာကို မြင်မက်၏။

ရဲမိုး လုံးဝမခံစားနိုင်တော့ဘဲ ညည်းညူအော်ဟစ်ရင်း လန့်နိုးခဲ့သည်။ ချွေးသီးချွေးပေါက်တွေကျပြီး ရင်လည်းတလှပ်လှပ် ခုန်နေ၏။ ပြန်အိပ်လို့မရတော့သဖြင့် ဧည့်ခန်းသို့ ထွက်ထိုင်ကာ ဆေးလိပ်ဖွာနေလိုက်ရသည်။

စိတ်ကချောက်ချားနေ၍လားမသိ ခြိုးခြိုးချွတ်ချွတ်အသံတွေ ကြားနေရသလိုလို၊ ရိပ်ခနဲ တစ်ခုခုဖြတ်သွားတာ မြင်မိသလိုလို ခံစားနေရသည်။

ထိုအချိန်တွင် မီးဖိုချောင်ဘက် လျှောက်သွားသော ခြေသံကို ကြားလိုက်ရပြီးနောက် မီးဖိုထဲမှ ချိုးချိုးချွတ်ချွတ် အသံများကို ဆက်ကြားရခြင်းဖြစ်သည်။ ရေခဲသေတ္တာထဲက အသားငါး တွေကို တယောက်ယောက် ယူစားနေလို့လား. .။

သူထသွားကြည့်တော့ ရေခဲသေတ္တာတံခါး ပွင့်နေကာ အသားငါးများ အပြင်သို့ ထွက်ကျနေသည်ကို အံ့အားသင့်စွာ တွေ့လိုက်ရသည်။

"မောင်. . ဘာဖြစ်လို့လဲ"

"အသံကြားလို့ နောက်ဖေးဝင်ကြည့်တာ နန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com


"အိပ်မပျော်ဘူးလား"

ထွက်ကျနေသော သားငါးများကို သိမ်းဆည်းရင်း နန်းက ပြောလိုက်သည်။

"မပြောတတ်တော့ပါဘူး နန်းရယ်"

ခေါင်းတရမ်းရမ်းနှင့် စိတ်ဓာတ်ကျသလိုဖြစ်နေသော ရဲမိုးကိုကြည့်ကာ နန်း စိတ်ပူလာ၏။

ဧည့်ခန်းသို့ နှစ်ယောက်သား ထွက်လာခဲ့ကြပြီး စကားပြောရင်း တီဗွီထိုင်ကြည့်ဖြစ်ကြသည်။

"မောင် ဘာတွေဖြစ်နေလဲ နန်းကိုပြောလေ ဝိုင်းပြီးစဉ်းစားကြတာပေါ့။ မောင့်ကိုကြည့်ရတာ မွန်းကြပ်နေသလိုပဲ၊ မောင် ဘယ်လိုခံစားနေရလဲ ဖွင့်ပြောလိုက်"

စိုးရိမ်နေသည့် နန်းကိုလည်း ထိတ်လန့်မသွားစေချင်သဖြင့် ပြောသင့်မပြောသင့် ဒွိဟဖြစ်နေသည်။ နောက်ဆုံးတော့ အားလုံးနှင့် သက်ဆိုင်နေသည်မို့ သူ့လက်အကြောင်း သိထားသင့်သည်ဟု ယူဆကာ ပြောပြဖို့ဆုံးဖြတ်လိုက်၏။

"အင်း. . မောင့်မှာ ပြဿနာနည်းနည်းရှိနေတယ် နန်း"

"ဟင်. . ပြဿနာ"

"ဟို. . ဟိုလေ. . မောင်အစားပြန်ရထားတဲ့ လက်တစ်ဖက်ကြောင့်ပေါ့"

ထိုစကားကြောင့် နန်း ပြုံးသည်။ သူ့ ညာလက်ကို စိုက်ကြည့်ရင်း. .

"အဲဒီလက်က ဘာဖြစ်နေလို့လဲ. .၊ ကြည့်ရတာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းနေတာပဲ. . လှုပ်ရှားရတာလဲ ပုံမှန်ပဲမဟုတ်လား"

"မဟုတ်ဘူးနန်း မဟုတ်ဘူး၊ တစ်ခုခုမှားနေပြီလို့ မောင်ခံစားရတယ်"

"ကဲ. . ဟုတ်ပါပြီ ဘာတွေမှားနေလဲ နန်းကိုပြောပြ"

"ဒါ ဘယ်သူ့လက်လဲဆိုတာ မောင်သိခဲ့ပြီ"

နန်း မျက်ဝန်းတွေ အရောင်လက်သွား၏။ သိချင်စိတ်များကြောင့် အမူအယာပြောင်းကာ ထပ်ပြောလာမည့်စကားကို မျှော်လင့်နေဟန်က အထင်းသား. .

"အဟုတ်. . ပြောပါဦး ဘယ်သူ့လက်လဲဆိုတာ"

"သိပ်ကိုရက်စက်ကြမ်းကြုတ်တဲ့ လူသတ်သမားတစ်ယောက်ရဲ့လက်ပဲနန်း၊ ဘယ်လိုပြောရမလဲဆိုတော့. . ကမ္ဘာဦးသာဇ်ပူဇော်တဲ့ခေလ့ ထွန်းကားတဲ့အချိန်က ပါးကွက်သားတစ်ယောက်လိုကိုရက်စက်တဲ့ လူတစ်ယောက်ပဲ"

နန်းက ရဲမိုးကို ဖက်တွယ်လိုက်ရင်း. .

"အဲဒါကြောင့် မောင် စိတ်ညဲစ်နေတာလား၊ မဆိုင်ပါဘူး မောင်ရဲ့. . လက်ဆိုတာ အပြင်ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုပါ၊ အဲဒီလက်ကိုရထားတာနဲ့ပဲ သူ့ရဲ့ အဇ္ဈတ္တအတွင်းစိတ် ကြမ်းတမ်းမှုတွေ မောင့်ဆီပါလာပါ့မလား၊ သူ့ရဲ့ပင်ကိုယ်စရိုက်က သူနဲ့ပဲဆိုင်တာပါ မောင်ရယ်"

"ပြီးတော့ အဲဒီလူအကြောင်း မောင် အရေးစိတ် တိတိကျကျသိလို့လား သူ့ဘဝတစ်လျှောက်လုံး ဆိုးသွမ်းခဲ့တာလည်း ဟုတ်ချင်မှ ဟုတ်မှာပါ၊ မောင် အမြဲပဲပြောနေကြလေ ခေါင်းရှုပ်စ



www.burmeseclassic.com

www.burmeseclassic.com



ရာတွေကြုံလေလေ ဆင်ခြင်စဉ်းစားနိုင်စွမ်း တက်လေလေဆို

ရှည်ရှည်ဝေးဝေး ရှင်းပြနေစိတ်မဲ့ပေးနေသည့်နန်းအား ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ထောက်ခံနေလိုက်သည်။

"တဖြည်းဖြည်းနဲ့အသားကျသွားမှာပါမောင်ရယ်၊ အချိန်တော့ ပေးရမှာပေါ့"

"ဝရုန်း . . ဝုန်း . . ဝရုန်း . . ဝေါ . . "

ထိုစဉ် အိမ်ခေါင်မိုးပေါ်သို့ တစ်စုံတစ်ယောက်က လက်ဖြင့် ဆုပ်ပက်လိုက်သလို ကျောက်စရစ်ခဲလေးများ တဖျောဖျော ကျသံ ထွက်ပေါ်လာသဖြင့် နန်းနှင့်ရဲမိုးလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ထိတ်လန့်သွားကြသည်။

ထိုအသံကြောင့် သားနှင့်သမီးလည်း နိုးသွားကာ သူတို့နား ရောက်လာကြသည်။ သားငယ်က. .

"ဖေဖေ ဘာသံတွေလဲဟင်"

သားငယ် အနားတိုးကပ်ရင်း မေးလိုက်ခြင်းဖြစ်သည်။

"ဘာမှမဟုတ်ပါဘူး သားရယ်၊ အပြင်မှာ လေတိုက်လို့ သစ်ကိုင်းခြောက် အိမ်ခေါင်းမိုးပေါ် ပြုတ်ကျတာနေမှာပါ"

သားငယ် ကြောက်သွားမည်စိုးသောကြောင့် ရဲမိုး ဖြေပြောပြောလိုက်ရသော်လည်း တကယ့်တကယ်တွင်မူ. . ထိုသို့ မဖြစ်နိုင်မှန်း ရဲမိုး သိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

ရဲမိုးအား ဒေါက်တာအောင်ငြိမ်းသက်က လိုအပ်သည်များကို စစ်ဆေးကြည့်ရှုပေးသည်။ ရဲမိုးက ညာလက်၏ထူးခြားမှုကိုပြောပြသည်။ ဒေါက်တာက အားရပါးရရယ်မောခြင်းဖြင့် တုံ့ပြန်လေ၏။

"ကိုရဲမိုး ခင်ဗျား စိတ်ပညာရှင်တစ်ယောက်ယောက်နဲ့ တွေ့ဖို့လိုနေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာက ကျွန်တော်ပြောတာကို မယုံဘဲကိုး"

"ကျွန်တော် လက်တွေ့အဖြေကိုပဲယုံတယ်၊ အခု ခင်ဗျား အခြေအနေက အားလုံးကောင်းနေတာပဲ လက်ကလည်း ပုံမှန် အတိုင်းလှုပ်ရှားလို့ရနေတာပဲ မဟုတ်လား"

ဒေါက်တာပြောတာကို လက်မခံနိုင်သည့်ပုံစံဖြင့် ရဲမိုး စိတ်ပျက်လက်ပျက်ဖြစ်ပြီး ငြိမ်နေမိသည်။ ပြီးမှ. .

"လူသတ်သမား ဆိုးပေရဲ့လက်ကို ကျွန်တော် ရထား တာဗျ"

ထိုစကားကိုတော့ ဒေါက်တာအောင်ငြိမ်းသက် ခေါင်း ညိတ်ထောက်ခံသည်။

"အင်း. . . ခက်တယ်ကိုရဲမိုး၊ အဲဒီအချိန်က သူ့အ ကြောင်းကိုပြောပြဖို့ အချိန်မရခဲ့ဘူး. . ၊ သိပ်ကြာသွားရင် ခင်ဗျား လက်ကို အစားထိုးဖို့အခွင့်အရေး ဆုံးရှုံးသွားမှာမို့လို့ပါ"

ဒေါက်တာက စိတ်ရှည်လက်ရှည် ရှင်းပြ၏။

"ပြီးတော့ အချိန်တွေလည်းကြာခဲ့ပါပြီ၊ လက်ကလည်း ခင်ဗျားနဲ့တဆက်တည်းဖြစ်နေပြီ. . အသားကျနေပြီ၊ သိပ္ပံပညာ ရပ်နဲ့ပဲပြောပြော စိတ်ပညာအရပဲပြောပြော အလှူရှင်နဲ့ခင်ဗျား ဘယ်လိုမှ ဆက်စပ်မှုမရှိဘူး၊ ဒီလက်ဟာ အခုခင်ဗျားရဲ့လက်. . ဆိုးပေရဲ့လက် မဟုတ်တော့ဘူး"

"ဒါပေမယ့် လူသတ်သမားတစ်ယောက်ရဲ့လက်နဲ့ အ စားထိုးပေးမှာလို့ ကျွန်တော့်ကိုဘာလို့မပြောခဲ့တာလဲ၊ ကျွန်တော် သိနေတယ်ဗျာ. . သူရဲ့သွေးဆိုးသွေးညစ်တွေ ကျွန်တော့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ လှည့်ပတ်နေတာ၊ စီးဆင်းနေတာ. . တသွေးထဲတသားထဲ ဖြစ်သွားတာဗျ၊ ကျွန်တော့်ဆန္ဒမပါဘဲ သူ့ဟာသူလှုပ်ရှားနေတာ"

"ခင်ဗျား ဘာတွေပြောနေတာလဲဗျာ၊ ဒီကိစ္စကို ကျွန်တော်မယုံဘူး၊ ခင်ဗျားရဲ့စိတ်စေစားမှုမပါဘဲ ဒီလက်က ဘာမှ လှုပ်ရှားနိုင်မှာမဟုတ်ဘူး"

"အဲဒါကို ဒေါက်တာဘယ်လိုသိလဲ၊ ဘာနဲ့သက်သေပြမလဲ"

ရဲမိုးစိတ်လှုပ်ရှားနေသဖြင့် လေသံက နည်းနည်းမာသွားသည်။ ဒေါက်တာက လူနာကိုနှစ်သိမ့်ပေးဖို့ ကြိုးစားသည့်အနေနှင့် ခပ်ပြုံးပြုံးမျက်နှာပေး ချိုချိုသာသာလေသံတို့နှင့် ပြန်ပြော၏။

"ကျွန်တော်ပြောတာကို နားထောင်ပါဦးကိုရဲမိုး၊ တကယ်လို့ ဒီလက်နဲ့ပတ်သက်ပြီး ရုပ်ပိုင်းဆိုင်ရာပြဿနာ တစုံတရာရှိလာခဲ့ရင် ကျွန်တော်တို့အားလုံး ခင်ဗျားကို စိတ်ပါလက်ပါ ပြုစုကုသပေးမယ်ဗျာ. . အဲဒါတော့ယုံ၊ ပြီးတော့ တခြားလိုအပ်တဲ့ ကိစ္စတွေ အကြံပေးတာကို ခင်ဗျားလိုက်နာဖို့လိုမယ်၊ ခင်ဗျား စိတ်ရောဂါကု ဆရာဝန်နဲ့ ပြကြည့်ပါလို့ ကျွန်တော်တိုက်တွန်းပါရစေ"

ရဲမိုး ဒေါက်တာအောင်ငြိမ်းသက်မျက်နှာကို ငူငူရဲရဲ ပြန်ကြည့်မိ၏။ ဆရာဝန်ကြီးက သူ့ကိုဂေါက်နေပြီဟု ယူဆထားပုံရ၏။ စကားဆက်ပြောဖို့ ရဲမိုး စိတ်ကုန်သွားသည်။

"အင်း. . ကျွန်တော်စဉ်းစားပါ့မယ်၊ ခုလို အချိန်ပေး တွေ့ဆုံတဲ့အတွက် ကျေးဇူးတင်ပါတယ်ဒေါက်တာ. . ခွင့်ပြုပါဦး"

www.burmeseclassic.com



"ကောင်းပါပြီ ကိုရဲမိုး"

ရဲမိုး အခန်းထဲမှ ခေါင်းငိုက်စိုက်ချထွက်လာခဲ့သည်။ သူ့နောက်မှာ ဒေါက်တာအောင်ငြိမ်းသက် လိုက်လာတာကို ခြေသံအရ သူသိနေသည်။ ထိုအချိန်တွင် ဆရာဝန်တစ်ယောက်အပြေးရောက်လာပြီး. .

"ဆရာ ခြေထောက်အစားထိုးလူနာ လမ်းလျှောက်နိုင်ပြီဆရာ. . လိုက်ကြည့်ပါဦး"

ကြားရသည့်စကားသံကို ရဲမိုး စိတ်ဝင်စားသွားပြီး ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ အောင်ငြိမ်းသက်နှင့် ဆရာဝန်တစ်ယောက် ဆန့်ကျင်ဘက်အရပ်သို့ အပြေးအလွှားထွက်သွားကြတာ တွေ့ရသည်။

ခြေထောက်အစားထိုးတပ်ဆင်သူဆို၍ ရဲမိုး အလွန်စိတ်ဝင်စားသွားပြီး နောက်မှအသာလိုက်သွားခဲ့၏။ သူ လေ့ကျင့်ခန်းဆင်းခဲ့ရာ မှန်လုံခန်းမကြီးအတွင်း ခါးသာသာလောက် ဘားတန်းနှစ်တန်းကိုအားပြုကာ လမ်းလျှောက်ကျင့်နေသော လူငယ်တစ်ယောက်အား တွေ့ရသည်။

ဘောင်းဘီတိုနှင့် ထိုလူငယ်၏ခြေထောက်ကို လှမ်းကြည့်အကဲခတ်မိသည်။ လူငယ်၏ ပေါင်ရင်းနှင့် ခြေထောက်တလျှောက်လုံး သူ့လိုပင် ချုပ်ရိုးဗလပွရှိနေတာ သတိပြုမိသည်။ သူ လက်အစားရကာစကလိုပင် ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားနေရတာကိုလည်း တွေ့မြင်ရ၏။ ဆရာဝန်နှစ်ယောက်က လမ်းလျှောက် ပြန်သင်နေသည့်လူငယ်အား ဂရုတစိုက်စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။

အခန်းပေါက်ဝရှိ စာဝင်စာထွက်ခွက်ထဲတွင် ဖိုင်တစ်ခု ရှိနေတာလည်း ရဲမိုး သတိပြုမိသည်။ ပတ်ဝန်းကျင်အနေအထားကို အကဲခတ်ပြီး ဖိုင်ကိုဆွဲယူလှန်ကြည့်လိုက်၏။ ဒီပါဝေါ နန်းထိုက်အောင်၊ ဦးခင်မောင်ဆိုသည့် အမည်နာမများဘေးတွင် ခြေထောက်အစားထိုးသူ၊ လက်အစားထိုးသူ၊ မျက်ကြည်လွှာ လက်ခံသူဟူ၍ စာရင်းရေးသွင်းထားတာတွေ့ရ၏။ ထိုသူတို့၏ လိပ်စာများကိုမှတ်သားပြီး ဖိုင်ကိုပြန်ထားလိုက်သည်။

ဒီအင်္ဂါအစိတ်အပိုင်းတွေအားလုံး ဆိုးပေပိုင်ဆိုင်သည့် အရာတွေပဲလားဆိုတာ ရဲမိုး အလွန်အမင်းသိချင်နေ၏။

ထို့အတွက် ဒီဆေးရုံနှင့်အနီးဆုံးဖြစ်သည့် မျက်ကြည် လွှာအစားထိုးသူ ဦးခင်မောင်အိမ်သို့ ဦးတည်မောင်းလာခဲ့သည်။ ကြည့်မြင်တိုင် ညဈေးလမ်းအတွင်း ဝင်လာခဲ့ပြီး လိပ်စာပါ တိုက် နံပါတ်အနီး ကားရပ်၍ဆင်းခဲ့သည်။ အနီးအနား စုံစမ်းမေးမြန်း စရာလူကို ရှာနေခိုက်မှာပင် လိပ်စာပါတိုက်လှေကားမှ လူတစ် အုပ်ဆင်းလာတာတွေ့ရ၏။

အော်ဟစ်ရုန်းကန်နေသော လူကြီးတစ်ယောက်ကို လူ ငယ်သုံးယောက်က ဝိုင်းချုပ်ပြီး ခေါ်လာကြခြင်းဖြစ်သည်။ ဟိုလူ အုပ်နှင့် ရဲမိုး မျက်နှာချင်းဆိုင်ဆုံမိသည်။ ရဲမိုးကိုတွေ့သွားသည် ရုန်းကန်နေသောလူကြီးမှာ ငြိမ်ကျသွားကာ သူ့ကိုစူးစူးစိုက်စိုက် ကြည့်နေလေ၏။ ရုတ်တရက်ဆိုသလိုပင် ချုပ်ထားသည့်ကြားက ရုန်းထွက်ပြီး ရဲမိုးထံ တိုးဝင်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် လက်သူခိုး၊ မင်းကိုငါမှတ်မိတယ် ငါ့လက် ပြန်ပေး . ."

အားလုံးဝိုင်းဆွဲထား၍ တော်သေးသည်။

"တောင်းပန်ပါတယ် အစ်ကိုရာ၊ ဦးလေး စိတ်ကယောက် ကယက်ဖြစ်နေလို့ ရွာသာကြီးပို့ဖို့ခေါ်လာတာပါ ဆောရီးနော်"

"ရပါတယ်ကွာ . . ဘာမှမဖြစ်ပါဘူး"

ထိုလူကြီးကိုထိန်းပြီး ကားတစ်စီးထဲ အတင်းထည့်နေကြ သည်။

"မလိုက်ဘူး . . မလိုက်ဘူး . . ငါမအားဘူး၊ ငါ့ခန္ဓာ အစိတ်အပိုင်းတွေအားလုံး ပြန်ယူရဦးမှာ"

လူကြီးပြောဆိုနေသည့် စကားတွေအရ ဆိုးပေထံမှ မျက် ကြည်လွှာရယူထားသူ ဦးခင်မောင် ဖြစ်လိမ့်မည်ဟု မှန်းဆမိ၏။ ရုတ်ရုတ်သည်းသည်းဖြစ်သွားသည်မို့ အိမ်နီးချင်းတွေ စုပြုံထွက် ကြည့်နေကြ၍ လူအုံနေ၏။ ရဲမိုး လူတစ်ယောက်အား မေးမြန်း စုံစမ်းကြည့်လိုက်သည်။

"အဲဒါ ဦးခင်မောင်လား"

"ဟုတ်တယ်ဗျ. . အစကအကောင်းကြီးပါဗျာ၊ ပင်လယ် စားမွှာရုံလူကြီးတစ်ယောက်ပေါ့. . မျက်လုံးတိမ်စွဲပြီး ကွယ်သွား လို့ မျက်ကြည်လွှာအစားထိုးခွဲစိတ်လိုက်တာလေ၊ အားလုံးပြန် မြင်ရပေမယ့် အနိဋ္ဌာရုံတွေပဲ မြင်နေရတယ် ဆိုလားပဲ၊ ပြီးတော့ ငါ့လက်ငါ့ခြေထောက်တွေပြန်ပေးဆိုပြီး ဆောင်းကျန်းနေတာ. . ခင်ဗျားလည်းခံလိုက်ရတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော်ဘာမှမဖြစ်ပါဘူးဗျာ၊ သူ့ အဖြစ်က သာ သနားစရာကောင်းတာပါ"

ရဲမိုး အလိုက်သင့်ပြောပြီး ကားထဲဝင်ထိုင်လိုက်သည်။

ဦးခင်မောင်၏အဖြစ်ကို မြင်ရမှ ပိုပြီးစိတ်ဓာတ်ကျသွားရ၏။ ဆိုးပေဆီက ကိုယ်အင်္ကျီယူထားသူ ဘယ်နှစ်ယောက်ရှိသလဲဆိုတာ အတိအကျသိချင်လာ၍ ဒေါက်တာအောင်ငြိမ်းသက်ထံ ဖုန်းဆက်မေးမြန်းမိသည်။

"ဟုတ်ကဲ့ ဒေါက်တာ. . ကျွန်တော် ရဲမိုးပါ"

"ကိုရဲမိုး. . ပြော ဘာကိစ္စလဲ"

"ဒီလိုပါ ဆိုးပေဆိုတဲ့ လူသတ်သမားဆီက ကိုယ်အင်္ကျီ အစားထိုးထားသူအားလုံး ဘယ်နှစ်ယောက်ရှိသလဲ၊ သူ မသေခင် ဘာတွေလှူနိုင်ခဲ့သလဲဆိုတာ သိချင်လို့ပါ"

"အာ. . ဒါက တော့ပ်စီးကရက်ဗျ"

"လုပ်ပါဒေါက်တာ၊ ကျွန်တော့်အတွက် သိပ်အရေးပါနေလို့ပါ"

တစ်ဖက်မှ ခေတ္တအသံတိတ်သွားသည်။ မိနစ်ဝက်ခန့်ကြာမှ. . .

"ထပ်တော့မဖွနဲ့နော် ကိုရဲမိုး၊ လက်နှစ်ဖက်ယူတာက နှစ်ယောက်၊ ခြေထောက်နှစ်ဖက်ယူတာတစ်ယောက်ဗျာ၊ အဲဒီမှာ တင် သွေးထွက်လွန်ပြီး သူဆုံးသွားတာ၊ ဒါနဲ့ နောက်ဆုံး မျက်ကြည်လွှာပဲ ယူနိုင်တော့တာပေါ့၊ အားလုံးပေါင်း လေးယောက်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်ကဲ့ ဒါဆို ကျောက်ကပ်နဲ့နှလုံး မလှူလိုက်နိုင်ဘူးပေါ့"

"ဟုတ်တယ်ကိုရဲမိုး မူလအစီအစဉ်က ကျောက်ကပ်အရင်ထုတ်ဖို့ပဲ၊ ဒါပေမယ့် အရေးပေါ်တွေဖြစ်ပြီး အားလုံး အစီအစဉ်ပြောင်းသွားတာ"

"ဟုတ်ကဲ့ ကျေးဇူးပါဒေါက်တာ "

သိချင်တာသိရပြီမို့ ရဲမိုး အိမ်ပြန်လာခဲ့၏။ မျက်ကြည်လွှာရထားသည့် ဦးခင်မောင် အနိဋ္ဌာရုံတွေမြင်သည်ဆိုတာ သူ့လိုပဲ ဆိုးပေသတ်ခဲ့သည့် လူသတ်မှုတွေပြန်မြင်နေတာပဲဖြစ်လိမ့်မည်။ ရဲမိုးက အိပ်မက်အနေနှင့်သာ တဆင့်ခံမြင်တွေ့ရသော်လည်း ဆိုးပေ၏မြင်လွှာတွင်စွဲထင်နေသော ပုံရိပ်တွေကို ဦးခင်မောင် အသေးစိတ်မြင်နေရ၍သာ အကြောက်လွန်ပြီး. . စိတ်ဖောက်ပြန်သွားတာဟု မှတ်ချက်ချမိ၏။

ဦးခင်မောင်နှင့် ပြောဆိုဆွေးနွေးခွင့်မရတော့၍ နောက်ထပ် လက်တစ်ဖက်ရယူထားသည့် ပန်းချီဆရာနန်းထိုက်အောင်နှင့် ခြေနှစ်ဖက်အလှူခံပုဂ္ဂိုလ် ဒီပါဝေတို့သာ ကျန်တော့သည်။ သူ့လိုပဲ သူတို့တွေ တွေ့ကြုံခံစားနေရသလားဆိုတာ ရဲမိုး သိချင်နေ၏။

နောက်နေ့မှာ နန်းထိုက်အောင်ဆီ သွားတွေ့သည်။ ဆေးရုံက မဆင်းရသေးသည့် ဒီပါဝေကိုတော့ စောင့်ကြည့်လေ့လာသွားမည်ဟု ရဲမိုး ဆုံးဖြတ်လိုက်၏။ အပြန်လမ်း မီးပွိုင့်တစ်ခုတွင် မီးနီမိ၍ ရပ်စောင့်နေရင်း ရဲမိုး အတွေးတွေနှင့်နပန်းလုံးနေမိခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ကားက လေးဘီးလုံးရပ်ထား၍ ငြိမ်နေစဉ် ဒက်(ရှ်)ဘုတ်ပေါ်မှ စပရိန်တပ်ခွေးရုပ်လေး ခေါင်းလှုပ်လာသည်။ ရဲမိုး လန့်သွားသော်လည်း သတ္တိမွေးပြီး အရုပ်ကိုလှမ်းကိုင်၍ ငြိမ်အောင် ထိန်းပေးလိုက်၏။

အရုပ်ငြိမ်သွား၍ လက်ရုပ်လိုက်စဉ်မှာပင် ပြန်လှုပ်လာပြန်သည်။ ရဲမိုး ချွေးစို့ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေခိုက်မှာပင် နောက်ကြည့်မှန်တွင် ချိတ်ထားသည့် စံပယ်ပန်းတွဲက ဘယ်ညာခါရမ်းလာပြန်သည်။ ဒါ ဝိညာဉ်တစ်ခုခုက ရဲမိုးနားမှာ သူရှိနေကြောင်း အသိပေးခြင်းသာဖြစ်လိမ့်မည်။

ထိုဝိညာဉ်က ဆိုးပေသာဆိုလျှင် ရဲမိုးဘဝ မလုံခြုံတော့။ ဘယ်လိုတုန့်ပြန်ရမလဲတွေးရင်း ကြောက်စိတ်ကို တွန်းလှန်နေရသည်။ ရုတ်တရက်ပေါ်လာသည့်အတွေးနှင့် ပရိတ်ခွေယူကာ ဖွင့်ထားလိုက်၏။

ထိုအခါမှပဲ ကားထဲက ပုံမှန်မဟုတ်သော လှုပ်ရှားမှုတွေ ရပ်တန့်သွားတော့သည်။ ရဲမိုးလည်း သက်ပြင်းခိုးရှိုက်ပြီး မီးစိမ်းသည်နှင့် မောင်းထွက်လာခဲ့တော့၏။

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com


**ပန်း**ချီဆရာ နန်းထိုက်အောင်ထံသို့ စောစောစီးစီးပင် ရဲမိုး ထွက်လာခဲ့၏။ တစ်ခါမှ မတွေ့ဖူးသူကို ဘယ်လိုစမိတ်ဖွဲ့ရမလဲတွေးရင်း. . အပေါ်ဆုံးထပ်အရောက် တံခါးဝတွင် ပန်းချီ နန်းထိုက်အောင်ဟု ဆိုင်းဘုတ်ချိတ်ထားသောတံခါးကို ခေါက်လိုက်၏။

မသဲမကွဲရေရွတ်သံများ၊ ပစ္စည်းရွေ့သံများနှင့်အတူ ခြေသံကြားရသဖြင့် ထပ်မခေါက်တော့ဘဲ စောင့်နေလိုက်၏။ သိပ်မကြာခင်မှာပင် ဂျက်ဖြုတ်သံနှင့်အတူ တံခါးအနည်းငယ် ဟလာသည်။ ကောက်ကွေးတွန့်လိမ်ပြီး ဖိုသီဖတ်သီဆံပင်များနှင့် နှစ်လိုဖွယ်မကောင်းသော မျက်နှာတစ်ခုကို တွေ့ရ၏။

"ဘာကိစ္စလဲကိုယ့်လူ"

"ခင်ဗျားနဲ့ တိုင်ပင်စရာလေးရှိလို့ပါ"


www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျားကို ကျုပ်မသိဘူး၊ ကျုပ်တို့နှစ်ယောက်ကြားမှာ အာတွေပြောစရာရှိနေလို့လဲ"

"လက်အကြောင်းပေါ့၊ ခင်ဗျားနဲ့ကျုပ်မှာ အစားထိုးထားတဲ့ လက်တစ်ဖက်စီရဲ့ကိစ္စပါ"

"ဒါဆိုရင်တော့ စိတ်ဝင်စားသွားပြီ"

နန်းထိုက်အောင်၏မျက်နှာပေါ် ဇဝေဇဝါ အမူအရာနှင့် အံ့သြရိပ်တို့ ယှက်သမ်းသွားတာ သတိပြုမိ၏။ မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ ခေါင်းညိတ်လိုက်ရင်း ဝင်လို့ရအောင် တံခါးဖွင့်ပေးသည်။

ရဲမိုးအထဲရောက်သည်နှင့် မွှန်ထူနေသော အရောင်တင်ဆီအနံ့၊ ဆေးအနံ့များကို ရလိုက်၏။ တိုက်ခန်းတစ်ခုလုံး ပရိဘောဂ သိပ်မရှိလှဘဲ ပန်းချီကားမျိုးစုံသာ တစ်ပုံတစ်ပင်ကြီးရှိနေသော နန်းထိုက်အောင်အခန်းက ညှော်သည်ကို ကြိုဆိုပုံမပေါ်ပေ။ သက်ညှိုးထိုးမလွဲ ချိတ်ထားသော ပန်းချီကားများကို ဝေ့ဝဲကြည့်တာ အကဲခတ်လိုက်၏။ အားလုံးက စိတ်ညစ်ညူးစရာပုံမျိုးတွေသာဖြစ်နေသည်။

"ကဲ. . ပြောစမ်းပါဦး၊ တကူးတကရောက်လာပြီး ကျုပ်နဲ့ သက်မောင်းလှဲပြိုင်မလို့လား"

"ကျုပ်တို့ရဲ့လက်တွေက လူသတ်သမားတစ်ယောက်ရဲ့ လက်တွေဆိုတာ ခင်ဗျားသိသလား"

"ဒါတွေကျုပ်မသိဘူး၊ ကျုပ်ဘဝက ခွေခြင်းတရားကို ဆန့်ကျင်ပြီး အသစ်ပြန်မွေးဖွားပေးလိုက်သလိုပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



နန်းထိုက်အောင်ပြောနေတာကို ရဲမိုး မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေ၏။ သူ့အကြည့်က နန်းထိုက်အောင်၏ ပန်းချီကားများထံရောက်နေပြီး အထိတ်တလန့်ဖြစ်သွားသည်။

ခြောက်ခြောက်ခြားခြားမြင်ကွင်းများ၊ လည်ပင်းညှစ် သတ်နေသည့်ပုံများ၊ ရက်ရက်စက်စက်ထိုးကြိတ်နေပုံများ၊ ဓား နှင့်ထိုးသတ်နေပုံများဖြစ်၏။

"ခုဆို . . ကျုပ်အလုပ်ကို ကောင်းကောင်းလုပ်နိုင်သွားပြီ လေ"

နန်းထိုက်အောင်က သူ့ဘာဝသူ ကျေနပ်နေပုံရသည်။ မူလကပင် ဘယ်ကျော်တစ်ယောက်ဖြစ်ဟန်တူသော နန်းထိုက် အောင်က ဘယ်လက်နှင့် ရေးလက်စပုံကို ဆေးရောင်သွင်းနေရာ မှ လှည့်ကြည့်ရင်းပြောသည်။

"ခင်ဗျား ထူးထူးခြားခြားအဖြစ်တွေ ထိန်းချုပ်မရတာတွေ မကြုံရဘူးလား၊ သိပ်အံ့ဩစရာကောင်းတဲ့ အဖြစ်မျိုးတွေလေ၊ အဲဒီလှုပ်ရှားမှုအားလုံးဟာ ဆိုးပေရဲ့ မူလအကျင့်စရိုက်တွေပဲ"

"ခင်ဗျား ဘာတွေလာပြောနေတာလဲဆိုတာ ကျုပ်တော့ နားမလည်တော့ဘူးဗျာ"

နန်းထိုက်အောင်က ရဲမိုးပြောတာတွေကို လက်မခံဘဲ

"ဒီမယ် ကျုပ်ဒီလက်ကိုရပြီးမှ ဉာဏ်တွေအရှင်းကွန့်မြူး လာတယ်၊ အဲဒီအတွေးတွေကို လေထဲကနေ လှမ်းဆုပ်ယူလိုက် သလိုမျိုး ကျုပ်ပန်းချီကားတွေကို ဖန်တီးနေနိုင်တယ်ဗျာ၊ အဲဒီ အတွက် ခင်ဗျားပြောတဲ့ ဆိုးပေဆိုတဲ့လူဆိုးကြီးကို ကျေးဇူးတင်ရ



www.burmeseclassic.com

www.burmeseclassic.com



ရာပဲ"

နန်းထိုက်အောင် လက်ခံလာအောင် ရဲမိုးဘယ်လိုပြောရ နမ်းမသိတော့။ အနုပညာသည်တွေ ခေါင်းမာတာကို လက်တွေ့ တွေ့နေရပြီ။

"နေဦး ကျုပ်ရဲ့လက်အသစ်နဲ့ဆွဲထားတဲ့ ပန်းချီကားတွေ ခင်ဗျားကိုပြဦးမယ်"

နန်းထိုက်အောင်က နံရံကိုမှီ၍ထောင်ထားသော ပန်းချီ ကားများကိုသွားယူကာ ပြတော့၏။

"ကြည့်. . ဒီမှာကြည့် မြင်လား ကျုပ်လက်ရာတွေ၊ လွန် ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်တုန်းက ကျုပ်ဟာ ရှုခင်းဓာတ်ပုံတွေကို ပြန်ကူးဆွဲတဲ့ ခပ်ညံ့ညံ့ပန်းချီဆရာတစ်ယောက်၊

အခုအရမ်းအောင်မြင်နေတယ်၊ လုပ်တိုင်းဖြစ်နေတယ်၊ ဒီဘယ်ဘက်လက်နဲ့ စပြီးရေးခဲ့တဲ့ ပထမဆုံးသုံးပတ်အတွင်း ပန်း ချီကားသုံးကား ရောင်းလိုက်ရတယ်"

နန်းထိုက်အောင်ကို တုန့်ပြန်ပြောဖို့စကားတွေ ရဲမိုး ရှာ ဖွေရင်း ငြိမ်နေရ၏။ ခဏကြာမှ အခန်းထဲက ထိတ်လန့်ဖွယ်ပန်း ချီကားများကို ဝေ့ဝဲညွှန်ပြလိုက်ပြီး. . .

"ဒါတွေဟာ အနုပညာမဟုတ်ဘူး၊ ခင်ဗျားဖန်တီးထားတဲ့ ပန်းချီကားတွေမဟုတ်ဘူး၊ ဒါ ဆိုးပေရေးတဲ့ ပန်းချီကားတွေလေ၊ သူသတ်ခဲ့ပုံကို သူ့လက်နဲ့ပြန်ရေးထားတာ၊ ခင်ဗျားလက်က ရှုခင်း ပုံတွေပဲ ရေးခဲ့တာမဟုတ်လား"

ရဲမိုးစကားကြောင့် နန်းထိုက်အောင် ဒေါပွသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုးကပဲဆက်၍. .

"သူ ကျူးလွန်ခဲ့သမျှ လူသတ်မှုတွေကို မှတ်တမ်းတင် ခင်းကျင်းပြသနေတာ၊ ခင်ဗျားရဲ့စိတ်ကိုသိမ်းပိုက်ပြီး သူ့အတွေး တွေကို ပုံဖော်ထားတာမို့လို့ အနိဋ္ဌာရုံပန်းချီကားတွေပဲဖြစ်နေ တာ၊

ကြည့်ပါလား. . အလန့်တကြားအော်ဟစ်နေတဲ့ပုံ၊ သွေး သံရဲရဲမြင်ကွင်းတွေ၊ သတ်ဖြတ်နေတဲ့ပုံတွေချည်းပဲလေ၊ အဲဒါ ဆိုးပေရဲ့လက်ရာတွေ ကျုပ်သေသေချာချာ သိနေတယ်၊ ဘာလို့ လဲဆိုတော့ ဒီပန်းချီကားတွေအားလုံး ကျုပ်စိတ်ထဲမှာလည်း ရှိနေ လို့ပဲ"

"ကျုပ်ရဲ့ပန်းချီကားတွေကို ခင်ဗျားအတွေးထဲမှာ မြင်ဖူး နေတယ်ပေါ့. . ဟုတ်လား"

"ဟုတ်တယ်"

ပန်းချီဆရာမှာ မခံမရပ်နိုင်အောင် ဖြစ်သွားပုံရ၏။ သံပုံး ထဲ ရေထည့်စိမ်ထားသည့် စုတ်တံများထဲမှ တစ်ချောင်းကိုဆွဲယူ ပြီး. .

"မြင်လား. . ဒါ စုတ်တံ"

နောက်ထပ် ဆေးဘူးတစ်ဘူး ယူလာကာ ပြပြန်သည်။

"ဒါဆို ခင်ဗျားရေးကြည့်လိုက်လေ စိတ်ထဲမှာရှိနေတယ် ဆိုရင်. . ရော့. . လာရေး"

သူ့ပညာကို ထိခိုက်လာ၍ အကြီးအကျယ်ဒေါပွသွားပုံရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူတိုင်း ပန်းချီဆရာဖြစ်နိုင်တယ်ထင်ရင် ရေးကြည့်လိုက်စမ်းပါ"

ရဲမိုး ခေါင်းရမ်းပြလိုက်၏။

"ခင်ဗျား ပြဿနာတွေယူပြီး အလည်လာတဲ့သူပဲ ကျုပ်အရမ်းအလုပ်များနေတယ်ဗျာ၊ ခေါင်းထဲမှာ ပန်းချီဆွဲဖို့ အကြောင်းအရာတွေ အရမ်းကွန့်မြူးနေတယ်၊ ငှက်တွေလိုပဲ ပျံသန်းနေကြတာ. . အဲဒါတွေ အမိအရဖမ်းဆုပ်ရဦးမယ်"

နန်းထိုက်အောင်က စုတ်တံနှင့်ဆေးဘူးကိုပစ်ချလိုက်ပြီး အခန်းတံခါး သွားဖွင့်ပေးသည်။ ထွက်သွားပါတော့ဟု အဓိပ္ပါယ်သက်ရောက်သည့် အမူအရာမျိုးလုပ်ပြ၏။

"ကျုပ်အလုပ်ရှိသေးတယ်"

ရဲမိုး အထွန့်တက်ဖို့မကြိုးစားတော့ အေးအေးဆေးဆေးပင် စတူဒီယိုထဲမှ ထွက်လာခဲ့၏။ အခန်းပြင်သို့ ခြေတစ်လှမ်းအရောက်မှာပင် ဝုန်းခနဲ ဆောင့်ပိတ်လိုက်သော တံခါးသံကို ကြားလိုက်ရသည်။

"တောက်!. . ဘယ်လိုလူလဲ မသိဘူး၊ သူ့အတွက် အချိန်တော်တော်ပေးလိုက်ရတယ်၊ ဘာတဲ့ လူသတ်သမားရဲ့လက်ရာ ဟုတ်လား. . ဟား. . ဟား. . ဟား. . ဟား"

နန်းထိုက်အောင် ဟားတိုက်ရယ်လိုက်ရင်း ရေးလက်စအထိတ်တလန့် အော်ဟစ်နေသည့်လူတစ်ယောက်ပုံရှေ့တွင် ရပ်လိုက်သည်။ ညိုညစ်ညစ် မှိုင်းတိုင်းတိုင်း နောက်ခံအရောင်ကို နောက်တစ်ကြိမ်ဆေးထပ်ဖြည့်လိုက်၏။ ထိုသို့ရေးဆွဲရင်း လတ်



www.burmeseclassic.com

www.burmeseclassic.com



တလောဆွဲပြီးထားသည့် ပန်းချီကားများကို တစ်ချက်ငဲ့ကြည့်မိသည်။

ဟိုလူပြောလည်းပြောစရာပင် အားလုံးက အနိဋ္ဌာရုံများသာဖြစ်နေသည်။ ခုတလော ဒါမျိုးတွေကိုသာ သူဆွဲဖြစ်နေ၏။ သူ့စိတ်ကို လူသတ်သမားကလွှမ်းမိုးပြီး ရေးထားတာ ဟုတ်များဟုတ်နေလေသလားမသိ။ ဒါမျိုးတွေကိုမယုံသည့် လူတစ်ယောက်ပီပီ ထိုအတွေးစကိုမောင်းထုတ်ပြီး ဆီဆေးတွေမခြောက်ခင် လိုသလိုပုံဖော်ရဦးမည်မို့ ပန်းချီဆွဲရာတွင် အသုံးပြုသည့် သန်လျက်အသေးတစ်ချောင်းကို လှမ်းယူလိုက်သည်။

ဘယ်လက်နှင့်လှမ်းယူလိုက်မိသည်က ရောနှောတင်ထားသည့် ပစ္စည်းပုံထဲမှ ဓားတစ်ချောင်းဖြစ်နေ၏။ ဒါကို နန်းထိုက်အောင် သတိမပြုမိဘဲ လူပုံ၏ရင်ဘတ်နေရာတွင် စုပုံနေသည့် ဆေးများကို ထိုးညှိလိုက်တော့သည်။

"ဗြွ!. ."

"ဟင်. ."

ဆေးကိုကော်ထုတ်လိုက်သော်လည်း လက်အချိန်အဆများသွားပြီး ပန်းချီကားကို ထိုးခွဲလိုက်သလိုဖြစ်သွား၏။

"ဟာ. . သွားပါပြီကွာ"

ရေးဆွဲထားပြီးသား ကင်းဘတ်စ ပြဲသွား၍ နန်းထိုက်အောင် စိတ်လေသွားသည်။ သူ မယုံနိုင်စွာ သူ့ဘယ်လက်ကိုငုံ့ကြည့်မိ၏။ သန်လျက်ယူတာ ဘာကြောင့် ဓားကိုကောက်ကိုင်မိသည်မသိ။ ပန်းချီဆွဲဖို့ ထက်သန်နေမှုမှာ ရုတ်ချည်းလျော့ကျ



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

မရေးလို့လည်း မဖြစ်သည်မို့ သန်လျက် အချွန်ခပ်သေး သေးတစ်ချောင်းကို ကောက်ယူကာ ပန်းချီကားဘက်ပြန်လှည့် လိုက်သည်။

"ဟင်"

ပြသွားသည့် ကင်းဘတ်စနေရာမှ ဆေးနီတွေ စီးကျနေ တာ တွေ့ရ၏။ ဒါ သူချယ်သထားတာမဟုတ်။ ပန်းချီကားထဲမှ လူပုံ၏ ရင်ဘတ်တွင် အနီရောင်သုံးစရာအကြောင်းမရှိ။ ဆီဆေး ဆိုလည်း ဒီလိုစီးကျနေစရာ အကြောင်းမရှိသည်မို့ နန်းထိုက် အောင်စိတ်ထဲ တစ်မျိုးဖြစ်သွားကာ ဆေးနီကို လက်နှင့်တို့ယူကာ နမ်းကြည့်လိုက်သည်။

"ဟင်. . ဒါ. . သွေး. . သွေးတွေ၊ သွေးညီနံ့. . ဘုရား ဘုရား. . ဘာတွေဖြစ်ကုန်တာလဲ"

နန်းထိုက်အောင် စိုးရိမ်တကြီးဖြစ်သွားကာ ပန်းချီကား ကို စတင်း(န်)ပေါ်မှဖြုတ်ချကာ နောက်သို့လှန်၍ စစ်ဆေးကြည့် သည်။ ဘာထူးခြားမှုကိုမှမတွေ့ရ၍ အံ့သြသွား၏။ သူ အတော် လန့်သွားပြီဖြစ်သည်။

စိတ်က ချောက်ချားလာ၍လားမပြောတတ်။ သူ့ခန်း ထဲ ရိပ်ခနဲဖြတ်သွားသည့် လှုပ်ရှားမှုတွေ ခံစားမိသည်။ လုံးဝ သည်းမခံနိုင်တော့၍ နန်းထိုက်အောင် ထွက်ပြေးရှာသည်။

ဘလက်လေဘယ်ပုလင်းကို လှမ်းဆွဲလိုက်၏။ ဖန်ခွက် နှင့် သောက်ရေပင်မှယူတော့ဘဲ ပုလင်းလိုက်မော့သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားက သွေးတွေထွက်လာသည့်ကိစ္စကို အရက်နှင့်မေ့ပင် ဖို့ ကြိုးစား၏။ တစ်ကျိုက် နှစ်ကျိုက် သုံးကျိုက်. . ပုလင်းထဲ လက်သုံးလုံးလောက်လျော့သွားရာ နန်းထိုက်အောင် မူးသွား သည်။ ဒယိမ်းဒယိုင်ထလျှောက်ပြီး ရေခဲသေတ္တာဖွင့်ကာ ရေတစ် ဘူးယူ၍ အငမ်းမရမော့သောက်သည်။

ရင်အပူငြိမ်းသွားသော်လည်း အကြောက်ကမပြေ ခြေ သံတွေ ကြားနေရသလိုခံစားမိ၏။ ထိုအခိုက်မှာပင် သူ့ပန်းချီ ကားထဲက လူပုံတွေလှုပ်ရှားလာကာ နာကျင်စွာညည်းညူအော် ဟစ်ကြတော့သည်။

"ဟာ. . သ. . သ. . သရဲ. ."

ထိုမြင်ကွင်းကြောင့် နန်းထိုက်အောင် အကြောက်လွန် ပြီး သတိလစ်လဲကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

မင်္ဂလာဆောင်က မြို့နယ်ခန်းမတွင်ဖြစ်သည်။ ရှိ ဘက်အသိုင်းအဝိုင်းမှဖြစ်၍ လက်ရှိတာဝန်ထမ်းဆောင်နေသူ အများအပြားလာကြသည်။ စခန်းမှူးနှင့် သောင်းဝေလင်းတို့ကို တွေ့သဖြင့် သူတို့ဝိုင်းမှာပင် ရဲမိုးတို့လင်မယား ဝင်ထိုင်လိုက်ကြ၏။ ကတော်တွေအချင်းချင်း စကားပြောကြသလို ရဲမိုးလည်း သောင်းဝေလင်းတို့နှင့် ဝိုင်းဖွဲ့ဖြစ်၏။ ဥပုံခြံရေးမှူးဖြစ်သူ သတို့

www.burmeseclassic.com



သားအကြောင်း အနည်းငယ်ပြောဆိုပြီး အမှုအကြောင်းသို့ ရောက်သွားသည်။

"စိတ်ကျန်းမာရေးဆေးရုံကအဖြစ် ကြားပြီးပြီလား"

"မသိသေးဘူးဆရာ ပြောပါဦး"

"ရွာသားကြီးက လူနာတစ်ယောက်လေ မျက်လုံးနှစ်လုံး အထုတ်ခံရပြီး သေသွားတာ တရားခံမမိသေးဘူး စုံစမ်းတုန်းပဲ"

"ဗျာ. ."

စခန်းမှူးပေးသည့်သတင်းကြောင့် ရဲမိုး ခြေဖျားလက် ဖျားတွေ အေးလောက်အောင်ပင် ထိတ်လန့်သွားသည်။

"အဲဒီ. . အဲဒီ လူကြီးနာမည် ဦးခင်မောင် မဟုတ်လား"

"ဟင်. . မင်းဘယ်လိုသိလဲ"

စခန်းမှူးကို အကျိုးအကြောင်းရှင်းပြလိုက်ရသည်။

"ဆိုလိုတာက ဆိုးပေက သရဲဘဝနဲ့ သူ့မျက်လုံးပြန်လာ ယူတယ်ပေါ့. . အဲလိုလား ရဲမိုး"

"ဟုတ်ပါတယ် စခန်းမှူး"

ထိုကောက်ချက်ကို စခန်းမှူးရော သောင်းဝေလင်းပါ လက်မခံကြ။

"ဆရာပြောတော့ မျက်လုံးနှစ်လုံးအထုတ်ခံရတယ်၊ အဲဒီ မျက်လုံးလည်း ရှာမတွေ့ဘူးဆို"

"အဲဒါတော့မှန်တယ်လေ၊ ဒါပေမယ့် မင်းပြောတာက ဖြစ်မှမဖြစ်နိုင်တာ"

ရဲမိုးက လက်အစားရထားသည့် သူနှင့် ပန်းချီဆရာတို့



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိခံစားနေရသော အဖြစ်အပျက်တွေကို ထပ်မံရှင်းပြသည်။

သို့သော်လည်း လုံးဝလက်မခံကြ။ အဓိပ္ပါယ်မရှိကြောင်း သာ တွင်တွင်ငြင်းနေကြ၏။ နောက်ဆုံး နန်းကပါ ဆေးရုံမှဆင်း လာပြီး နောက်ပိုင်းထူးခြားမှုတွေကို ဝင်ပြောတော့မှ အငြင်းအခုန် တွေရပ်သွားသည်။

"တို့အပိုင်းက လူသတ်မှုတွေပေါ်ဖို့က ပိုပြီးအရေးကြီးပါ တယ်၊ မင်း ခွင့်စေ့လို့ ပြန်ဝင်လာရင်တော့ အဲဒါတွေက ဆီးကြို နေမှာ"

"ဟုတ်ကဲ့ စိတ်ချပါဆရာ"

"ဆရာ့ကိစ္စ ဆရာဝန်နဲ့ပြန်စစ်ဦးနော်. ."

ပြန်ကာနီး တီးတိုးကပ်ပြောသွားသည့် သောင်းဝေလင်း စကားကြောင့် ရဲမိုးစိတ်တွေ ပိုပြီးကျဉ်းကြပ်လာသည်။

ဦးခင်မောင်၏ သနားစဖွယ်အမူအရာကို ပြန်မြင်ယောင် ရင်း ရဲမိုး ဘုရားသာတ,နေမိတော့၏။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး အိမ်သို့ပြန်အရောက်တွင် တစ်အိမ်လုံး တိတ်ဆိတ် နေပြီး လူရိပ်လူယောင်မမြင်ရသဖြင့် စိတ်ပူသွားရသည်။ အိမ် တံခါးကို တွန်းဖွင့်ဝင်လာခဲ့ရင်း . .

"နန်းရေ . . နန်း . . သား . . သားရေ"

တကျော်ကျော်အော်ခေါ် ၍ဝင်လာခဲ့ရာ ဧည့်ခန်းအလွန် မတ်တပ်ဗီရိုရှည်နားအရောက် သူ့အပေါ် ခုန်အုပ်လိုက်သော လူတစ်ယောက်ကြောင့် နှစ်ယောက်သားလုံးထွေးကာ လဲ သွားရ၏။ သူ့အပေါ်ခွစီးထားသူက တခစ်ခစ်ရယ်ရင်း . .

"ရဲကို လူဆိုးက ခုန်အုပ်ပြီးဖိုက်တာ ဖေဖေ သွားပြီ ဟားဟား . . "

"ဟာ . . သားကြီး မင်းတော်တော်ဆိုးပါလား အသံမပေး ဘာမပေးနဲ့၊ သားက လူဆိုးကြီးပေါ့ဟုတ်လား၊ ဒါဆိုချမယ်ကွာ



www.burmeseclassic.com

www.burmeseclassic.com



ချမယ်”

“သိပ်ရတာပေါ့”

သားငယ်က ကုန်းကျုံးထလိုက်ပြီး နပန်းသမားတွေလို သူ့ အပေါ်ပစ်လှဲကာ တံတောင်နှင့်ထောင်းလိုက်၏။

“အွတ်. .”

သို့သော် ထိုခဏလေးအတွင်းမှာပင် ရဲမိုးညာလက်က သူ့ပ်ရှားသွားသည်။ သားကိုရိုက်ချလိုက်ခြင်းဖြစ်သည်။

“ဖြောင်း!. .”

“အား. .”

မချိမဆန့်အော်လိုက်သည့် သားအသံကိုကြားမှ လက်သွန်သွားပြီမှန်း ရဲမိုး သိလိုက်ရသည်။ ထိုအဖြစ်ကို နောက်ဖေးမှ ထွက်လာသော နန်းကိုယ်တိုင်ပင် ပက်ပင်းမြင်လိုက်သဖြင့် အပြေးအလွှား ရောက်လာလေသည်။

သားငယ်က သူ့အမေကို အကာအကွယ်ယူကာ အလန့်တကြားငိုနေရှာသည်။ ရဲမိုး ဘာလုပ်ရမှန်းမသိတော့. .

“ရှင် ဘယ်လိုလုပ်လိုက်တာလဲ ကလေးကို တဆုံးတဆ” ရဲမိုး ပျာပျာသလဲ တောင်းပန်ရ၏။

“အမှတ်တမဲ့ဖြစ်သွားတာပါ နန်းရယ်၊ သား. . နာသွားသား”

“မနာဘဲနေမလား ကျွန်မသားကို အဲ့လိုမရိုက်ရန့် မကြိုက်ဘူး. . သိလား. . သိလား”

နန်းက သားဆိပ်တက်နေသော ကျွဲသားသစ်မတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လို ပြေးဝင်လာပြီး ရဲမိုး ရင်ဘတ်အား လက်သီးဆုပ်နှင့် တအုန်း အုန်း ထုတော့၏။ ရဲမိုးလည်း သားကိုဂရုဏာသက်စွာကြည့်ရင်း နန်းလုပ်သမျှ ငြိမ်ခံနေလိုက်သည်။

အတွေးထဲမှာတော့ ညာလက်ကို ဘယ်လိုထိန်းချုပ်ရမ လဲဆိုတာကိုသာ စဉ်းစားနေမိ၏။ နန်းက ရဲမိုးကို အားရအောင် ထုနှက်ပြီး သားကို ထမင်းစားခန်းသို့ ဆွဲခေါ်သွားသည်။

"မေမေ . .၊ ဖေဖေ ဘာဖြစ်သွားတာလဲဟင် အရင်က ခုလို တစ်ခါမှ သားကိုမရိုက်ဖူးဘူး"

သားက သူ့အမေကိုမေးသည့်မေးခွန်းအားကြားပြီး ရဲမိုး ဝမ်းနည်းကြေကွဲသွားသည်။ သားကိုရိုက်တာ ဖေဖေ့စိတ်ရင်းမ ဟုတ်ပါဘူးကွယ်ဟု တီးတိုးပြောရင်း ရဲမိုး သူ့ညာလက်ကို မကျေ မချမ်းကြည့်မိသည်။

"ဒီလက် ဒီလိုပဲ အထိန်းအကွပ်မဲ့နေမယ်ဆိုရင် ငါဆက် ယူထားလို့ ဖြစ်ပါ့ဦးမလား"

ကြိတ်မနိုင်ခဲမရ အတွေးများနှင့် ညာလက်ကို ထိန်းချုပ် သည့်အနေနှင့် ဘောင်းဘီအိတ်ထဲထည့်လိုက်ရင်း ရဲမိုး အပြင် ထွက်လာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

ရဲမိုး ဒီပါဝေအား စောင့်ကြည့်ခဲ့သည်မှာ တစ်ပတ်ရောက်ရှိခဲ့ပြီ။ ဒီပါဝေက လမ်းကောင်းကောင်းလျှောက်နိုင်ပြီဖြစ်၍ ဆေးရုံမှဆင်းပြီး အိမ်တွင်အနားယူနေသည်။ အသိုင်းအဝိုင်းက ငွေကြေးပြည့်စုံကြသူများမို့ ဒီပါဝေအား ဂရုစိုက်ကြသော သတိပြုမိသည်။

သူငယ်ချင်းတွေလာခေါ်ပြီး ကုက္ကိုင်းဘုံကျောင်းမှ ဘတ်

www.burmeseclassic.com


စကတ်ဘောကစားကွင်းတွင် သူတို့အုပ်စု လေ့ကျင့်ကစားရင်း ဒီပါဝေအား ပုံမှန်ပြန်ဖြစ်လာရန် ဝိုင်းကူကြတာကို တွေ့နေရသည်။

ဒီနေ့လည်း ဒီပါဝေတို့အုပ်စု ဘုံကျောင်းမှာ ဘတ်စကတ်ဘောကစားနေကြ၏။ ရဲမိုး ဘုံကျောင်းစားသောက်ဆိုင်တွင် အအေးတစ်လုံးသောက်၍ အချိန်ဖြုန်းစောင့်ကြည့်သည်။ ကစားချိန် တစ်နာရီခန့်အကြာတွင် ရဲမိုး ကွင်းနားကပ်၍ အကဲခတ်သည်။ ဒီပါဝေ တစ်ယောက်ထဲပြေးလိုက် ခြင်းထဲဘောလုံးလှမ်းပစ်လိုက်နှင့် လေ့ကျင့်နေတာတွေ့၏။

နောက်တော့ . . ဒီပါဝေကို အလယ်တွင်ထား၍ ခွေးရူးလိုက်သလို ဘောလုံးပစ်တမ်း ကစားကြ၏။ ပုံမှန်အခြေအနေရောက်အောင် ဝိုင်းပြီးလေ့ကျင့်ပေးနေကြသည့် သဘောပင်ဖြစ်သည်။ ဒီပါဝေကလည်း လေထဲခုန်တက်၍ ဘောလုံးကို ကြားဖြတ်ဖမ်းယူနိုင်လောက်အောင် စွမ်းဆောင်ပြသည်။

"ဟား . . ဒီပါ မင်းလုံးဝကောင်းသွားပြီပဲ"

"ခြေထောက်အသစ်နဲ့ အရမ်းမိုက်နေတယ်ပေါ့ အရင်အတိုင်းပဲပေါ့"

"ဟုတ်တယ်ကွ ဒီခြေထောက်နဲ့ငါ လုံးဝအသားကျသွားပြီ၊ တော်သေးတာပေါ့ကွာ ဘုရားပေးတဲ့ ခြေထောက်ပြန်ရလို့"

ရဲမိုး ကားထဲပြန်ထိုင်နေလိုက်ပြီး သူတို့အပြန်ကို စောင့်နေလိုက်သည်။ ဆယ်မိနစ်လောက်အကြာမှာ ဒီပါဝေတို့အုပ်စု အဝတ်အစားလဲပြီး ထွက်လာကြတာတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com


နောက်ပြောင်တွန်းထိုးပြီး လျှောက်လာကြခိုက် ဒီပါဝေ က လမ်းပေါ်မှ Coke သံဘူးခွံတစ်ဘူးကို ခြေထောက်နှင့်ကန် လိုက်တာ မြင်ရသည်။ ကံဆိုးချင်တော့ ဘုံကျောင်းမှ ဝိတ်တာ တစ်ယောက်ကို ထိမှန်သွား၏။

အရှိန်ပြင်းသည်မို့ ဝိတ်တာက ဗိုက်ကိုနှိပ်ပြီး ထိုင်ချကာ အအီးအီးညည်းညူနေရှာသည်။ သူတို့အုပ်စုလည်း ဒီပါဝေအား မယုံနိုင်သလို ဝိုင်းကြည့်ကြတာတွေ့၏။ ဒီပါဝေလည်း သူ့ခြေ ထောက်သူ ငုံ့ကြည့်ရင်း တအံ့တဩဖြစ်နေပုံရသည်။ ဒါ ဆိုးပေ ၏ သွေးဆိုးဗီဇ ပြတာမှန်း ရဲမိုးသိလိုက်ပြီ။

ဒီပါက ဝိတ်တာထံ ပြေးသွားကာ တောင်းပန်စကားပြော နေ၏။ ရဲမိုးမှာ ဒီပါအဖြစ်ကို အထူးစိတ်ဝင်စားသွားပြီး အိမ်အ ပြန်ခရီးကို နောက်ယောင်ခံလိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ဒီပါက ကိုယ့်ကားနှင့်ကိုယ်လာသည်မို့ ကိုယ်တိုင်ကားမောင်းပြီး ပြန်တာကို တွေ့ရသည်။ ရဲမိုး နောက်ယောင်ခံလိုက်လာခဲ့၏။

တက္ကသိုလ်ရိပ်သာလမ်းဆုံ မီးပွိုင့်တွင် မီးနီမိသည်။ ရဲမိုး ကားနှင့် ဒီပါ့ကားမှာ ကြားတွင်တစ်စီးသာခြားသည်။ ကားက ဥတ္တာလစ်ဘက်သို့ကွေ့ရန် ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းသစ် ဘက် ယာဉ်ကြောယူထားသည်။ ကွေ့ရမည့်ဘက် မီးစိမ်းမပြခင် မှာပင် ဒီပါ့ကားက မြန်နှုန်းမြင့်အရှိန်နှင့် အတင်းမောင်းထွက်သွား တာတွေ့လိုက်ရ၏။

လမ်းနှင့် တာယာပွတ်သံအပြင် အတော်နီးတကြားအော် တစ်သံများ၊ ဘရိတ်အုပ်သံများ ဆူညံသွားသည်။ ဒီပါဝေ ကား


www.burmeseclassic.com

www.burmeseclassic.com



မောင်းကျွမ်းကျင်၍လားတော့မသိ ယာဉ်တိုက်မှုတော့မဖြစ်။

မီးစိမ်းမှ ရဲမိုး ဆက်လိုက်ခဲ့သည်။ ဆရာစံလမ်းထောင့် မရောက်ခင်တွင် ဒီပါ့ကား လမ်းဘေးတွင် ရပ်ထားတာတွေ့၏။ ရဲမိုး နောက်တွင်ထိုးရပ်လိုက်ပြီး ကားပေါ်မှဆင်းခဲ့သည်။ အနား လျှောက်ပြီး ကားထဲမှ ဒီပါ့အား ငုံ့ကြည့်လိုက်ရင်း. .

"အဆင်ပြေရဲ့လား မီးနီကို ဘာလို့အတင်းဖြတ်ဝင်သွားတာလဲ"

"ဘယ်လိုလုပ်အဆင်ပြေမလဲဗျာ၊ ကံကောင်းလို့ မသေတာ"

စိတ်ချောက်ချားနေသည့်ဟန်နှင့် ချွေးသီးချွေးပေါက်ကျနေသောဒီပါက တုန်တုန်ရီရီနှင့်ပြောသည်။

"ဘယ်လိုဖြစ်သွားတာလဲ ငါ့ညီ"

"ဘာ. . ဘာဖြစ်သွားမှန်း မသိပါဘူးဗျာ၊ ခြေထောက် ဒီခြေထောက်ကြောင့်"

"ခြေထောက်က ဘာဖြစ်နေလို့လဲ"

"မပြောတတ်တော့ဘူး ကိုယ့်ခြေထောက်ကိုယ် ထိန်းလို့မရဖြစ်သွားတာ၊ မီးနီစောင့်နေတုန်း ခြေထောက်တွေ တဆတ်ဆတ် တုန်လာတယ်၊ ပြီးတော့ သူ့ဘာသာအလိုလိုပဲ လီဘာကို ဆောင့်နင်းပြီး ထွက်သွားတာ၊ ဒီလိုမလုပ်ရဘူးဆိုတာ ကျွန်တော် သိတာပေါ့၊ ဒါကြောင့်. . ဘယ်ခြေနဲ့ ဘရိတ်ကိုနင်းတော့လည်း ခြေထောက်က လုံးဝနင်းလို့မရတော့ဘူး၊ ဘာဖြစ်မှန်းကို မသိဘူး ဗျာ ကျွန်တော်ရူးသွားတာများလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . အဲဒီလိုမဟုတ်ဘူး ငါ့ညီ၊ ကိုယ်ရှင်းပြမယ်. ."

ရဲမိုးက သူတို့အကြောင်းများ ပြောပြအပြီး သူ့လိပ်စာကတ်ကို ထုတ်ပေးလိုက်သည်။

"တကယ်လို့များပေါ့ ခြေထောက်တွေကြောင့် ထူးခြားတာတစ်ခုခုကြုံလာရင် ကိုယ့်ဆီဖုန်းဆက်ပါ"

"ဟုတ်ကဲ့"

ရဲမိုး နှုတ်ဆက်ပြီးထွက်လာခဲ့၏။ ဒီပေါ့အနေနှင့် ကားမမောင်းသင့်ကြောင်း ပြောဖို့အထိတော့ ဝင်မစွက်ဖက်ချင်။ သူသည်း သူ့လက်သူသတိထားနေရသည် မဟုတ်လား။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုးနှင့်နန်း တစ်အိပ်ယာတည်း အတူယှဉ်တွဲ အိပ်စက်နေသော်လည်း အလွန်ဝေးကွာနေသလို ထင်ရ၏။ သားကို ရိုက်မိပြီးသည့် အချိန်မှစ၍ နန်းက ခပ်ခွာခွာနေလာခဲ့သည်။ ယခုလည်း ပြန်လည်နီးစပ်ဖို့ ကြိုးစားသည့်အနေနှင့် ရဲမိုးက ကျောပေးကာလှဲနေသော နန်းပုခုံးကို လှမ်းဖက်သည်။

ထိုသို့ထွေးပွေ့သည်ကို နန်းက ပုခုံးကိုတွန့်ကာ ခါထုတ်ခြင်းဖြင့် တုံ့ပြန်သည်။ ဒီတော့ ရဲမိုးလည်း ချော့မော့ဖို့အတွက် လက်လျှော့လိုက်ပြီး အိပ်ဆေးတစ်လုံးသောက်၍ အိပ်လိုက်ရတော့၏။

လင်သားဖြစ်သူ ရဲမိုး၏ လှုပ်ရှားမှုကို ကျောပေးနားစွင့်နေသည့်နန်းမှာ ရဲမိုးထံမှ ဟောက်သံထွက်လာမှပဲ စိတ်ချလက်ချအိပ်ရဲတော့သည်။ လက်အံသစ်နှင့် အိပ်ပြန်လာစက ထိုလက်၏



www.burmeseclassic.com

www.burmeseclassic.com



ဆူးခြားမှုတွေကို ရဲမိုးပြောပြတော့ နန်းမယုံခဲ့။ အခု မယုံလို့မရသည့် အခြေအနေကို ကြုံလာရပြီ။

ထိုလက်က ကြမ်းတမ်းသလို ရိုင်းလည်းရိုင်းစိုင်းသည်။ အားသုံးရာတွင် အတိုင်းအဆမရှိခြင်း၊ ထိုသို့လှုပ်ရှားမှုများကို မထိန်းချုပ်နိုင်ခြင်းတို့က ပြဿနာဖြစ်နေ၏။ ထိုအပြုအမူများကို ကြောက်နေရ၍ လက်ကိုပြန်စွန့်လွှတ်လိုက်ပါဟုလည်း မပြောရက်၊ ရဲမိုး ဒုက္ခိတဖြစ်သွားလျှင် ဒုက္ခရောက်ကြမှာက သူနှင့်တလေးနှစ်ယောက်သာ ဖြစ်သည်။

ဆုပ်စူး,စားရူးဘဝနှင့် နန်းဘဝက အိပ်ပျက်ညတွေ များနေပြီဖြစ်၏။ ထို့အတွက်လည်း အနာဂတ်အရေး ရင်မောစွာ တွေးရင်း အိပ်ပျော်သွားသည်။ နှစ်ယောက်စလုံးအိပ်ပျော်သွားသော်လည်း သူတို့အိပ်မက်ထဲတွင် မဆုံကြ။

ရဲမိုးက သူ့အိပ်မက်နှင့်သူဖြစ်သည်။ ရဲမိုး၏အိပ်မက်က အဓိကဇာတ်ကောင်မှာ ထုံးစံအတိုင်း ဆိုးပေဖြစ်နေသည်။ စိတ်ကျန်းမာရေးဆေးရုံမှ ဦးခင်မောင်ထံ ဆိုးပေရောက်လာပုံကို မြင်မက်နေ၏။ ဆိုးပေက လူနာထိန်းတစ်ယောက်၏ ကိုယ်ထဲသို့ပူးဝင်ကာ ဦးခင်မောင်အခန်းမှ သံတိုင်တံခါးကိုဖွင့်သည်။

အချိန်က ညတစ်နာရီလောက်ရှိပြီမို့ လူနာတွေရော တာဝန်ကျများပါ အိပ်မောကျနေကြပြီဖြစ်သည်။ ဂျူတီကျ သူစောင့်များလည်း ကုလားထိုင်ပေါ် ဇက်ကျိုးအောင်ငိုက်နေကြလေပြီ။

အချုပ်ခန်း သံတိုင်တံခါးကို ဖွင့်ပြီးဝင်လာသည့် သရဲပူးနေသောဝန်ထမ်းက ကုတင်ပေါ်လှဲနေသော ဦးခင်မောင် အနား



www.burmeseclassic.com

www.burmeseclassic.com



သို့ရောက်လာကာ ဦးခင်မောင်လည်ပင်းကို ဖမ်းညှစ်လိုက်သည်။ နာကျင်မှုဝေဒနာကြောင့် ဦးခင်မောင် နိုးလာသည်။ သူ့ကို တစ် ယောက်ယောက် သတ်ဖို့ကြိုးစားနေပြီမှန်းသိ၍ အလန့်တကြား အော်ဟစ်ရှာသည်။

သို့သော် ကြာကြာမအော်နိုင်ရှာ လည်ပင်းကို ညှစ်ထား သည့်လက်တွေက အားပါလှသဖြင့် မျက်လုံးများကလည်း အပြင် သို့ ထွက်လုလုဖြစ်နေပြီ။ ဦးခင်မောင် ကံကောင်းသည်ဟုပင် ဆိုရမလားမသိ။ လည်ပင်းအညှစ်ခံရ၍ အသက်မရှူနိုင်တော့ သလို အကြောက်လွန်၍ နှလုံးရပ်သွားသည့်အတွက် မျက်လုံး အထုတ်ခံရသည့် ဝေဒနာကို မခံစားရတော့. . ။

သရဲပူးနေသူလက်ထဲ မျက်လုံးနှစ်လုံးပါသွားချိန်တွင် သဘောကျစွာ ဟားတိုက်ရယ်သံကြီး ဟိန်းထွက်လာလေတော့ သည်။ သို့သော်. . ထိုအသံကို ကြားသူမရှိသည့်အဖြစ်ကလည်း လွန်စွာပင် ထူးဆန်းနေတော့၏။ ထိုဝန်ထမ်းက အိမ်သာရှိရာ လျှောက်သွားပြီး လက်တွင်ပေကျံနေသောသွေးများကို ဆေး ကြောသန့်စင်သည်။ သဲလွန်စမကျန်တော့မှ ဆိုးပေ၏ ဝိညာဉ် မှာ မျက်လုံးများနှင့်အတူ ပျောက်ကွယ်သွားလေ၏။

ထိုအခါမှ စိတ်နှင့်လူပြန်ကပ်သွားသည့် လူနာဝင်မ်းဝန် ထမ်းလည်း သူဘာကြောင့် အိမ်သာထဲရောက်နေသလဲဆိုတာ တွေးရင်း အူကြောင်ကြောင် ဖြစ်ကျန်ခဲ့သည်။

ထိုအိပ်မက်ကို မြင်မက်ရသည့် ရဲရင့်မှာလည်း အိပ်ယာ ထက် တလူးလူးတလိမ့်လိမ့်ဖြစ်ရင်း ချွေးချွေးတွေပျံနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိမ်မက်ကအဆုံးမသတ်သေး. . ဆိုးပေ၏ဝိညာဉ်က ရဲမိုးထံရောက်လာပြန်သည်။ ရဲမိုးအိပ်ခန်းထဲထိ ဆိုးပေဝင်လာ ရင်း. . .

"ငါ့လက်ပြန်ပေးစမ်း"

ရဲမိုးလည်း ကြောက်လန့်တကြားနှင့် အော်ဟစ်တားမြစ်ရ၏။

"ဟော့လူ. . ဟော့လူ. . မလာနဲ့. . မလာနဲ့၊ ဒါ. . ကျုပ်လက်ဖြစ်သွားပြီး ပြန်မပေးနိုင်ဘူး. . သွား. . ထွက်သွား"

ဆိုးပေကို ဘယ်လိုမှဟန့်တား၍မရ၊ ရှေ့ဆက်တိုးမြဲတိုးလာရင်း ရဲမိုး၏ညာလက်ကို လှမ်းဆွဲသည်။ ရဲမိုးလည်း ရှိသမျှခွန်အားနှင့် နပန်းပြန်လုံးသည်။

ရဲမိုး ဆိုးပေ၏လည်ပင်းကို လှမ်းညှစ်၏။

"အစ်. . အစ်. . "

သူတကယ်တမ်း ညှစ်နေတာက နန်း၏ လည်ပင်းဖြစ်နေသည်။ ညာလက်နှင့် ညှစ်နေခြင်းဖြစ်၏။ အိပ်မောကျနေသောနန်းမှာ ညှစ်ခါစက မသိသော်လည်း တဖြည်းဖြည်း အသက်ရှူကြပ်ပြီး နာကျင်လာကာ လန့်နိုးသွားသည်။

ညှစ်နေသောလက်ကို ဖြည်ထုတ်ဖို့ ကြိုးစားရင်း ကြည့်မိတော့ လင်သားဖြစ်သူ ရဲမိုးမှန်းတွေ့၍ အတင်းပင် ကန့်ကြောက်ရုန်းထွက်တော့၏။ အားပါလှသည့် ရဲမိုး၏လက်ကို ဟန့်တားဖို့ သိပ်မလွယ်။ ထို့အတွက် နန်းက ရဲမိုးရင်ဝကို ဆောင့်တွန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်မှ လွတ်သည်နှင့် နန်း ကုတင်ပေါ်မှ ပြေးဆင်းကာ သူ့ယောက်ျားကို မယုံနိုင်သလို အထိတ်တလန့်နှင့် ကြည့်နေရှာသည်။ သတိပြန်ဝင်လာသော ရဲမိုးမှာလည်း သူ ဘာလုပ်မိသည်ကို သဘောပေါက်သွားပြီး အလန့်တကြား ဖြစ်နေလေ၏။

“ရှင်. . ရှင်. . ကျွန်မနားကို မလာနဲ့နော်. . မလာနဲ့”

“နန်း. . ဘာ. . ဘာဖြစ်လို့လဲ၊ နန်း ကိုယ်ဘာလုပ်မိလို့လဲ၊ မောင်လုပ်တာမဟုတ်ဘူး၊ အဲဒါကိုတော့ နားလည်ပေးပါ မိန်းမရယ်. . နော်. . နော်. . ”

“ဟင့်အင်း. . ဟင့်အင်း အဲဒါတွေမသိဘူး၊ နန်း အနားကို လုံးဝမလာနဲ့. . ”

“နန်းရယ် မောင်တောင်းပန်ပါတယ်ကွာ”

ရဲမိုးကုတင်ပေါ်မှ အဆင်းမှာပင် နန်း အခန်းထဲမှ ထွက်ပြေးသွားတော့၏။ ဆောင့်ပိတ်လိုက်သော တံခါးသံက သူတို့နှစ်ယောက်ကြား ကမ္ဘာကြီး ခြားသွားသလို ခံစားလိုက်ရသည်။ ရဲမိုးသူ့ညာလက်ကို စားပွဲခုံစောင်းနှင့် ရိုက်ပစ်လိုက်၏။

“ဒုန်း!. . ”

“အား. . ”

အသည်းခိုက်အောင် နာကျင်မှုကို ခံစားလိုက်ရသော်လည်း ရင်ထဲက နာကျင်ကြေကွဲမှုကိုတော့ဖြင့် မှိန်နိုင်သည်မထင်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

ရှိန်း ထိုက်အောင်မှာ သူဆွဲလိုက်သော ကောင်ကြောင်းပုံကိုကြည့်ပြီး အကြီးအကျယ်တုန်လှုပ်သွား၏။ သူ့စိတ်ကူးထဲကပုံအတိုင်း မဟုတ်ဘဲ လူတစ်ယောက်ကိုဓားနှင့်ထိုးသတ်နေပုံ ဖြစ်နေသည်။ သူ့လက်ကိုသူ ထိန်းချုပ်လို့မရသည့်အဖြစ်အား ထင်သာမြင်သာ သတိပြုမိ၍ တုန်လှုပ်သွားရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုးဆိုသူ လာပြောစဉ်က သူမယုံကြည်သလို ရယ်ခဲ့သေးသည်။ ထို့နောက်ပိုင်းတွင် သူ့ဘယ်လက်၏ အမိန့်မနာခံမှုများကို ဆက်တိုက်ကြုံတွေ့ခဲ့ရသည်။ အစိမ်းရောင် ခြယ်သလို၍ ဆေးဘူးလှမ်းယူလိုက်ရာ လက်ထဲ အနီရောင်ဘူး ပါလာတတ်သည်။ ပန်းချီကားဘောင်တွင် ကင်းဘတ်စ ကျက်တော့လည်း ဆွဲဖြဲသလို ဖြစ်ရသည်က အကြိမ်ကြိမ်. .။

ပန်းချီရေးဆွဲရာမှာလည်း အခက်အခဲတွေ တွေ့လာသည်။ ကိုယ်ရေးချင်တာ ရေးလို့မရ၊ လက်၏အလိုကို စိတ်က လိုက်နေရ၏။ ရဲမိုးပြောခဲ့သလို ဆိုးပေ၏ဝိညာဉ်က သူ့ကိုလွှမ်းမိုးပြီး အနီဥာရုံ မြင်ကွင်းတွေပဲ ရေးဆွဲနေခြင်းဆိုတာ ဟုတ်များဟုတ်နေပြီလား။ တွေးရင်းတွေးရင်း သူ လန့်လာသည်။

အကြောက်အလန့်တွေ ပြေသွားအောင် အရက်ပုလင်းကို လှမ်းယူလိုက်သည်။ မော့သောက်ဖို့ စိတ်ကူးလိုက်စဉ်မှာပင် ဘယ်လက်က အလိုအလျောက် လှုပ်ရှားလာကာ အရက်ပုလင်းကို နံရံဆီသို့ ပစ်ပေါက်လိုက်လေ၏။

"ခွမ်း!. ."

"ဟင်. ."

သူအံ့အားသင့်သွား၏။ အရက်ပုလင်းကို ပစ်ပေါက်ခဲ့လိုက်ဖို့ဆန္ဒ သူ့မှာလုံးဝမရှိ။ အရက်သောက်ဖို့ ယူသည့်အခါတိုင်း ဘယ်လက်က သွက်သွက်လက်လက် လှမ်းယူတတ်တာ သူ သတိပြုမိသည်။ ဒီတစ်ခါ ဘာလို့ပေါက်ခွဲပစ်တာပါလိမ့်၊ ကွဲသွားသည့် အရက်ပုလင်း၏တံဆိပ်ပတ်ကို လှမ်းကြည့်မိမှ နန်း



www.burmeseclassic.com

www.burmeseclassic.com



ထိုက်အောင် သဘောပေါက်သွား၏. . ။ Grand Royal ဖြစ်နေသည်။ ညက ရေးဖော်ရေးဖက်တွေ ဝယ်လာပြီး ဝိုင်းဖွဲ့သောက်ကြရာမှ ကျန်ခဲ့သည့်ပုလင်းဖြစ်၏။

ထို့နောက်. . ရေဘူး၊ ဖန်ခွက်နှင့် အာလူးကြော်သံဘူးကို ဆွဲထုတ်ကာ သောက်နေကျ Black Label ပုလင်းကိုဆွဲယူပြီး စားပွဲတွင် အကျအန ထိုင်သောက်သည်။ ဒီတစ်ခါတော့ ဘယ်လက်က ကလန်ကဆန် လုံးဝမလုပ်တော့. . ၊ လူသတ်သမား၏ သွေးသားတွေကလည်း အရက်ကောင်းကိုတော့ တတတ်ပါလားဟု သဘောပေါက်ရသည်။

အာလူးကြော်နှင့်မြည်းရင်း စိမ်ပြေနပြေ သောက်နေရာ သုံးပက်လောက် အစာအိမ်ထဲရောက်သွားတော့ ထွေတေတေ ဖြစ်လာ၏။ ထွေလာသည်နှင့်အတူ ပန်းချီဆွဲချင်စိတ်လည်း ရုတ်တရက် ပေါ်လာကာ ရေးလက်စ စတင်းန်ပေါ်မှ ကင်းဘတ်စ ရှိရာသို့ ပြန်လျှောက်လာခဲ့၏။

အသိမဲ့ ရေးဆွဲထားသောကောက်ကြောင်းကို ပြန်ကြည့်ကာ သုံးသပ်နေစဉ် ပန်းချီကားထဲမှ လူသတ်သမားကိုင်ထားသည့် ဓားမြှောင်က ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲ ပြုတ်ကျလာ၏။ နန်းထိုက်အောင် အံ့ဩလွန်းသဖြင့် အမူးပြေသွားသည်။ ပြုတ်ကျလာသည့်ဓားကလည်း တကယ့်အစစ်ဖြစ်နေ၍ ပိုမိုအံ့ဩသွားခဲ့ရသည်။ နေ၏။

ထိုအခိုက် အပြင်ဘက်လမ်းမပေါ်မှ အနီးဝန်းကျင်ရှိသမျှ ခွေးလေခွေးလွင့်အပေါင်းတို့ စုပေါင်းအူလိုက်သကဲ့သို့ ခွေးအူ



www.burmeseclassic.com

www.burmeseclassic.com



သံများ တပြိုင်ထဲထွက်ပေါ်လာပြီးနောက် အိမ်ခေါင်မိုးပေါ်မှ တစ်စုံတစ်ယောက်၏ ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးလွှားသံကြီးကို ကြားလိုက်ရပြန်လေ၏။

သူ အလန့်တကြား ဖြစ်နေစဉ်မှာပင် ကင်းဘတ်စပေါ်မှ ကောက်ကြောင်းပန်းချီ လူသတ်သမားက သက်ဝင်လှုပ်ရှားလာသည်။

သူ မူးနေလို့များလား အတွေးနှင့် မျက်လုံးကို ပွတ်သပ်ပြီး ပြန်ကြည့်သည်။

သေချာ၏၊ ထိုအရုပ်က လှုပ်ရှားလာရုံမက ကြမ်းပြင်ပေါ်သို့ပါ ခြေချနေလေပြီ။ ဒီတော့မှ ကြောက်ရမှန်းသိကာ ပြေးလေတော့သည်။

"အား. . အမလေး. . သရဲ. . သရဲဗျို့. . "

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com


ဧည့်ခန်းထဲတွင် မိသားစုစုံညီစွာ ရှိနေသော်လည်း ဘယ်သူမှ စကားမပြောကြသည့်အတွက် တိတ်ဆိတ်လျက်ရှိသည်။ သူ့ဘေးနား ကပ်ထိုင်နေသော သမီးငယ်ကို ကောက်ယူပွေ့ချီကာ ပေါင်ပေါ်တင်လိုက်၏။ နန်းမှာ ဆတ်ခနဲ တုန်သွားကာ ထလာမလို လုပ်သေးသည်။ ရဲမိုးက သမီးကို ဖက်ထားရင်း နန်းအား တောင်းပန်သလို ကြည့်လိုက်၍သာ ပြန်ပြီးငြိမ်သွားခြင်း ဖြစ်သည်။

သားက အိမ်ပေါက်ဝနားမှ ခရီးဆောင်အိတ်ကို အသေအချာ စူးစိုက်ကြည့်နေသည်။

သူတခုခုပြောဖို့ လိုနေပြီဖြစ်ကြောင်း ရဲမိုးသိလိုက်. . .

"ဖေဖေ ခရီးခဏထွက်ဦးမယ်၊ ဘယ်လောက်ကြာမလဲ ဆိုတာတော့ မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမှာလဲ. . ဖေဖေ"

"ဖေဖေလည်း မသွားချင်ပါဘူး၊ ဒါပေမယ့် ဖေဖေ ထွက်သွားတာဟာ သားတို့သမီးတို့ကို ချစ်လို့ပါ၊ ဖေဖေ့ကြောင့် ဘယ်သူမှ အန္တရာယ်မဖြစ်စေချင်ဘူး"

"ဖေကြီးက မီးတို့ကို ဘာလုပ်လို့လဲ"

သမီး၏အမေးကိုဖြေဖို့ ရဲမိုး အတော်ပင် စဉ်းစားနေရ၏။ ကျေနပ်လောက်သည့်အဖြေနှင့် သမီးနားလည်နိုင်လောက်သည့် အဖြေမျိုးတော့ ပေးနိုင်မည်မထင်။

"အင်း. . . လောလောဆယ်တော့ သမီးတို့ကိုချစ်လို့ ဖေဖေ ထွက်သွားတာလို့ပဲ မှတ်ထားပါ၊ ဖေဖေပြန်လာခဲ့ပါ့မယ်"

သမီးနားမလည်နိုင်လောက်သော်လည်း သားငယ်က လက်ခံနားလည်ပုံရ၏။ မိသားစုကို မခွဲချင်သော်လည်း အမှားအယွင်းထပ်မဖြစ်ခင် သူထွက်သွားဖို့လိုနေတာက တကယ့်အမှန်တရားပင် ဖြစ်သည်။

"ဘာလဲ မေမေနဲ့စကားများလို့ ထွက်သွားတာလား"

"မဟုတ်ပါဘူးသမီးရယ်၊ ဖေဖေနဲ့မေမေ ဘယ်တုန်းက ရန်ဖြစ်ဖူးလို့လဲ"

"သမီးလိုက်ခဲ့ရမလား"

"ဟင့်အင်း. . သမီး လိုက်လို့မရဘူး၊ ဖေဖေတစ်ယောက်တည်းသွားမှာဖြစ်မှာ"

သမီးက မသွားစေချင်ဟန်နှင့် အတင်းဖက်ထားသည်။ သားကလည်း ဆက်တီလက်ရန်းပေါ် တက်ထိုင်ကာ ရဲမိုးကို ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထား၏။ ကလေးများရဲ့ သံယောဇဉ်ကို လက်တွေ့သိမြင်ရတော့ ရဲမိုး မျက်ရည်ဝဲရ၏။ သို့သော် အချိန်ဆွဲ၍ မရတော့၊ သူ သွားမှ ဖြစ်တော့မည်။ သား၏လက်ကို ဖြစ်ညှစ်နှုတ်ဆက်ပြီး သမီးကိုချီ၍ ထိုင်ရာမှထကာ နန်းလက်ထဲသို့ ထည့်လိုက်သည်။

"နန်းတစ်ယောက်ထဲ ပင်ပန်းနေတော့မှာပဲ၊ မောင်လည်း မတတ်သာလို့ပါ၊ သိပ်မကြာခင် ပြန်လာနိုင်လိမ့်မယ်လို့ မောင်ယုံကြည်ပါတယ်"

နန်းက ဘာမှပြန်မပြော၊ ခေါင်းသာညိတ်ပြ၏။ ရဲမိုး ချာခနဲလှည့်ထွက်ပြီး အိတ်ကိုဆွဲ၍ အိမ်ပြင်သို့ ခြေလှမ်းချလိုက်သည်။

"ဖေဖေ . . တာ့တာ"

သမီးငယ်၏နှုတ်ဆက်စကားကြောင့် ပြန်လှည့်ကြည့်မိ၏။ ကလေးစိတ်ကျေနပ်အောင် လက်ပြန်ပြရသည်။ နှုတ်ဆက်ပြီး ကားထဲဝင်ထိုင်လိုက်၏။ စက်နှိုးပြီး စအထွက်မှာ တစ်ခါလှည့်ကြည့်ဖြစ်သည်။ အိမ်တံခါးဝတွင် မိသားစုသုံးယောက်လုံးကို တွေ့ရ၍ ရဲမိုးရင်ထဲ လှိုက်ခနဲ ဖြစ်သွားသည်။ ရဲမိုးအားတင်းကာ လှည့်မကြည့်စတမ်း မောင်းထွက်လာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com





လမ်းဘေး ညဈေးဆိုင်တန်းလေးတွင် ဆီချက်ဝက်ခေါင်းသုပ်တို့နှင့် ထမင်းစားပြီး ညစာကို အပြီးသတ်လိုက်သည်။ အေးအေးဆေးဆေး လမ်းလျှောက်ပြီး မနီးမဝေးမှ တည်းခိုခန်းဆီသို့ ရဲမိုးပြန်လာခဲ့၏။ အစီခံထိလုလု စီးကရက်ကို ပစ်ချပြီး ဖိနပ်ဦးနှင့်ထိုးချေရင်း အမှတ်မထင် နောက်သို့လှည့်ကြည့်မိသည်။

လူတစ်ယောက်ကို သတိပြုမိသွား၏။ ရဲမိုး လှည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ ကွမ်းဝယ်သလိုလို ဆေးလိပ်ဝယ်သလိုလိုနှင့် လုပ်နေတာတွေ့သည်။ ထိုလူကို စောစောက ညစာစားနေစဉ် စတင်သတိပြုမိခြင်းဖြစ်၏။ ထိုလူ သူ့နောက် ဘာလို့လိုက်နေတာလဲဆိုတာ စဉ်းစားကြည့်သော်လည်း အဖြေမတွေ့။

ရဲမိုးဆက်လျှောက်လာရာ လမ်းပေါ်ရှိ အသံမျိုးစုံကြားထဲမှ ထိုလူ၏ ခြေသံကိုကွက်၍ အာရုံစိုက် နားစွင့်နေသည်။ ထိုလူ ဆက်လိုက်လာနေကြောင်း ရဲမိုး ကောင်းကောင်းသိ၏။ ပို၍သေချာအောင် မှန်လုံပြည့် ကာထားသော အလှပြင်ဆိုင်ရှေ့တွင်ရပ်ပြီး မှန်မှတဆင့် နောက်ကိုကြည့်သည်။

ရဲမိုး ရုတ်တရက် ရပ်လိုက်သည့်အတွက် ထိုလူလည်း ရပ်သွား၏။ ရဲမိုးအား စူးစူးရဲရဲကြီး စိုက်ကြည့်နေလေပြီ။ ထိုစဉ် အနားမှဖြတ်လျှောက်သွားသော လူတစ်ယောက်အား ထိုလူက လှမ်းပုတ်လိုက်၏။ အပုတ်ခံလိုက်ရသူမှာ ရုတ်တရက် ရပ်သွားကာ ရဲမိုးဆီ မျက်လုံးနီကြီးဖြင့် လှမ်းကြည့်နေလေ၏။

သူ့အကြည့်က ပုံမှန်မဟုတ်၊ ဒေါသအရိပ်အယောင်တွေ ထင်ဟပ်နေ၏။ ထူးဆန်းနေသည်က စောစောကလှမ်းပုတ်လိုက်သောလူမှာ ဘာမှမဖြစ်သလို ဆက်လျှောက်သွားခြင်းပင်. . ။

အပုတ်ခံရသူမှာ ရပ်မြဲအတိုင်းရပ်နေကာ သူ့ကိုကြည့်နေလေ၏။ အခြေအနေတခုက လူတွေကိုယ်ထဲ ဆော်ဘာဆင့်ကာ ပူးဝင်နေသလိုမျိုး ဖြစ်နေသည်။

သူလည်း ထိုနေရာတွင် မနေသင့်တော့သဖြင့် ထွက်လာခဲ့လိုက်သည်။ နောက်မှ လူသစ်ကတော့ လိုက်လာနေမြဲ. . ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်သို့ ရည်ရွယ်ချက်ရှိရှိ လိုက်လာနေမှန်း သေ
ချာသွားပြီမို့ ရဲမိုး တည်းခိုခန်းသို့ တန်းပြန်မည့် အစီအစဉ်ကို
ဖျက်ပြီး လိုက်လာသူကို မျက်ခြေဖြတ်ဖို့ ကြိုးစားရသည်။

အချိန်က ညခုနစ်နာရီခွဲရှိပြီ။ လူသွားလူလာက မကဲ
မပါး၊ ပုံမှန်ပင်ရှိ၏။ ရဲမိုး လမ်းမမှ လမ်းသွယ်တစ်ခုအတွင်း
ချိုးကွေ့ဝင်လိုက်သည်။ လမ်းမထက်စာလျှင် လမ်းသွယ်က အ
နည်းငယ်မှောင်နေ၏။ ရုတ်တရက်ဆိုသလို ခွေးတစ်ကောင် ပြေး
လာတာ လှမ်းမြင်လိုက်သည်။

ရဲမိုး အန္တရာယ်မဖြစ်အောင် ရှောင်တိမ်းလိုက်၏။ ဆက်
ပြေးသွားသည့် ခွေးနှင့် ရဲမိုးနောက် လိုက်လာသူတို့ ဝင်တိုက်မိကြ
သည်။ လူနှင့်ခွေး ရပ်ကြည့်ရန်စောင်နေကြတာကို ရဲမိုး လှမ်းမြင်
နေရ၏။ စက္ကန့်သုံးဆယ်ခန့် အကြာတွင် ခွေးက ရဲမိုးအား လှည့်
ကြည့်မာန်ဖီလိုက်သလို နောက်ယောင်ခံလိုက်လာသူက သွက်
လက်ပေါ့ပါးသော ခြေလှမ်းများနှင့် လှည့်ပြန်သွားတော့၏။

ခွေးကြီး သူရှိရာဆီသို့ လျှောက်လာသဖြင့် ကားမှတ်တိုင်
သို့ အမြန်လျှောက်သွားလိုက်သည်။ ခွေးကြီးက နောက်မှတ
ကောက်ကောက် လိုက်လာမြဲ။ လူများရှိနေသည့် မှတ်တိုင်ရှေ့
တန်းတွင် ရဲမိုး ခဏထိုင်နေလိုက်သည်။ ခွေးကြီးကလည်း ရဲမိုး
အား အလွတ်မပေးပဲ မလှမ်းမကမ်းမှ ကြည့်နေ၏။

အတော်လေးဆန်းပြားသည့် ဖြစ်စဉ်မှုကြောင့် ရှင်းလင်းစွာ
သိရအောင် စဉ်းစားကြည့်ဖို့ ဉာဏ်မမှီတော့။ လောလောဆယ်
ထို ခွေးရန်မပြုခင် မှတ်တိုင်သို့ ထိုးစိုက်လာသော ကားတစ်စီးပေါ်



www.burmeseclassic.com

www.burmeseclassic.com



အမြန်ပြေးတက်လိုက်ရတော့သည်။

ဒါတောင် အတော်ကြာသည်အထိ ကားနောက်မှ ပြေးလိုက်လာသေးသည်။ လုံးဝမလိုက်နိုင်တော့မှ လက်လျှော့ပြီး ကျန်ခဲ့ပုံရ၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး အောင်ငြိမ်းသက်ရှိရာဆေးရုံသို့ ရောက်နေ၏။ ဒေါက်တာ အစည်းအဝေးခန်း ဝင်နေသဖြင့် ဆယ်မိနစ်လောက် စောင့်ခဲ့ရသည်။ ဒေါက်တာထွက်လာတော့ ရဲမိုး စိတ်လောစွာ ဖြင့်. .

"ကျွန်တော် ဒီလက်ကို မလိုချင်တော့ဘူးဒေါက်တာ"

ရဲမိုးစကားကြောင့် ဒေါက်တာ တအံ့တသြနှင့် ကြည့် ကာ. . .

"ခင်ဗျား ရူးသွားပြီလား ကိုရဲမိုး"

"ဒီလက်ကြောင့် ကျွန်တော် ပြဿနာအကြီးကြီးတွေ ကြုံ နေရတယ်ဒေါက်တာ"

"အဲဒီအတွက် စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားရဲ့လက် ကို ပြန်ဖြုတ်ပေးဖို့ လုံးဝမဖြစ်နိုင်ဘူး၊ ဒီခွဲစိတ်မှုလုပ်ခဲ့စဉ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



တို့က ဆန့်ကျင်ဘက်ရလာဒ်တွေအတွက် ချိန်ညှိမှုတွေ လုပ်ခဲ့ပြီး သားပါ။ လက်က ခင်ဗျားကို ဒုက္ခပေးတယ်ဆိုရင်လည်း ခဏပဲဖြစ်မှာပါ"

ရဲမိုး အတင်းအကျပ် တောင်းဆိုနေသဖြင့် ဒေါက်တာက ခွတ်ချည်းပင်. . .

"မင်း သိပ်လွန်နေပြီ ရဲမိုး၊ ငါ့ ရုံးခန်းထဲက ခုချက်ချင်း ထွက်သွားပါတော့"

သူ့အပြုအမူ အပြောအဆိုတွေ လွန်သွားမှန်း ရဲမိုးသိသည်။ သို့သော်. . သူ့ဒုက္ခ၊ သူသာအသိဆုံး ဖြစ်သည်မို့. .

"ကျုပ် ဖရန်ကင်စတိန်းမဟုတ်ဘူး ဒေါက်တာ၊ ခင်ဗျားတို့အားလုံးရဲ့လုပ်ရပ်တွေကို လုံးဝမကျေနပ်ဘူး၊ ကျုပ်ကတော့. . ဟောဒီ သောက်သုံးမကျတဲ့လက်ကို ပြန်ဖြုတ်ပစ်ချင်တယ်. . . ဒါပဲ"

ရဲမိုး စိတ်ပေါက်ပေါက်နှင့် ပြောဆိုပြီး ဒေါက်တာအောင်ငြိမ်းသက် အခန်းထဲမှ ထွက်လာခဲ့၏။ အားနှင့် ဆောင့်ပိတ်ခဲ့၍ တံခါးက တုန်ခါလှုပ်ခတ်ပြီး ကျန်ခဲ့တော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**တစ်**ယောက်ထဲ တည်းခိုခန်းတွင်နေရသည့် အချိန်များမှာ နန်းနှင့်ကလေးများကို သတိရပြီး ငရဲကျနေသလို ခံစားရ၏။ သတိရခြင်း၏ နှိပ်စက်မှုမှ ကင်းလွတ်ရန် တစ်ခုခုလုပ်လျှင်လုပ်၊ ဒါမှမဟုတ် အပြင်ထွက်ခြင်းဖြင့်သာ အချိန်တွေ အသုံးချနေရ၏။

ဒီနေ့လည်း အင်းစိန်မှထောင်မှူးထံ ဖုန်းဆက် အကူအညီတောင်းထားသည့်ကိစ္စနှင့် ရဲမိုးထောင်ထဲသို့ ရောက်နေပြန်သည်။ သေဒဏ်ကျအကျဉ်းသား ဆိုးပေ မသေခင် ရိုက်ထားသည့် CCTV မှတ်တမ်းခွေကိုကြည့်ရန် ရဲမိုး ရောက်နေခြင်းဖြစ်သည်။

ထောင်မှူးအသစ် မြင့်ဆွေမှာ ရဲမိုးနှင့် တက္ကသိုလ်တက်စဉ်က တွဲခဲ့သူ ဖြစ်သည်။ တရားဝင် ခွင့်ပြုထားခြင်း မရှိသည့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကို နားလည်မှုနှင့် ကူညီပေးခြင်းဖြစ်၏။

"ဟော့ကောင် ယူသွားလို့မရဘူးနော်၊ ပြဿနာတက်လိမ့်မယ်"

"အေးပါ. . ငါ နားလည်ပါတယ်၊ ဒီမှာပဲ ကြည့်မှာပါ"

ဆိုးပေမှာ သန့်သန့်ရှင်းရှင်း နေခွင့်ရပြီး စီးကရက်ဘူးလိုက် ကိုင်သောက်ခွင့် ပေးထားတာကိုပါ တွေ့ရသည်။ ထောင်ကျအများစု ထုံးစံအတိုင်း ဆိုးပေက အခန်းကျဉ်းလေးထဲ နာရီပေါင်းများစွာကြာအောင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတတ်သည်။ တစ်ခါတစ်ရံ သီချင်းတွေ အော်ဆိုနေတတ်၏။ သို့သော် မြန်မာသီချင်းမဟုတ်၊ တိုင်းရင်းသား ဘာသာစကားတစ်မျိုးမျိုးနှင့် သီဆိုနေခြင်းဖြစ်၍ ဘာမှနားမလည်ပေ. . ။

"သူက ဘာလူမျိုးလဲ မြင့်ဆွေ၊ ကိုယ်ရေးဖိုင်ထဲ ကြည့်ပေးပါလား"

"ငါ အလွတ်ရပါတယ် ရဲမိုးရာ၊ ဗုဒ္ဓဘာသာ မြန်မာတဲ့၊ အသက်က(၃၆)၊ ဒီတိုင်းရင်းသား သီချင်းကို ဘာလို့ဆိုနေမှန်း ငါလည်းမသိဘူး၊ တခြားသီချင်းဆိုတာမျိုး မရှိဘူး၊ ဒီသီချင်းတစ်ပုဒ်ထဲကိုပဲ အမြဲတမ်းဆိုနေတယ်"

"အင်း. . တော်တော်ခေါင်းစားတာပဲကွာ"

စကားပြတ်သွားပြီး အခွေကို ဆက်ကြည့်သည်။ သူကိုယ်တိုင် တစ်ကိုယ်လုံး လိုရာသုံးရန် လှူဒါန်းခဲ့ပြီး စတင်ခွဲစိတ် ဖြတ်တောက်တော့မည့်နေ့ မနက်ခင်းမြင်ကွင်းကို ကြည့်ဖြစ်သည်။

ဆိုးပေ စိတ်လှုပ်ရှားနေဟန်ရှိပြီး စီးကရက်တွေ တစ်လိပ်

www.burmeseclassic.com



ပြီးတစ်လိပ် ဖွာနေ၏။

နောက်ဆုံးမှာ သူ့ကို တာဝန်ရှိသူတွေ လာခေါ်ကြ၏။ ခြေထိပ်လက်ထိပ်များခတ်ပြီး ခေါ်ထုတ်သွားသောအခါ ဆိုးပေ ဆိုနေကျသီချင်းကို ရွှင်မြူးတက်ကြွသောလေသံနှင့်ဆိုပြီး လိုက်ပါ သွားတာကို တွေ့ရသည်။

ဆိုးပေ၏ နောက်ဆုံးနေ့များ အခွေမှလည်း ရဲမိုး သိချင် နေသောအဖြေကို ရှာမတွေ့ခဲ့။ သူကိုယ်တိုင် ဘာကိုရှာချင်နေ မှန်းလည်း သူမသိ။ သို့သော် လတ်တလော ကြုံနေရသည့် ညာ လက်၏ ဒုက္ခပေးမှုတွေကို ရပ်တန့်သွားစေမည့် အချက်တစ်ခု တော့ ရှိကိုရှိရမည်ဟု ရဲမိုး ယုံကြည်နေသည်။

မြင့်ဆွေကို နှုတ်ဆက်ပြီး ရဲမိုး အင်းစိန်မှ ပြန်လာခဲ့၏။ ညစာစားဖို့ အချိန်ကလိုနေသေးသည်။ ဘယ်လို အချိန်ဖြုန်းရမ လဲတွေးရင်း သူငယ်ချင်း သတင်းထောက်တစ်ယောက်ကို သတိ ရပြီး သူတို့ဂျာနယ်တိုက်ရှိရာ ပုလဲကွန်ဒိုသို့ ဦးတည်မောင်းလာခဲ့ ၏။ ခုတော့ ရဲမိုးမှာ ဘယ်လက်တစ်ဖက်ထဲနှင့် ကားမောင်းရတာ အတော်ကျွမ်းနေပြီ ဖြစ်သည်။ အော်တိုဂီယာဖြစ်သည့်အတွက် နောက်ဆုတ်သည့်အခါနှင့် ကားစထွက် ကားရပ်သည့်အခိုက် ဂီယာပြောင်းမှသာ စတီယာရင်ကို ညာလက်နှင့် ခဏတဖြုတ် ကိုင်မိတော့သည်။

အသက်ကို ဉာဏ်စောင့်သည်ဟု ဆိုစကားအတိုင်း ရဲမိုး အတိအကျ လိုက်နာနေခြင်း ဖြစ်သည်။ ပုလဲကွန်ဒို မြေအောက် ကားပါကင်တွင် ကားရပ်ပြီး အပေါ်တက်ဖို့ဓါတ်လှေကားစောင့်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ နေ့ခင်းမို့ အတက်အဆင်းလုပ်သူ မရှိသလောက် ကျဲပါး နေသည်။ ဓာတ်လှေကားအတွင်းသို့ ဝင်လိုက်စဉ် အမျိုးသမီး တစ်ယောက် ကသုတ်ကရက် ပြေးလာတာတွေ့၍ တံခါးပိတ် မသွားအောင် ခလုတ်နှိပ်ကာ စောင့်နေလိုက်၏။

"Thank you"

ပြေးပြေးဝင်ဝင် ပြောလိုက်သော စကားသံကြားရမှ . . မိန်းမလျာတစ်ယောက်မှန်းသိပြီး စိတ်ပျက်သွားရသည်။ လည် ဇလုပ်ကြီးနှင့် မိန်းမယောင် ဆောင်ထားသူက ဖော်ဖော်ရွှေရွှေ ပြုံးပြပြီး ကြာပစ်နေသေး၏။ ကျော်ရကီးက သွက်သွက်လက်လက် ပင် ခလုတ်နှိပ်လိုက်၍ သူတို့နှစ်ယောက်ထဲသာပါသည့် ဓါတ် လှေကား အပေါ်သို့ စတက်သည်။

ရဲမိုး စိတ်ကျဉ်းကျပ်သွား၏။ သို့သော် . . အမှတ်တမဲ့ ဆိုသလိုပင် သူ့ညာလက်၏ လှုပ်ရှားမှုကြောင့် မျက်လုံးပြူးသွား ရ၏။ သူ့လက်က အခြောက်မ၏ဖင်ကို သွားကိုင်လေတော့ သည်။ ရဲမိုးက ညာလက်အား ဘယ်လက်နှင့် အတင်းပြန်ဆွဲ လိုက်၏။

"ဟင် . . သူကလည်း . . သူများကို"

"ဟာ . . ကျုပ်လုပ်တာ မဟုတ်ဘူး"

"အမ် . . ရှင့်လက်ကြီးနဲ့ လာဖျစ်တာလေ . ."

"ဟာ . . ."

ရဲမိုး သူ့ညာလက်ကို ပြန်ချုပ်ကာ ခေါင်းငုံ့ထားလိုက်ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါလား (၅) လွှာမှာ တို့အခန်းရှိတယ်၊ ဒါပေမယ့် တစ်ယောက်တစ်လှည့်နော်၊ အဟင်း. . ဟင်း. . ဟင်း. . "

"ဟာဗျာ. . "

သို့နှင့်. . (၄)လွှာအရောက်တွင် ခပ်သုတ်သုတ် ထွက်ခဲ့လိုက်ရသည်။ စိတ်ညစ်ညျူးစရာအဖြစ်ကြောင့် သူငယ်ချင်းသတင်းထောက်ထံသို့ပင် မဝင်ဖြစ်တော့ပဲ ဘယ်သူမှမသုံးသည့် ရိုးရိုးလှေကားမှ အောက်သို့ပြန်ဆင်းခဲ့၏။

ဒီလိုပုံ ဒီလိုအချိုးမျိုးနှင့်သာဆိုလျှင် ဒီညာလက်ကြောင့် သူ့ဘဝပျက်ကိန်း ကြုံတော့မည်ဆိုတာ ရဲမိုး သေချာပေါက် သိလာခဲ့ပြီ။ စိတ်ဓာတ်ကျစွာနှင့်ပင် တည်းခိုခန်းသို့ပြန်ပြီး ခွေနေလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

ဒီနေ့ ရဲမိုး အလုပ်ပြန်ဝင်သည့်နေ့ ဖြစ်သည်။ ရဲမိုး စခန်းသို့ရောက်ချိန်တွင် ဂျူတီပင်မချိန်းသေး၊ စောနေသည်မို့ စခန်းအနီးမှ စားသောက်ဆိုင်သို့ ရောက်သွားသည်။ ထိုဆိုင်လေးတွင် သူတို့စခန်းမှ ရဲဝန်ထမ်းများ၊ အမှုသည်များနှင့် ရှေ့နေအများစုသာ ထိုင်ကြ၏။ အားလုံးနှင့်သိကျွမ်း မျက်မှန်းတန်းနေသူမို့ လက်ပြုတ်ထွက်မတတ် နှုတ်ဆက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး နောက်မှလိုက်ပါလာပြီး ဆိုင်ထဲဝင်ထိုင်နေသည့် လူတစ်ယောက်ကိုတော့ သူသတိမထားမိလိုက်။ ထိုလူက ရဲမိုးအား ကွက်ကြည့်ကွက်ကြည့်လုပ်နေ၏။ ရဲမိုး ရှမ်းခေါက်ဆွဲတစ်ပွဲနှင့် မစ်ပလိန်းမှာပြီး အဆာပြေ စားသောက်နေသည်။ ဆိုင်ထဲမှာ စားပွဲဝိုင်းပြည့်နီးပါး လူရှိနေ၍ စကားသံတွေဆူညံနေ၏။

စားပြီးသွား၍ ခံတွင်းချဉ်ပြေ စီးကရက်ဖွာစဉ် . . စိတ်ထဲ တစ်ယောက်ယောက်က စောင့်ကြည့်နေသလို၊ မလုံမလဲ ခံစားမှု ဖြစ်ပေါ်လာ၏။ ထိုသံသယကြောင့် ရဲမိုး မသိမသာ လှည့်ကြည့်လိုက်သည်တွင် မျက်ဝန်းနီတစ်စုံနှင့် ပက်ပင်းဆုံရသည်။ ထိုလူက ချက်ချင်းပင် အကြည့်လွှဲကာ လက်ဖက်ရည်မော့သောက်သလို လုပ်နေ၏။ သံသယပစ်မှတ်ကို တွေ့ရပြီမို့ ရဲမိုးက ဆိုင်၏ငွေရှင်းကောင်တာ ရှိုးကေ့(စ်)မှန်မှတဆင့် ထိုလူအား အကဲခတ်နေလိုက်သည်။

ထိုလူ သူ့ကို မျက်တောင်မခတ်ကြည့်နေခြင်းအား ရဲမိုး မြင်နေရသည်။ ထိုအချိန်မှာပင် ဆိုင်၌မွေးထားသော ကြောင်တစ်ကောင်မှာ လူစိမ်းနားရောက်သွားရာ ထိုလူက ကြောင်အား ရုတ်တရက် လှမ်းပုတ်လိုက်လေ၏။

ထိုနောက် ထိုလူစိမ်း ရဲမိုးကိုဂရုမစိုက်တော့၊ လက်ကျန် လက်ဖက်ရည်ကိုမော့၍ ပိုက်ဆံရှင်းကာ ထွက်သွားလေသည်။ ချက်ချင်းကြီး ပြောင်းလဲသွားသောကြောင့် ရဲမိုး အံ့ဩသွားရသည်။

ထိုအချိန်တွင် စောစောကကြောင် ရဲမိုးနားရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခြေထောက်ကို ပွတ်သပ်လေသည်။ ကြောင်နှင့်ထိလိုက်ချိန်တွင် ရဲမိုးတစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားကာ ဦးနှောက်ထဲမှာလည်း လက်ခနဲဖြစ်သွား၏။ ကြောင်ကလေးထွက်သွားတော့ ရဲမိုး တောင့်တောင့်ကြီးဖြစ်၍ ကျန်ခဲ့သည်။

ရဲမိုးစိတ်အစဉ်မှာ လန်းလန်းဆန်းဆန်း မရှိတော့။ သို့သော် တေးသွားတစ်ခုကို လေချွန်နေမိသည်။ သူ့လေချွန်သံကို သူပြန်ကြားနေရ၏။ သီချင်းက တိုင်းရင်းသားသံစဉ်တေးသွားတစ်ခု ဖြစ်နေသည်။

ထိုသီချင်းကို ဘယ်တုန်းကမှ သီဆိုခဲ့ဖူးခြင်း မရှိသော်လည်း တေးသွားအစအဆုံးကို သူ လေချွန်သီကျူးနေမိသည်။

ရဲမိုး နာရီကြည့်ပြီး၊ ဂျူတီဝင်ရတော့မည့်အတွက် ပိုက်ဆံရှင်း၍ ဆိုင်ထဲမှ စက်ရုပ်တစ်ရုပ်လို ထွက်ခွာသွား၏။ စခန်းအဝင်ဂိတ်စမှ အစောင့်ရဲတပ်သားက သူ့ကိုအလေးပြုသော်လည်း. . ဘုကြည့်ပြန်ကြည့်ကာ ခပ်တည်တည်နှင့် ဝင်လာခဲ့သည်။

စခန်းတွင်း သူ့အလုပ်စားပွဲတွင်ထိုင်ကာ အမှုတွဲအစီရင်ခံစာများကို ဖတ်ရှုသည်။ ထိုအချိန်အထိ သူမသိသော သံစဉ်တေးသွားကို လေချွန်နေတာ မရပ်သေး။ လုပ်ဖော်ကိုင်ဖက်များက လေလေးတချွန်ချွန်နဲ့ သိပ်တက်ကြွနေပါလားဟု မှတ်ချက်ပြုကြ၏။ ရဲမိုး ဘာမှတုံ့ပြန်ပြောမနေဘဲ ပြုံးရုံသာပြုံးပြလိုက်သည်။

မနက်ဆယ်နာရီလောက်တွင် ထောင်ကြီးချုပ်မှ တရားခွင်ပို့မည့် အချုပ်သားများ သယ်ဆောင်လာသည့် ကားရောက်လာသည်။ ရုံးသို့မပို့ခင် ခဏထိန်းသိမ်းထားရဦးမည်မို့ လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သတင်းပို့သူ တပ်သားနှင့်အတူ ရဲမိုးထွက်လာခဲ့၏။

ထိုအခါမှာတော့ ရဲမိုး လေမချွန်တော့ဘဲ ထိုတေးသီချင်းကို အသံထွက်အောင်သီဆိုရင်း လျှောက်လာနေခြင်း ဖြစ်သည်။ နံဘေးမှရဲသားက ရဲမိုးအား အံ့သြသလိုငေးကြည့်ရင်း မအောင့်နိုင်တော့ဟန်နှင့်. . .

"ဆရာ ဘာတွေဆိုနေတာလဲ၊ နားလည်းမလည်ဘူး. . ကြားလည်းမကြားဖူးဘူး"

"ငါ့ဟာငါ ဘာဆိုဆိုကွာ"

ရဲမိုး ပိတ်ဟောက်လိုက်သဖြင့် ရဲသား အသံတိတ်သွားသည်။ သူ လက်အောက်ငယ်သားကို ဒီလိုတခါမှ မဆက်ဆံဖူးပေ။ သူ့ပါးစပ်ကိုပင် မယုံနိုင်ဖြစ်မိသည်။ သူ့ကိုယ်သူလဲ ထိန်းချုပ်၍မရ။ သူ့ကိုယ်ထဲ ဆိုးပေ ဝင်ပူးနေပီလားဟု သံသယတော့ ဖြစ်မိသည်။

အချုပ်ကားနားအရောက်တွင် သူ့ကိုမြင်သွားသည့် မိန်းကလေးတစ်ယောက်က အားကိုးရာတွေ့သွားသလိုမျိုး ဝမ်းသာအားရနှင့် ပြေးလာ၏။

"ဆရာ. . ကျွန်မသူငယ်ချင်းတစ်ယောက် ဒီနေ့ ရုံးထုတ်မှာလေ၊ အဲဒါ. . နည်းနည်းပါးပါးကူညီပါဦး ဆရာရယ်"

မိန်းကလေးက ရဲမိုးလက်မောင်းအား ဖက်တွယ်လာ၏။ ထို့အတွက် ရဲမိုး ကြက်သီးဖြန်းဖြန်း ထသွားသလို မိန်းကလေးလည်း တုန်သွားကာ တောင့်တောင့်ကြီး ဖြစ်သွားတော့သည်။

ရဲမိုး သတိပြန်ဝင်လာချိန်တွင်. .



www.burmeseclassic.com

www.burmeseclassic.com


"ဥပဒေအတိုင်းဖြစ်စေရမယ်၊ ဟုတ်ပြီလား မေသူ"

မိန်းကလေးပုံစံမှာ စောစောလို မဟုတ်တော့ဘဲ မျက်ထောင့်နီကြီးနှင့် သူ့အားကြည့်နေလေသည်။ ရဲမိုး ထိုနေရာမှ လှည့်ထွက်ဖို့ ဟန်ပြင်လိုက်စဉ် . . ကောင်မလေးက သူ့ကိုစေ့စေ့ကြည့်ပြီး လေချွန်လိုက်ကာ ခုနက သူပါးစပ်ကဆိုခဲ့သော သီချင်းအား ဆိုလိုက်လေတော့သည်။ ဒီအချိန်မှာတော့ ရဲမိုးခြေလှမ်းတို့ တုန့်ခနဲ ရပ်သွားခဲ့ရလေပြီ။

ရဲမိုးနှင့်အတူ တပ်သားလေးပါ အံ့အားသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ ထိုသီချင်းမှာ အင်းစိန်ထောင်တွင် ကြည့်ခဲ့သော ဆိုးပေ၏ နောက်ဆုံးနေ့အခွေမှ ဆိုးပေဆိုခဲ့သော သီချင်းဖြစ်နေ၍ ရဲမိုးအံ့ဩရခြင်းဖြစ်၏။

စဉ်းစားရင်း အရေးကြီးသည့် ကွင်းဆက်တစ်ခုကိုတွေ့လိုက်၏။ ဆိုးပေ၏ဝိဉာဉ်သည် ဘယ်သက်ရှိကိုမဆို ပူးကပ်နိုင်ကြောင်း သိသွားသည်။ ထို့ပြင် ထိုပူးဝင်ခံထားရသူနှင့်ထိမိသော အခြားသက်ရှိကိုလည်း ပြောင်းလဲပူးကပ်နိုင်တာကိုပါ သတိပြုမိလိုက်သည်။

နေ့ခင်း (၂)နာရီခွဲတွင် ဖုန်းလာသည်။ စားပွဲတင် ဖုန်းကိုကောက်ကိုင်ပြီး ရဲမိုး နားထောင်လိုက်၏။ တစ်ဖက်မှ သတင်းပေးပို့မှုကို လက်ခံရယူရင်း စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ သတင်းပေးမှုအပြီးမှာ ရဲမိုး စိတ်မောလူမော ဖြစ်သွားတော့၏။

"ဘာတဲ့လဲ"

ရဲမိုး၏ အမူအရာကိုကြည့်ပြီး သောင်းဝေလင်းက စိုးရိမ်


www.burmeseclassic.com

www.burmeseclassic.com



ဟန်နှင့်မေးသည်။ မဖြေလို့မဖြစ်သည့်မေးခွန်းမို့ ရဲမိုး အားတင်း၍ ဖြေလိုက်သည်။

"ဆက်သွယ်ရေးနဲ့ ကျောင်းလမ်းကြားက (-----)တည်းခိုခန်းမှာ နှစ်လောင်းပြိုင် လူသတ်မှုဖြစ်လို့တဲ့"

ရဲမိုးစကားအဆုံးတွင် အခန်းထဲ၌ အာမေဍိတ်သံများ ဆူညံသွားတော့သည်။ စခန်းမှူးအား သတင်းပို့ပြီး လူစု၍ ရဲကားတစ်စီးနှင့် အခင်းဖြစ်နေရာသို့ ထွက်လာခဲ့ကြ၏။

တည်းခိုခန်းအရောက်တွင် ထိတ်လန့်စိုးရွံ့နေသော မန်နေဂျာက မျက်နှာငယ်လေးနှင့် ဆီးကြိုသည်။ ဖြစ်စဉ်အကျဉ်းကို အလောတကြီး ရှင်းပြသည်။

ထိုစုံတွဲ နေ့လည်(၁၂း၃၀)တွင် ရောက်လာကြောင်း. . (၁း၃၀)တွင် အချိန်စေ့သော်လည်း ထွက်မလာ၍(၂း၁၀)မိနစ်တွင် မန်နေဂျာက အကူဝန်ထမ်းနှစ်ယောက်နှင့်အတူ အခန်းတံခါးသွားခေါက်ကြောင်း၊ လုံးဝဖွင့်မပေးသလို အသံလည်းမကြားရသဖြင့် ဖွင့်ဝင်ခဲ့ကြောင်း၊ တံခါးဝမှပင် လှမ်းကြည့်ရာ နှစ်ယောက်လုံး သွေးအိုင်ထဲလဲနေတာတွေ့ကြောင်း စီကာပတ်ကုံး ပြောပြသည်။

"ဒါဆို အခင်းဖြစ်တဲ့အခန်းကို သွားကြည့်ရအောင်"

ရဲအဖွဲ့အား မန်နေဂျာဦးဆောင်၍ လူသတ်မှုဖြစ်ရာ အခန်းဆီသို့ ခေါ်လာခဲ့၏။

"ခြေရာလက်ရာ ပျက်သေးလား"

"လုံးဝမပျက်ပါဘူးဆရာ ကျွန်တော်တို့ အထဲထိတောင် မဝင်ပါဘူး၊ လှမ်းမြင်ရတာနဲ့တင် ကျွန်တော်တို့အတွက် လုံ



www.burmeseclassic.com

www.burmeseclassic.com



လောက်နေပြီလေ ဆရာရဲ့"

ရဲမိုးတို့အဖွဲ့ အပေါက်ဝမှပင် အခန်းတွင်းအခြေအနေကို ဓာတ်ပုံရိုက်မှတ်တမ်းတင်သည်။ ပြီးတော့မှ အခန်းထဲဝင်ကာ အလောင်းအခြေအနေကို အနီးကပ်မှတ်တမ်းတင်သည်။ အခြေအနေမှန်ကို အသေးစိတ်ဓာတ်ပုံရိုက်ပြီးမှ တစောင်းအနေအထားနှင့် ဖြစ်နေသော အမျိုးသမီးအလောင်းကို ဘယ်သူဘယ်ဝါဟု ခွဲခြားနိုင်ရန် မျက်နှာပေါ်အောင် ဆွဲလှည့်၍ ပက်လက်လှန်လိုက်ရာ. .

"ဟင်. . မေသူ"

သူတို့အားလုံးထံမှ တအံ့တသြအသံများ တညီတညာတည်း ထွက်လာ၏။ မနက်ကပင်တွေ့ခဲ့ရသေးသော မေသူခမျာ တဝက်တပျက် ဝတ်လစ်စလစ် အနေအထားနှင့် ဝိညာဉ်ကင်းမဲ့နေခဲ့ပြီ။

ရဲမိုးက အခန်းတွင်းအနေအထားကို လျှပ်တစ်ပြက်အကဲခတ်ပြီး. . .

"အခန်းထဲမှာ ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့တယ်ဆိုတာ ထင်ရှားတယ်၊ မေသူ့လည်ပင်းက လက်ရာတွေကိုကြည့်ခြင်းအားဖြင့် အမျိုးသားက မေသူ့ကို လည်ပင်းညှစ်သတ်ခဲ့တယ်လို့ ကောက်ချက်ချလို့ရတယ်. . ၊

ပြီးတော့. . ဟိုမှာ အရက်ပုလင်းကွဲတစ်လုံး၊ အမျိုးသားရဲ့ခေါင်းမှာလည်း သွေးယိုစိမ့်နေတဲ့ ပေါက်ပြဲဒဏ်ရာရှိနေတော့ လည်ပင်းညှစ်ခံရတဲ့ မေသူဟာ အကြောက်အကန်ခုခံပြီး ပုလင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ရိုက်ခဲ့တဲ့ အနေအထားပဲ၊ တတိယလူဆိုတာ မရှိဘူး. . ”

သောင်းဝေလင်းနှင့် ရဲအဖွဲ့ ခေါင်းတညိတ်ညိတ် လုပ်ကြ သည်။

'ဆိုးပေဝိညာဉ်က နှစ်ယောက်စလုံးကို တစ်လှည့်စီ ဝင်ပြီး သတ်ခဲ့တာဖြစ်မယ်. . 'လို့များ သူပြောလိုက်ရင် ကျန်တဲ့သူတွေ သူ့ကိုအရူးလို့ ထင်သွားနိုင်တာမို့ မပြောဖြစ်တော့

အသေးစိတ် စုံစမ်းရှာဖွေမှုများပြုလုပ်ပြီး ထိုအခန်းကို ချိပ်ပိတ်၍ စခန်းကိုပြန်ရောက်တော့ ညရှစ်နာရီထိုးလုလု ဖြစ်နေခဲ့ပြီ။ ရဲမိုးနှင့်တကွ တပ်ဖွဲ့ဝင်တွေအားလုံး စိတ်မောလူမောနှင့် နုံးချိနေကြ၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**ခေဝး**အနံ့ အရောင်တင်ဆီအနံ့ အရက်နံ့တို့ မွှန်ထူနေသည့် အခန်းထဲတွင် လူနှစ်ယောက် အလုပ်များနေကြသည်။ သူတို့မှာ နန်းထိုက်အောင်နှင့် သူငယ်ချင်းဖြစ်သူ ပန်းချီလင်းဖေမြင့်တို့ပင်ဖြစ်သည်။ နန်းထိုက်အောင်မှာ သူ့ဘယ်လက်၏ အစိုးမရနိုင်သည့် လှုပ်ရှားမှုများနှင့် အမျိုးအမည်မသိ ခြောက်လှန့်မှုများကြောင့် တစ်ယောက်ထဲ မနေရဲသဖြင့် အခင်ဆုံး သူငယ်ချင်း ပန်းချီဆရာကို အဖော်ခေါ်ထားခြင်း ဖြစ်သည်။

အနှောင့်အယှက်များကြောင့် အလုပ်မတွင်ဘဲ ဖြစ်နေသလို ပြပွဲတင်ရက်ကလည်း နီးလာပြီမို့ အဖော်ခေါ်ပြီး ညလုံးပေါက် အလုပ်လုပ်နေကြခြင်းဖြစ်၏။ ကိုယ့်ပန်းချီကားကိုယ် စိတ်နှစ် ဈာန်ဝင်စားစွာ ရေးဆွဲနေကြသည်မို့ အချိန်တွေ ဘယ်လိုကုန်သွားမှန်း မသိလိုက်ကြ။ ခြေထောက်တွေ ညောင်းပြီး လက်ပန်းကျ



www.burmeseclassic.com

www.burmeseclassic.com



လာတော့မှ ပန်းချီကားရှေ့မှခွာကာ ခဏနားရသည်။ ထိုသို့နား သည်နှင့် အရက်ခွက်ကိုယ်စီ ကိုင်မိကြသည်။

နန်းထိုက်အောင်မှာ ရှုပ်ပွနေသော စားပွဲပေါ်မှ ခက်ရင်း တစ်ချောင်းကို ကောက်ယူလိုက်သည်။ ခက်ရင်းအစား ဓားတစ် ချောင်း ပါလာလေသည်။ ဒါကိုသတိမပြုမိဘဲ ကန်စွန်းရွက်ကြော် ကို ထိုးကော်လိုက်၏။

"ဟော့ကောင် မင်းမူးနေပြီလား ဘာနဲ့ကော်နေတာလဲ"

"ဟင်. . ဟာ ငါလှမ်းယူတာ ခက်ရင်းပါကွ"

လင်းဖေမြင့်ပြောမှပဲ ခက်ရင်းနှင့်ဓား မှားယူမိကြောင်း သတိပြုမိတော့သည်။ နန်းထိုက်အောင် ခက်ရင်းပြန်လဲယူကာ ကန်စွန်းရွက်ကြော် တစ်လုပ်စာလောက် ခပ်ယူလိုက်၏။ ပါးစပ်ထဲ အထည့်တွင် သတိထားနေသည့်ကြားက ခက်ရင်းက ပါးစောင် ကို ထိုးမိသွားသည်။

"အားလားလား. . နာလိုက်တာကွာ"

"မင်းလက်က ဘာဖြစ်နေတာလဲ၊ စိတ်နဲ့လူနဲ့ကော ကပ် သေးရဲ့လား"

အနှောင့်အယှက်တွေ စလာပြီဆိုတာ နန်းထိုက်အောင် သိလိုက်ပြီ။ ထိုအချိန်တွင် မီးပျက်သွားလေ၏ တအိမ်လုံးမှောင် ကျသွားသည်။ သို့သော်. . ဘုရားခန်းမီးအလင်းရောင်ကတော့ တစ်အိမ်လုံးတွင် မှုံဝါးဝါးရှိနေသည်မို့ မီးပျက်သွားခြင်းလည်း ဟုတ်. . ။ ဘုရားခန်းမီးကိုမူ အဘယ့်ကြောင့် ပိတ်သွားအောင် မလုပ်နိုင်သနည်း။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးကောင်သည် ဘုရားခန်းအတွင်းသို့ ဝင်၍မရသောကြောင့်ပင်လော. .။ နန်းထိုက်အောင် အတွေးများဖြင့် လုံးချာလည်နေခိုက် မီးဖိုခန်းဆီမှ ချိုးချိုးချွတ်ချွတ်အသံများ ကြားရသဖြင့် လှမ်းကြည့်လိုက်မိသောအခါတွင်ကား. . .

"အောင်မလေး. ."

မြင်လိုက်ရသည်က မပီဝိုးတဝါး အလင်းရောင်အောက်တွင် လူတစ်ယောက် မီးဖိုခန်းဝင်ပေါက်ဘေးရှိ ရေခဲသေတ္တာရှေ့တွင် ငုတ်စုတ်ထိုင်ကာ ရေခဲသေတ္တာထဲမွှေနေသည်ကို တွေ့လိုက်ရသည်။

ထိုစဉ် ဝုန်းခနဲမြည်သံနှင့်အတူ မီးပြန်လင်းလာလေသည်။ ထိုအခါ ရေခဲသေတ္တာတံခါး ပွင့်နေသည်ကလွဲ၍ ဘာမှမရှိတော့။

ဘာထူးခြားဦးမလဲ စောင့်ကြည့်နားစွင့်သည်။ အတန်ကြာသည်အထိ ဘာလှုပ်ရှားမှုမှမတွေ့. .၊ စကားလည်း မပြောဖြစ်ကြ၍ တိတ်ဆိတ်နေခိုက် ဝုန်းခနဲ အသံတစ်သံ ထပ်ကြားရပြန်သည်။

ဒီတစ်ခါတော့ သူ၏ရေးလက်စပန်းချီကားက စတင်း(န်)ပေါ်က ပြုတ်ကျသွားတာဖြစ်၏။ လေတိုးတာဖြစ်မည်ဟုတွေးပြီး ပြန်ကောက်ယူဖို့ နန်းထိုက်အောင် ထလိုက်သည်။

"ဟင်. ."

သူဆွဲထားသည့် ပန်းချီကားကိုလှမ်းကြည့်ကာ အံ့အားသင့်သွားသည်။ တွေ့လိုက်ရသည်က ညာလက်တစ်ဖက်သာရှိ



www.burmeseclassic.com

www.burmeseclassic.com



သော လူတစ်ယောက်ပုံဖြစ်နေသည်။ သူ ဒီပုံကိုမဆွဲ..။

ဒါ သူ့ကိုသတိပေးတာဖြစ်ကြောင်း ရိပ်မိသွားသည်နှင့် နှစ်ယောက်သား အခန်းထဲမှ ထွက်ပြေးရတော့သည်။ လမ်းပေါ် ရောက်သည်နှင့် လင်းဖေမြင့်က...

“မင်းအိမ်ကလည်း ကြမ်းလှချီလား”

“အဲဒါကြောင့် မင်းကိုအဖော်ခေါ်ထားတာလေကွာ”

“မင်းကွာ..အစထဲက ဘာလို့မပြောတာလဲကွ”



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

ဦပါဝေတယောက် အတော်မူးနေ၏။ ယိုင်တိယိုင်တိုင်နှင့် လျှောက်လှမ်းရင်း လမ်းသွယ်ထဲ ချိုးဝင်လိုက်သည်နှင့် လူသွားလူလာ မတွေ့ရသလောက် ဖြစ်သွားသည်။ သူ အပြင်မထွက်တာကြာပြီ၊ ဒီနေ့ညကျမှ အိမ်တွင်းအောင်းရတာ ငြီးငွေ့လာသဖြင့် အပျင်းပြေ အရဲစွန့်ပြီး ထွက်လာခဲ့ခြင်းဖြစ်သည်။

အိမ်ပြန်ရောက်မှ စိတ်ချရမှာမို့ အားစိုက်လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်မှာပင် နောက်မှ တဖုတ်ဖုတ်နှင့် ပြေးလိုက်လာသော ခြေသံကြောင့် စိုးရိမ်စိတ်နှင့် လှည့်ကြည့်မိသည်။

သို့သော် ဘယ်သူမှမရှိ. .။ ထိုစဉ်. .

"ဖြန်း!. . ဖြန်း!. ."

ပါးနှစ်ဘက်လုံး ထူပူသွား၏။ တရားခံကိုကား မတွေ့။ ဒီပါဝေ ဇောချွေးပျံနေစဉ် သီချင်းညည်းသံ ကြားရပြန်သည်။ ထိုနေရာမှ ဒီပါဝေ ဒုန်းစိုင်းပြေးထွက်လာခဲ့၏။

အားစိုက်ပြေးလာသော်လည်း သီချင်းသံက လိုက်ပါလာမြဲပင်. .။ အလန့်တကြား အားစိုက်ပြေးခဲ့ရ၍လားမသိ၊ အိမ်နားရောက်ခါနီးမှာပင် ခြေထောက်နှစ်ဖက်လုံး မခံမရပ်နိုင်အောင်နာကျင်လာ၏။ သွေးမလျှောက်တော့သလို ကိုက်ခဲလာကာ ထူးထူးဆန်းဆန်း ခံစားလိုက်ရသည်။

သူ့ခြံတံခါးဝကို မြင်နေရလေပြီ။

စက္ကန့်သုံးဆယ်လောက် အနာခံရင်း ရှေ့ဆက်တိုးခဲ့ရာ သံတံခါးကို လက်ကိုင်နိုင်ခဲ့သည်။ ဒီပါဝေ အမောဖြေနေစဉ်မှာပင် သူ့ခြေထောက်တစ်ဖက်ကို မမြင်ရသောအရာက လှမ်းဆွဲတာ ခံလိုက်ရသည်။

"ဟာ. . ဟာ. . ကယ်ကြပါအုံး"

ဒီပါဝေ သံတိုင်ကိုအားပြုကိုင်၍ ကျန်ခြေထောက်ဖက်နှင့် မမြင်ရသည့်အရာကို ဆောင့်ကန်ရင်း အော်ဟစ်နေသည်။

"ဘာဖြစ်လာတာလဲ ကိုကြီး"

"သရဲ. . သရဲ. . ငါ့ကို လိုက်ဆွဲနေလို့ မြန်မြန်ဖွင့်ပါဟ"



www.burmeseclassic.com

www.burmeseclassic.com



ညီဖြစ်သူက ခြံတံခါးဖွင့်ရင်း . .

"လုပ်ပြန်ပြီကိုကြီးရာ"

အိမ်ထဲရောက်တော့ ညီငယ်က သူ့အခန်းထဲဝင်သွား၏။ ဒီပါတစ်ယောက်ထဲ ဧည့်ခန်း၌ကျန်ခဲ့၏။ တစ်ယောက်ထဲမို့ လုံးဝ တိတ်ဆိတ်သွားလေရာ စိတ်ကအလိုလို ချောက်ချားလာပြန်သည်။ ရိုးတိုးရိပ်တိတ် လှုပ်ရှားမှုတွေ မြင်ရသလိုလို အသံသဲ့သဲ့ ကြားရသလိုလို ထင်မြင်လာသည်။

ထိတ်လန့်မှုကို သည်းမခံနိုင်တော့သည့်အဆုံး အပေါ် ထပ်မှ သူ့အိပ်ခန်းရှိရာသို့ ကြိုးစားတက်လာခဲ့သည်။ တစ်ထစ်ချင်း အားယူပြီးတက်လာခဲ့ရာ အပေါ်ထပ်မရောက်ခင်မှာပင် သီချင်းဆိုသံ ပြန်ကြားလာရသည်။ ဒီပါဝေ ခေါင်းနပန်းကြီးသွားပြီး အပြေးတက်ရသည်။

အပေါ်ရောက်တော့ ရဲမိုးထံ အားကိုးတကြီး ဖုန်းဆက်လိုက်သည်။

"ဒီပါ. . ပြော"

"ကိုရဲမိုး. . ဟိုကောင် ကျွန်တော့်နောက်လိုက်လာတယ်၊ အခုဆို အိမ်ထဲထိတောင် ရောက်နေပြီ ထင်တယ်၊ ကျွန်တော် ဘာလုပ်ရမလဲ. . ကယ်ပါအုံး"

"ငါအခုလာခဲ့မယ်"

ထိုစဉ် အခန်းထဲသို့ အရိပ်မည်းကြီးတစ်ခု တိုးဝင်လာလေရာ. .

"အား. . . မ. . မလာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီပါဝေ၏အော်သံ ရပ်သွားပြီး ဖုန်းလိုင်းပြတ်သွားသဖြင့် ရဲမိုး ချက်ချင်းပင်ထွက်လာခဲ့၏။ ကားမောင်းလာရင်း သောင်းဝေလင်းထံ ဖုန်းဆက်ကာ လိုက်လာဖို့လိပ်စာပြောရသည်။

နာရီဝက်ခန့် မောင်းလာခဲ့ပြီးမှ ဒီပါဝေတို့ ရပ်ကွက်သို့ ရောက်လာသည်။ ခြံရှေ့ကားရပ်လိုက်သည်နှင့် အိမ်ထဲမှ အော်ငိုနေသံများကို အတိုင်းသားကြားနေရသည်။

ရဲမိုး အိမ်ထဲဝင်လာခဲ့ရာ ငိုသံက အပေါ်ထပ်ကဖြစ်နေသည်။ ဒီပါ့အမေပဲ ဖြစ်လိမ့်မည်။ ငိုနေပုံထောက်ရင်တော့ အခြေအနေ ကောင်းမှာမဟုတ်၊ ဘာတွေများ ဖြစ်သွားပါလိမ့်ဟု သိချင်လာ၍ လှေကားအတိုင်း ပြေးတက်ခဲ့သည်။

"ဟာ. . ဒီ. . ဒီပါ"

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် မျက်နှာလွှဲလိုက်ရ၏။

ဒီပါဝေတွင် ခြေထောက်နှစ်ဘက်လုံးမရှိတော့. .

စိတ်မကောင်းစွာ ပြန်ဆင်းလာခိုက်. . ရဲမိုးအနားသို့ သောင်းဝေလင်း ကပ်လာပြီး. . .

- "ဒီပါဝေရဲ့အခြေအနေ ဘယ်လိုလဲ"

"သေသွားပြီ၊ ရက်စက်လိုက်တာကွာ ဆိုးပေက သူ့ခြေထောက်နှစ်ဖက်လုံးကို ပြန်ဖြတ်ယူသွားတာ"

"ဗျာ!. . ."

သောင်းဝေလင်းမျက်နှာ သွေးဆုတ်သွားလေသလားဟုပင် ထင်ရ၏။ ရဲမိုးနှင့်သောင်းဝေလင်း စီးကရက်ကို အပြိုင်ဖွာကာ ငေးငိုင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုဆို ပန်းချီဆရာ နန်းထိုက်အောင်ရယ် ကျုပ်ရယ်ပဲ ကျန်တော့တယ်၊ ကျုပ်က ပြဿနာမရှိဘူး နန်းထိုက်အောင်အ တွက် စိုးရိမ်ရတယ်"

"ဒါဆို. . ပန်းချီဆရာဆီ သွားကြမယ်လေ"

ဒုရဲအုပ်သောင်းဒန်က သူ့အဖွဲ့အား လိုအပ်သည်များ ညွှန်ကြားပြီး ရဲမိုးတို့နှင့် လိုက်လာသည်။ ရဲမိုးက သောင်းဝေလင်း အား ကားမောင်းခိုင်းပြီး လမ်းညွှန်ပြသည်။ ရဲမိုးက ကားပေါ်မှာ ဆိုးပေ၏ ဝိညာဉ်အကြောင်း သောင်းဒန်အားရှင်းပြလာခဲ့သည်။

ထိုအချိန်တွင် နန်းထိုက်အောင်မှာ သူ့စတူဒီယိုခန်းတွင် တစ်ယောက်ထဲဖြစ်နေ၏။ ကြောက်ကြောက်နှင့်ပင် ပန်းချီဆွဲနေ ရသည်။ ဘော်ဒါတွေ အကူအညီတောင်းသော်လည်း ဘယ်သူမှ မလာရဲကြ။ ထို့အတွက် သရဲရန်ကလွတ်အောင် ကိုးကွယ်သော ဆရာတော်တစ်ပါး အကူအညီနှင့် ဘုန်းကြီးကျောင်းသို့ မနက်ဖြန် အပြီးပြောင်းရန် စီစဉ်ထားသည်။

"အဟီး. . ဟီး. . . "

ရုတ်တရက် ကြောက်စရာကောင်းသော ညည်းသံကြီး ကြောင့် ကြက်သီးပင်ထသွားရသည်။ မဖြစ်မနေ တစ်ယောက်တည်း နေချိန်၌ ဆရာတော်နည်းပေးလိုက်သလို ဆိုးပေအားရည်စူး၍ မေတ္တာပို့လိုက်မှ အသံထပ်မကြားရတော့ပေ။

သို့သော် ဘာသာတရားနှင့်ဝေးလွန်းလှသော အရက် သမားပန်းချီဆရာတစ်ယောက်၏ မေတ္တာပို့မှုတွေက ကပေါက်တိ ကပေါက်ချာ. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဘာနံ့ကြီးလဲ"

လေနှင့်အတူ ပုတ်စော်လိုလို အနံ့ဆိုးကြီးတစ်ခုက နှာခေါင်းထဲ တိုးဝင်လာသည်။ လူသေတစ်ယောက် သူ့အခန်းထဲပဲ ရောက်နေပြီလား. . ။

ပန်းချီရေးနေရသော်လည်း နောက်ကျောမလုံသလို ခံစားနေရသဖြင့် အလုပ်မတွင် ဖြစ်နေသည်။ စိတ်ကချောက်ချားဖြစ်နေ၍ နားထဲမှာ အသံမျိုးစုံကြားနေရသလို ခံစားနေရ၏။ အလုပ်ထဲ အာရုံစိုက်နေစဉ်မှာပင် ကြောင်တွေ အချင်းချင်းကိုက်ပြီး ဝုန်းဒိုင်းကျဲနေသံကို ကြားမိသည်။

အခန်းထဲ ဝင်လာမှာစိုး၍ ဝရန်တာမှတံခါးကို သွားပိတ်သည်။ တံခါးပိတ်ပြီး ပြန်အလှည့်မှာ လေတိုးတာကို သိသိသာသာကြီး ခံစားလိုက်ရသဖြင့် နန်းထိုက်အောင် တစ်ကိုယ်လုံး တဖျင်းဖျင်းဖြစ်သွားသည်။ ကြောက်ပါသည်ဆိုမှ ဖြဲခြောက်နေသည့် ဆိုးပေကိုလည်း မေ့တွာပျက်သွား၏။

စတင်း(န်)ရှိရာသို့ ပြန်လျှောက်လာချိန်မှာ ဘီယာဘူးခွံ တစ်ခု လိမ့်လာတာမြင်ရသည်။ ကြွက်တိုးတာဖြစ်မှာပါဟု စိတ်ကိုတင်း၍ ရှေ့ဆက်လှမ်းလိုက်စဉ် ဆေးဘူးတွေ အရက်ပုလင်းခွံတွေ နေရာပေါင်းစုံမှ သူ့ဆီလိမ့်လာကြတာကို တွေ့ရသည်။

နန်းထိုက်အောင် အလွန်အမင်း ထိတ်လန့်သွား၏။ လုံးဝမနေသင့်သောအရပ်ဟု သဘောပေါက်ပြီး ထွက်ခွာရန် ပိုက်ဆံအိတ်နှင့်သော့ကိုယူကာ တံခါးဝသို့ လျှောက်လာခဲ့၏။

တံခါးဆွဲဖွင့်ရင်း နောက်သို့လှည့်ကြည့်မိသည်။ သက်မဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးတွေ ပုလင်းတွေ သူ့ထံဦးတည်လိမ့်လာနေဆဲ ဖြစ်၏။

အချိန်ဆွဲမနေတော့ဘဲ အပြင်ထွက်လိုက်ချိန်မှာတော့ တစ်စုံတစ်ခုနှင့် တိုက်မိကာ မော့ကြည့်မိသည်။ သူ မမြင်ဘူးသော လူထွားကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုလူကြီးက နန်းထိုက်အောင်ရင်ဘတ်အား ဆောင့်တွန်းလိုက်၍ အခန်းထဲ ပက်လက်လန်လဲကျသွားသည်။

"ခင်. . ခင်ဗျား ဘယ်သူလဲ၊ ဘာလုပ်မလို့လဲ"

"ငါလား. . ဆိုးပေလေကွာ၊ ငါ့လက်ပြန်လာယူတာ"

ဆိုးပေဝိညာဉ်ပူးဝင်နေသောလူတစ်ယောက် သူ့အခန်းကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီဆိုမှတော့ သေရမည်မှာ သေချာသလောက်ရှိနေပြီဖြစ်သည်။

ပက်လက်အနေအထားနှင့် လွတ်လမ်းရှာနေသော နန်းထိုက်အောင်အား ထိုလူက လက်နှစ်ဖက်နှင့် ကောက်ယူချီမလိုက်ရာ ယက်ကန်ယက်ကန်နှင့် ပါသွားတော့၏။

လူထွားကြီးက ဝှေ့ယမ်းပြီး နန်းထိုက်အောင်အား ကိုင်ပေါက်လိုက်၏။ အရှိန်ပြင်းလှသဖြင့် ပြတင်းပေါက်မှ အောက်သို့ လွင့်ကျသွား၏။ သတိကြီးကြီးနှင့် ပြတင်းပေါက်ဘောင်ကို အချိန်မီဆုပ်ကိုင်ထားလိုက်နိုင်၍သာ သူကံကောင်းသွား၏။ သို့သော် ချက်ချင်းဆိုသလိုပင် လူထွားကြီး ပြတင်းပေါက်နားရောက်လာကာ. . .

"ငါ့လက်ပြန်ပေးစမ်း. . ."

မာမာထန်ထန်ပင်ပြောဆိုကာ ပြတင်းပေါက်ဘောင်

www.burmeseclassic.com



အား ဆုပ်ကိုင်ထားသော နန်းထိုက်အောင်၏ ဘယ်လက်ကို လှမ်းဆွဲလေတော့သည်။ သူ တောင်းပန်ဖို့အချိန်ပင်မရ၊ ဘယ်လက်ကို လိမ်ချိုးပြီး ဆွဲဖြုတ်နေသဖြင့် သေလုမတတ်ဝေဒနာကို ခံစားနေရသည်။ ပြတင်းပေါက်ဘောင်ကို ခြေစုံကန်ပြီး ဆွဲဖြုတ်နေသောလူထွားကြီးလက်ထဲ သူ့လက်ပြတ်ပြီးပါသွားချိန်မှာတော့ အသံကုန်ဟစ်အော်ရင်း ပြုတ်ကျသွားတော့သည်။

"အား!. ."

"ဝုန်း!. . ဗုန်း!. ."

ပန်းချီဆရာ အိမ်အောက်ရပ်ရပ်ချင်း ရဲမိုးတို့ကားပေါ် တစ်စုံတစ်ခု ပြုတ်ကျလာခြင်းဖြစ်သည်။

"ဟ. . ဘာကြီးကျလာတာလဲ"

လန့်သွားကြသော ရဲမိုးတို့အုပ်စု ချက်ချင်းပင် သဘော ပေါက်သွားကြသည်။ ဘောနက်ဖုံးပေါ် အသက်ပျောက်နေသော နန်းထိုက်အောင်မှာ ဘယ်ဘက်လက်မရှိတော့။

သောင်းဝေလင်းက နယ်မြေခံရဲအဖွဲ့ကို ချက်ချင်းဖုန်း ဆက်အကြောင်းကြားကာ သောင်းဒန်နှင့်အတူ အပေါ်ထပ်ကို တက်ပြီး တရားခံရှာသော်လည်း မတွေ့သဖြင့် လုပ်စရာရှိတာ တွေလုပ်နေသည်။

ရဲမိုးလည်း အကြီးအကျယ်စိတ်ပူနေပြီမို့ နန်းထံ ဖုန်းလှမ်း ဆက်လိုက်သည်။ ည(၁၂)နာရီ ဝန်းကျင်ရှိနေပြီဖြစ်သော်လည်း နန်းက ချက်ချင်းဆိုသလို ဖုန်းကိုင်၏။

"မောင်ပြောတာ သေချာနားထောင်ပြီး ချက်ချင်း ကလေး



www.burmeseclassic.com

www.burmeseclassic.com


တွေ့ခေါ်ပြီး အမေတို့အိမ်မှာသွားနေပါ၊ ကျန်တာနောက်မှရှင်းပြမယ်. . ၊ အဲဒီမှာမလုံခြုံဘူး ခုပဲထွက်တော့နန်း”

ရဲမိုး ပြောပြီး ဖုန်းချလိုက်သည်။ သို့နှင့် ရဲမိုးနှင့်သောင်းဝေလင်းတို့နှစ်ယောက် စခန်းသို့ပြန်လာခဲ့ကြသည်။ လမ်းခုလတ်တွင် ပွိုင့်မိသည်။ သောင်းဝေလင်းက နိုင်ငံကြီးသား ပီသနေ၏။

“ဟော့ကောင် မနက်(၂)နာရီ ထိုးတော့မယ် လမ်းပေါ်မှာ ကားတစ်စီးမှ မရှိဘူး”

“ဒါတော့ဒါပေါ့ ဆရာရယ်”

သူတို့အပြန်အလှန်ပြောနေစဉ် ကားတစ်စီး ယှဉ်၍ရပ်လာသည်။ ရဲမိုးလှည့်ကြည့်မိစဉ်နေမှာပင် တစ်ဖက်ကားပေါ်မှ ယာဉ်မောင်းက သီချင်းဆိုလိုက်သည်။ ထိုသီချင်းသံကို သူကြားဖူးနေ၍ ခေါင်းနပန်းကြီးသွား၏။

ဆိုးပေဆိုနေကျ သီချင်းမို့ အံ့ဩနေခိုက် စီးကရက်ကိုင်ကာ တံခါးဘောင်ပေါ်တင်ထားသော ရဲမိုး၏ညာလက်ကို တစ်ဖက်ယာဉ်မောင်းက လှမ်းဆုပ်ကိုင်ပြီး ကားကိုအရှိန်နှင့် မောင်းထွက်သွား၏။

“ဟာ. . ဟား. . ပြ. . ပြဿနာပဲ. . အား. . သေ. . သေတော့မယ်”

ဆောင့်ဆွဲလိုက်သောအရှိန်ကြောင့် ရဲမိုး ကားထဲတွင်းမှ ကိုယ်တစ်ပိုင်းထွက်နေပြီ။ သောင်းဝေလင်းက အခြေအနေကို ရိပ်မိပြီး လီဘာတင်ကာ အရှိန်မြှင့်၍ ဘေးချင်းယှဉ် လိုက်မောင်းပေး၏။ ထို့အတွက်ကြောင့်သာ ရဲမိုးလက်ပြုတ်ထွက်မည့်ဘေးမှ


www.burmeseclassic.com

www.burmeseclassic.com



ကင်းဝေးခဲ့ရသည်။

ကားနှစ်စီး အရှိန်တူနှင့် လမ်းပေါ်မှာ အလွန်လျင်မြန်စွာ မောင်းနေကြသည်။ ဝိညာဉ်ပူးနေသူက ရဲမိုးလက်ကို မလွှတ်တမ်းကိုင်ထားပြီး သူတို့ကားကို ကျော်တက်နိုင်ဖို့ ကြိုးစားနေသည်။ အကယ်၍သာ ဆိုးပေကားက ကျော်တက်သွားလျှင် ရဲမိုးလက် ပြုတ်ထွက်သွားမည် ဖြစ်သည်။

အခြေအနေက သည်းထိတ်ရင်ဖိုနှင့် သက်စွန့်ဆံဖျားလုပ်ရှားနေရ၏။ ရဲမိုးက သူ့ခါးကြားမှသေနတ်ကို နှိုက်ယူဖို့ အားထုတ်နေသည်။ သောင်းဝေလင်းက တစ်ဖက်ကားကို မျက်ခြေမပြတ်ကြည့်ရင်း ကျော်တက်မသွားအောင် ကြိုးစားနေရသဖြင့် ရဲမိုးအား မကူညီနိုင်။

အတော်ခက်ခက်ခဲခဲကြိုးစားမှ လက်ထဲသေနတ်ရောက်လာသည်။ သို့သော် ရဲမိုးက ဘယ်သန်မဟုတ်၍ သေနတ်မောင်းညှစ်ဖို့ လွယ်လွယ်နဲ့မရဖြစ်နေပြန်သည်။ စိတ်ကိုတည်ငြိမ်အောင်စုစည်း၍ သရဲစီးခံရသူ၏လက်ကို သေနတ်နှင့်ချိန်ပစ်လိုက်၏။

"ဒိန်း!. ."

ပစ်မှတ်ကိုမထိသော်လည်း သရဲစီးခံရသူ လန့်သွားကာ ရဲမိုးလက်ကိုလွှတ်လိုက်သည်။ ရဲမိုးက သောင်းဝေလင်းအား အရှိန်လျှော့ခိုင်းပြီး ကျော်တက်သွားသည့်ကားနောက်ကိုချိန်လိုက်ခိုင်းသည်။

ရဲမိုး မီးရောင်ကြောင့် လှမ်းမြင်နေရသော ကားနံပါတ်ကို မှတ်နေရသည်။ သောင်းဝေလင်း လီဗာကို ဖိနင်းကာ လိုက်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရှေ့ကားကပိတ်မောင်းနေ၏။ နောက်ဆုံးတော့ ရဲမိုးတို့ကားလည်း လိုက်မမီတော့ဘဲ ပြတ်ကျန်ခဲ့လေတော့သည်။

"တော်တော်အငြိုးကြီးတဲ့သရဲပဲနော်၊ ဆရာပြောတော့ သူမသေခင် ကြည်ကြည်ဖြူဖြူ လှူခဲ့တာဆို"

"သေခါနီး အစွဲဖြစ်သွားတာနဲ့ တူတယ်"

မောင်းလာရင်း ဆေးရုံကြီးရှေ့အရောက် စောစောက ကား ရပ်ထားတာကို တွေ့လိုက်ရသည်။

"အဲ့ဒါ ဆရာ့လက်ခွဲစိတ်မှုလုပ်တဲ့ ဆေးရုံမဟုတ်လား"

"အေး. . ဟုတ်တယ်၊ ဒါဆို ဒေါက်တာအောင်ငြိမ်းသက် အတွက် စိုးရိမ်ရတယ်၊ ဆိုးပေက သူယူသွားတဲ့ လက်တစ်ဖက်နဲ့ ခြေထောက်နှစ်ဖက်ကို ပြန်တပ်ခိုင်းချင်တာလားမသိဘူး၊ လာ. . ငါတို့သွားကြည့်ရအောင်. . ."

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ကျုံးခန်းထဲရှိ ဆိုဖာပေါ် ဒေါက်တာအောင်ငြိမ်းသက် အိပ်စက်အနားယူနေခိုက် ကြမ်းတမ်းစွာ ဆွဲထူခံလိုက်ရခြင်းကြောင့် လန့်နိုးသွား၏။

သူ မသိသော လူတစ်ယောက်ကို တွေ့လိုက်ရပြီး ထိုလူ ညွှန်ပြသော မှန်စားပွဲပေါ် အကြည့်ရောက်သွားချိန်မှာတော့. . ဒေါက်တာလန့်သွားရသည်။

မှန်စားပွဲပုလေးပေါ်တွင် မျက်လုံးနှစ်လုံး လက်တစ်ဖက်နှင့် ခြေထောက်နှစ်ဖက်ကို သွေးသံရဲရဲနှင့် မြင်တွေ့နေရသည်။

"အဲဒါ ကျုပ်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေပဲ ခင်ဗျားကိုယ်လုံးကဟာတွေ ဖြုတ်ထုတ်ပြီး ကျုပ်ဟာတွေ ပြန်တပ်ပေး"

"ဟင်. . မရဘူး အဲလိုလုပ်လို့မရဘူး မင်း. . မင်း. . ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လား. . ကျုပ်ကဆိုးပေလေ၊ ခင်ဗျားနဲ့ထိုင်းက ဆရာဝန်တွေ ကျုပ်ရဲ့လက်တွေ၊ ခြေထောက်တွေကိုဖြတ်ပြီး ဟို လူ့တပ်ပေး ဒီလူ့တပ်ပေးနဲ့ လုပ်ခဲ့ကြတာ မမှတ်မိတော့ဘူးလား၊ ဒါတွေပြန်ရအောင် မနည်းလိုက်ယူလာခဲ့ရတာ"

ကြားရသည့်စကားကြောင့် အောင်ငြိမ်းသက် အော်ဂလီ ဆန်ပြီး ပျို့အန်ချင်သလိုပင် ဖြစ်သွား၏။ ဒါဆို. . သူ့လူနာတွေ အကုန်သေကုန်ပြီပေါ့။

အောင်ငြိမ်းသက် ပရိယာယ်သုံးကာ ခွဲစိတ်ခန်း ပြင်ရ မည်ဟုပြောပြီး အခန်းတံခါးဆီသို့ ခပ်တည်တည် လျှောက်လာခဲ့ သည်။ ဆိုးပေ၏ ဝိညာဉ်ပူးခန္ဓာက အတော်ပါးနပ်၏။ သူ့နောက် မှ ကပ်လိုက်လာသည်။

သူ့ပစ္စည်းတွေကို စိတ်မချဟန်နှင့် ကောက်ယူလာသေး သည်မို့. . မြင်ရတာ သွေးပျက်ဖွယ်ကောင်းနေလေသည်။ ခြေ ထောက်နှစ်ဖက်ကို ပခုံးတစ်ဖက်တစ်ချက်ပေါ်တွင် ချိတ်၍တင် ထားပြီး လက်ပြတ်ကြီးတဖက်ကို တရွတ်တိုက်ဆွဲလာပုံက သား သတ်သမားတစ်ယောက်နှင့် တူလှသည်။

ဒေါက်တာအောင်ငြိမ်းသက်မှာ လွတ်မြောက်ဖို့ အကြံ ဉာဏ်ထုတ်ရင်း လျှောက်လာနေသည်။ မနက်ပိုင်း (၃)နာရီအ ချိန်ဖြစ်နေ၍ စင်္ကြံတလျှောက် လူသွားလူလာမရှိအောင် ရှင်း နေ၏။ တစ်ယောက်ထဲ အနေအထားနှင့် ဆိုးပေလို့ပြောနေသူ လက်မှလွတ်ဖို့ မမျှော်လင့်နိုင်ကြောင်း သူသိသည်။

ထိုအချိန်တွင် ကော်ရစ်ဒါအတွေ့မှ ရဲမိုးတို့ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာ မြင်လိုက်ရ၏။

"ဟော့ကောင် ရပ်လိုက်စမ်း၊ လက်နှစ်ဖက်မြှောက်ပြီး ဘ
ဘက်လှည့်လိုက်"

"ဟားဟား . . ဟားဟား . . အတော်ပဲ၊ ငါ့ရဲ့ညာလက်
ကို ပြန်လာပေးတာလား ရဲအစုတ်ပလုတ် . . ဟားဟားဟား"

ဝိညာဉ်ပူးခန္ဓာက ရှေ့ဆက်တိုးလာနေသည်။

သောင်းဝေလွင်က သေနတ်မောင်းတင်ရင်း . .

"ရပ် . . မရပ်ရင် ပစ်မှာနော်"

လူစိတ်ပျောက်နေသူက တဟားဟားရယ်ရင်း ရှေ့ဆက်
တိုးလာ၏။

"ဒိုင်း! . . "

သောင်းဝေလင်းက ထိုလူ၏ခြေထောက်ကို လှမ်းပစ်
လိုက်၏။ သေချာထိမှန်သွားသော်လည်း လုံးဝလက်မလျှော့ဘဲ
ဒေါက်တာအောင်ငြိမ်းသက်အား ဖမ်းချုပ်ကာ ဓားစာခံလုပ်လိုက်
တော့၏။

"ဒီကောင် မသေစေချင်ရင် မင်းတို့အားလုံး ငါ့ရှေ့က
ဖယ်"

ဓားစာခံကြောင့် ရဲမိုးတို့ အကျပ်ရိုက်သွားကြသည်။

"မင်းတို့သေနတ်တွေ ကြမ်းပေါ်ပစ်ချလိုက်"

လက်နက်မဲ့ဖြစ်အောင် အကျပ်ကိုင်လာပြီမို့ ရဲမိုး အချိန်
ဆွဲဖို့ ကြိုးစားကြည့်သည်။

"သူသေရင် မင်းရဲ့လက်တွေ ခြေထောက်တွေ လဲပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ချာ မဟုတ်တော့ဘူးနော်”

ရဲမိုး စကားကြောင့် ဆိုးပေ တွေဝေသွားပုံရသည်။ ထိုအခိုက်အတန့်ကို ရဲမိုး အသုံးချပြီး သေနတ်မောင်းဖြုတ်လိုက်၏။

“ဒိုင်း!. .”

သရဲပူးခံထားရသူ၏ နဖူးတည့်တည့် ထိမှန်သွားသည်။ အသက်ပျောက်သွားသူကို အသေအချာ စစ်ဆေးကြည့်ရှုကြစဉ် မျက်နှာကျက်မှ အိမ်မြှောင်တစ်ကောင် ထိုလူ့ရင်ဘတ်ပေါ် ပြုတ်ကျလာသည်။

“ဘုတ်. .”

ရဲမိုးနှင့်သောင်းဝေလင်း တအံ့တဩ ကြည့်နေစဉ် အိမ်မြှောင်ကတစ်ပေခန့်ထိ ခုန်ထွက်သွားကာ နံရံမှတဆင့် မျက်နှာကျက်ပေါ် ရောက်သွားသည်။

ထို့နောက် စူးစူးဝါးဝါး စုတ်ထိုးသံကြီး ကြားလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

ထိုနေ့ စခန်းမှာလုပ်စရာရှိတာလုပ်ပြီး နန်းနှင့်ကလေးတွေကို သတိရသဖြင့် ယောက္ခမအိမ်သို့ တက္ကစီနှင့်ထွက်လာခဲ့၏။ ယောက္ခမခြံထဲဝင်လာခိုက် သားနှင့် ရွယ်တူကောင်လေးတစ်ယောက် တစ်ဖက်ခြံထဲ ထိုင်စကားပြောနေတာတွေ့လိုက်ရသည်။ သို့သော် နန်းကိုတွေ့ချင်စိတ်က ပိုနေသဖြင့် အိမ်ထဲ အရင်ဝင်ဖို့သာ ဟန်ပြင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် သီချင်းဆိုသံတစ်ခုကို ကြားလိုက်ရသည်။ ရဲမိုးဆံပင်တွေ ထောင်ထသွားမတတ် . . လန့်ဖျပ်သွားသည်။

ထိုအသံက သားနှင့်ထိုင်နေသော ကောင်လေးဆီမှ ဖြစ်နေသည်။ ဘာကိုမှ တွေးမနေနိုင်တော့ဘဲ ခြံစည်းရိုးနိမ့်သော တစ်ဖက်ခြံထဲသို့ ခုန်ဝင်ကာ ထိုကလေးထံ ပြေးသွားလိုက်သည်။ သားက ထိုအခါမှ ရဲမိုးကိုလှမ်းမြင်ကာ ဖေဖေဟုအော်ခေါ်သည်။ ကောင်လေးလည်း ရဲမိုးအား မျက်ထောင့်နီကြီးဖြင့် ကြည့်နေရာက အမူအရာ ချက်ချင်းပြောင်းသွားကာ ထွက်ပြေးတော့၏။

(၁၀)နှစ်သား အရွယ်နှင့်မလိုက်အောင် ခြံစည်းရိုးကို ခုန်ကျော်ကာ ပြေးထွက်သွားသည်။ သားကို အိမ်ထဲဝင်နေရန်မှာပြီး ထိုကလေးနောက်သို့ အပြေးလိုက်ခဲ့သည်။ ကလေးက ထင်မှတ်မထားလောက်အောင် မြန်ဆန်နေသည်မို့ ရဲမိုး မျက်ခြေမပြတ်အောင် အားသွန်ပြေးလိုက်နေရသည်။

ထိုအချိန်တွင် ကလေးပြေးနေသော ပလက်ဖောင်းဘေးသို့ တက္ကစီတစ်စီး ထိုးစိုက်လာ၏။ လူတစ်ယောက် ကားပေါ်မှ ဆင်းလာနေစဉ် ကလေးက လှည့်ကြည့်လှည့်ကြည့်နှင့် ပြေးနေသည်မို့ ထိုလူနှင့် ဝင်တိုက်မိတော့၏။

ထိုသို့တိုက်မိလိုက်သည်နှင့် ကလေးအပြေးရပ်သွားကာ ကြောင်တောင်တောင်လေးဖြစ်ပြီး ဘာမှမဖြစ်ခဲ့သလို သူ့ဆီပြန်လျှောက်လာ၏။ ကလေးပုံစံက အေးဆေးတည်ငြိမ်စွာပင်။ ရဲမိုးနှင့် မျက်နှာချင်းဆိုင်ဆုံတော့လည်း အမူအရာမပျက်၊ မှတ်မိဟန်



www.burmeseclassic.com

www.burmeseclassic.com



လည်းမပြ၊ ရဲမိုးဘေးမှ ဖြတ်လျှောက်သွားသည်။

ရဲမိုးက ကောင်လေးနှင့်တိုက်မိသည့်လူကို လှမ်းကြည့် အကဲခတ်လိုက်၏။ ထိုလူက ရဲမိုးအား မျက်ထောင့်နီကြီးဖြင့် ဘုကြည့် ကြည့်နေလေပြီ။ ရုတ်တရက် ထိုလူက. .

"ဟေ့ကောင် ငါ့လက်တစ်ဖက် ပြန်ပေးစမ်း"

သေချာပြီ. .၊ ကောင်လေးထံမှတဆင့် ဆိုးပေ၏ဝိညာဉ် ထိုလူ့ထံရောက်သွားပြီဖြစ်သည်။ ရဲမိုး ဘာလုပ်ရမှန်းမသိတော့ ထိုလူက ရှေ့တိုးလာနေပြီမို့ မတတ်သာတော့ဘဲ ရဲမိုး သေနတ်နှင့် ထုတ်ချိန်လိုက်ရသည်။

"ဟေ့ကောင်. . မလှုပ်နဲ့"

ထိုလူက အမိန့်မနာခံသည့်အပြင် မခိုးမခန့်ပြုံးနေသေး၏။ သေနတ်နှင့်ချိန်ထားရင်းနှင့်ပင် ရဲမိုးရှေ့တိုးလာခဲ့၏။ ထိုလူက ဂျာကင်အင်္ကျီကို အသာလှပ်၍ သေနတ်ဆွဲထုတ်ပြီး ပြန်ချိန်ရင်း. .

"ငါလဲ ရဲတစ်ယောက်ပါပဲ. . ရဲအစုတ်ပလုတ်ရာ. . ."

ပတ်ဝန်းကျင်မှလူတွေလည်း ရုတ်ရုတ်သည်းသည်း ဖြစ်ကုန်ကြ၏။ ထိုလူကတော့ ဆိုးပေ၏ဆန္ဒအတိုင်း အလျှော့ပေးပုံမရ၊ ရုတ်တရက်ဆိုသလိုပင် ပစ်ခတ်ဖို့ပြင်ဆင်နေသည်။

အပြစ်မဲ့သူတစ်ယောက် မသေစေလိုသဖြင့် ရဲမိုး နောက်ဆုံးချိန်ထိ သည်းခံနေ၏။ သို့သော်. . ထိုလူက သေနတ်မောင်း ဖြုတ်လိုက်လေပြီ။

လက်လှုပ်သွားပုံမြင်ကာနှင့် ရဲမိုးသိလိုက်သည့်အတွက်

www.burmeseclassic.com



ကိုယ်ကိုတိမ်း၍ နေရာပြောင်းလိုက်ပြီး ခလုတ်ဆွဲလိုက်ရတော့၏။

"ဒိုင်း!. . ဒိုင်း!. ."

ပေါက်ကွဲသံနှစ်ခု ဆင့်ကဲပေါ်လာပြီး ရဲမိုး ဘယ်ပခုံး၌ ပူခနဲဖြစ်သွားကာ ယိုင်ထွက်သွားသလို တစ်ဖက်ရဲသားမှာလည်း ပလက်ဖေါင်းပေါ် ပစ်လဲကျသွားတော့၏။ ရဲမိုး ဒဏ်ရာကိုမမှုဘဲ လဲကျနေသူထံပြေးသွားကာ စစ်ဆေးကြည့်လိုက်သည်။

ဘယ်ဘက်ရင်အုံကို ထိမှန်သွားတာဖြစ်၍ အသက်ရှင်စရာ အကြောင်းမရှိတော့။ ထိတွေ့ကိုင်တွယ် စမ်းသပ်ကြည့်ဖို့တော့ ရဲမိုး လက်တွန့်နေမိသည်။ ဆိုးပေ၏ဝိဉာဉ် သူ့ထံရောက်လာမှာစိုး၍ ဖြစ်၏။

နယ်မြေခံရဲက အခင်းဖြစ်စဉ်ကို မြင်တွေ့ခဲ့ရသည့် လမ်းသွားလမ်းလာများနှင့် အိမ်နီးချင်းများကို မေးမြန်းစုံစမ်းသည်။ ရဲမိုး ယူနီဖေါင်းနှင့်ဖြစ်ခြင်းက သက်သာရာရသွားသည်။ ယူနီဖေါင်းနှင့်ရဲကို အရပ်ဝတ်နှင့်ရဲက သေနတ်နှင့်ချိန်ပြီး ဦးစွာပစ်ခတ်ခဲ့သည့်ဖြစ်စဉ်ကို ရဲအဖွဲ့ ဘယ်လိုမှနားမလည်နိုင်တော့။

ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်အရ ရဲမိုး သက်သာသွားသလို လက်မောင်းမှဒဏ်ရာကလည်း အကောင်းခုံးထုခြေလွှာ ဖြစ်နေသည်မို့ ရဲမိုး စိတ်အေးသွားရ၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်ရဲ့အိမ်လိပ်စာ သိခဲ့ရပြီ"

"ဘယ်ကောင်လဲကွ"

"ဆိုးပေလေ"

"ဟင်. . တုတ်လား ဘယ်မှာတဲ့လဲ"

"မှော်ဘီဘက်က အထယ္ဘူရွာမှာတဲ့ သူ့ကိုမိခဲ့တာလည်း အဲဒီရွာမှာပဲတဲ့"

"အဲဒီနေရာ သွားကြည့်တာပေါ့"

ရဲမိုးနှင့်သောင်းဝေလင်းတို့ စခန်းမှူးရုံးခန်းသို့ဝင်ကာ သူတို့အစီအစဉ်ကို တင်ပြကြသည်။ စခန်းမှူးက အသေးစိတ်ချာ စိစစ်နားထောင်ပြီး သဘောတူခွင့်ပြုချက်ပေးသည်။

"ခွင့်ပြုတယ်ဆိုပေမယ့် မလိုအပ်ဘဲ ပစ်ခတ်တာတွေတော့ ထပ်မဖြစ်စေချင်ဘူး၊ တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြပါ"

"ဟုတ်ကဲ့ပါ ဆရာ"

စခန်းမှူးထံမှ ခွင့်ပြုမိန့်ရပြီး သွားဖို့ကားစီစဉ်နေခိုက် နန်းထံဖုန်းဆက်လိုက်သည်။ နေရထိုင်ရတာ အဆင်ပြေမပြေ၊ အန္တရာယ် ကင်းမကင်းလှမ်းမေးပြီး မော်ဘီဘက်က ရွာတစ်ရွာကို သွားမည့်အကြောင်းပါ အသိပေးလိုက်၏။

"တာဝန်အရဆိုတော့ ဘာမှပြောစရာမရှိဘူးပေါ့၊ ဒါပေမဲ့ အစစအရာရာ သတိထားပါမောင်ရယ် စိတ်လေးလွန်းလို့ပါ"

"စိတ်ချပါနန်း. .၊ ဆိုးပေရဲ့ပစ်မှတ်က မောင်ဆိုတာ ဘယ်တော့မှမမေ့ဘူး၊ သွားမှာကလည်း သုံးယောက်တောင်လေ သောင်းဝေလင်းနဲ့ ဇော်ကြီးပါပါတယ် ဘာမှမပူနဲ့ ဟုတ်ပြီလား"

"မပူလို့တော့ ဖြစ်မလား ဒီအမှုပြီးရင် ဆေးပင်စင်တင်ပြီး အလုပ်ကထွက်လိုက်တော့မောင်ရယ်၊ ဖေဖေ့လုပ်ငန်းမှာဝင်လုပ်ပြီး အေးအေးဆေးဆေး နေကြရအောင်နော်"

"အင်းပါ. . နန်းရယ်၊ မောင်လည်း အဲဒီလိုပဲ စိတ်ကူးထားပါတယ်၊ ဆိုးပေကြောင့် ရဲလုပ်ငန်းကို အတော်စိတ်ပျက်သွားပြီ၊ နန်းဆန္ဒပြည့်ဝရမယ် ဟုတ်ပြီလား"

ဇနီးသည် ကျေနပ်အောင် နှစ်သိမ့်အားပေးစကားပြောပြီး စခန်းမှစထွက်ခဲ့ကြ၏။ သုံးယောက်လုံး မာဖီနှင့်ဖြစ်သလို ရဲမိုးနှင့် သောင်းဝေလင်းထံ၌ သေနတ်တစ်လက်စီပါသည်။

အတော်အတန် မောင်းလာခဲ့ပြီးနောက် "အထယု"ကျေးရွာ ဆိုင်းဘုတ်ကို မြင်ရသည်။ လမ်းမနှင့်မှာကို မြေနီလမ်းလေး

www.burmeseclassic.com



နှင့် ဆက်သွယ်ထားသည်။ ထိုလမ်းအတိုင်း မောင်းလာကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ အရင်ဆုံးရောက်သည်။ သို့သော် ရုံးကပိတ်ထား၏။ သို့နှင့်အနီးဆုံး အိမ်တစ်အိမ်ရှေ့သို့ ဆက်မောင်းခဲ့၏။

ကားပေါ်မှဆင်း၍ ထိုအိမ်မှ ရွာခံပုဂ္ဂိုလ်အား မိတ်ဆက်စကားပြောရင်း သိချင်တာကို စုံစမ်းသည်။ ကံအားလျော်စွာပင် ထိုလူက အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ယောက် ဖြစ်နေသည်။ ဆိုးပေအကြောင်းမေးတော့ သိသည်ဟုပြော၏။ သေဒဏ်ကျသွားသည့် ထိုလူ့အိမ်ကို လိုက်ပို့ခိုင်းသောအခါ အင်တင်တင်ဖြစ်နေ၍ တော်တော်ပြောပြီး အကူအညီတောင်းလိုက်ရသည်။

မလွန်ဆန်နိုင်၍ လိုက်ပို့ခဲ့သော်လည်း သူတို့ရွာသားတစ်ယောက်က လူနှစ်ဆယ်လောက် သတ်ခဲ့ခြင်းအတွက် တစ်ရွာလုံးအရှက်ရ၍ ထိုကိစ္စကို အစမဖော်လိုကြခြင်းဖြစ်ကြောင်း သိလာရ၏။

ဆိုးပေအိမ်က. . . လူမနေဘဲ ပစ်ထားတာကြာပြီဖြစ်ကြောင်း၊ သို့သော် ထိုအိမ်မှ ညဘက်မီးရောင်မြင်ရသည်ဟု မြင်တွေ့သူအချို့ပြောကြတာ တစ်လလောက်ရှိပြီဖြစ်သလို. . စုံစမ်း ဖို့သွားကြသူများကိုလည်း ခြောက်လှန့်လွှတ်၍ သရဲခြောက်သည်ဟု နာမည်ကြီးနေကြောင်းကိုပါ သိခဲ့ရသည်။

ထိုအိမ်အထိ ကားဝင်၍မရသည့်အတွက် အားလုံးဆင်းလျှောက်ခဲ့ကြရသည်။ အိမ်ကိုလှမ်းမြင်ရသည့်နေရာအရောက်တွင် လိုက်ပို့သည့်ရွာသားက ခြေစုံရပ်ရင်း .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . အဲဒီအိမ်ပဲဆရာတို့၊ ကျုပ် မလိုက်တော့ဘူး ပြန်တော့မယ်ဗျာ"

ပြောပြောပြေးပြေး ပြန်လှည့်ပြေးသွားသော ရွာသားကို သူတို့မတားမိကြတော့။ ဝါးနှစ်ရိုက်လောက်အကွာမှ ပျဉ်ထောင်အိမ်လေးဆီသို့ သုံးယောက်ရင်ဘောင်တန်းပြီး လျှောက်လာခဲ့ကြသည်။

အိမ်ပုံစံက လူမနေတာကြာပြီဖြစ်ကြောင်း သိသာနေသည်။ ရဲမိုးက သော့ခတ်မထားသော အိမ်တံခါးကို တွန်းဖွင့်လိုက်၏။ မဖွင့်တာကြာ၍ ကျပ်နေသောပတ္တာမှ တကျွီကျွီမြည်သံပေးကာ တံခါးပွင့်သွားသည်။ တံခါးပွင့်သွားသည်နှင့် အိမ်ထဲမှ အမျိုးအမည်မသိ ငှက်တစ်ကောင် တိုးထွက်ပျံသန်းလာ၍ အားလုံးအလန့်တကြား ဖြစ်သွားကြသေး၏။

ပြီးတော့မှ ရှက်ရယ်ရယ်လိုက်ကြရင်း အိမ်ထဲသို့ ဝင်ခဲ့ကြသည်။ အိမ်ရှေ့ခန်း အိပ်ခန်းတစ်ခန်းနှင့် မီးဖိုဆောင်သာပါရှိသော ရိုးရှင်းလှသောအိမ်အတွင်း ရယ်ဒီမိတ် စားစရာအကြွင်းအကျန်များ အိတ်ခွံများနှင့် ရေသန့်ဘူးခွံအလွတ်များကို တွေ့ကြရ၏။ ထို့ပြင် စီးကရက်တို ဆေးလိပ်တိုနှင့် အဝတ်အစားဟောင်းနှစ်စုံလောက်ကိုလည်း ဟိုနေရာတစ်ခု ဒီနေရာတစ်ခု ပြန့်ကျဲစွာတွေ့ရသည်။

"ဆိုးပေဝိညာဉ်. . ဒီကို လာလာနေတာတော့ သေချာနေပြီ"

"ခုတော့ ဘာမှမတွေ့ရဘူး၊ သူပြန်လာဦးမယ် ထင်သ



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဒီနေ့တော့ မမျှော်နဲ့တော့၊ တို့ရောက်နေမှန်း သူသိပြီး ရှောင်သွားမှာ"

"ဒါဆို . . နောက်နေ့မှ ကင်းပုန်းဝပ်ရင် ကောင်းမယ်"

"အင်း . . ရွာကလူတွေနဲ့ မဆုံအောင်ဆိုရင် ညနက်မှ သူ အဝင်အထွက် လုပ်မှာပေါ့"

"ဒါလည်းမှန်ပါတယ်၊ ဒီတော့ . . တို့တွေ အဝေးပြေး လမ်းမက အနီးဆုံးရဲကင်းမှာ ခဏသွားစောင့်ကြမယ်၊ ညနက်မှ တစ်ခေါက် ပြန်လာကြတာပေါ့၊ ဒီညပဲ အပြတ်ရှင်းမယ်ကွာ"

"အိုကေ . . ဒါလည်းကောင်းတယ် ဒါဆို ထွက်ကြမယ် လေ"

"ခဏလေး . . ခဏလေး၊ ကျွန်တော် အိမ်သာဝင်လိုက် ဦးမယ် ဆီးအိမ်တင်းနေပြီ"

ဇော်ကြီးက အပေါ့သွားဦးမည်ဆိုပြီး နောက်ဖေးသို့ ထွက် သွား၏။ ရဲမိုးနှင့်သောင်းဝေလင်းတို့ အိမ်ရှေ့သို့ ပြန်ထွက်ခဲ့ပြီး ဇော်ကြီးအားစောင့်နေကြသည်။ ရဲမိုးက အိမ်အနေအထားကို သေချာစစ်ဆေးကြည့်သည်။

ခြံစည်းရိုးမရှိသော်လည်း အလေ့ကျပေါက်နေသည့် ကြ ခတ်ဝါးရုံက ကာဆီးပေးထားသလို ဖြစ်နေသည်။ ထို့သော် . . လူတစ်ကိုယ်စာ ဝင်နိုင်ထွက်နိုင်သည့် အပေါက်တွေကလည်း အများအပြားပင် ရှိနေ၏။ ဇော်ကြီး အိမ်သာဝင်တာ အတော် ကြာသွားသည့်အတွက် စိတ်မရှည်တော့သည့် သောင်းဝေလင်း



www.burmeseclassic.com

www.burmeseclassic.com



က လှမ်းအော်သည်။

"ဟေ့ကောင် ဇော်ကြီး မပြီးသေးဘူးလားကွ"

အော်ဟစ်ပြောဆိုရင်း သောင်းဝေလင်း ခါးကြားမှ သေနတ်ဆွဲထုတ်ပြီး ကျည်အိမ်ကိုလှည့်ကာ စစ်ဆေးနေ၏။ ထိုစဉ်ဝုန်းဒိုင်းကျဲ အသံများထွက်လာပြီး ဇော်ကြီး အော်သံကိုကြားရ၏။

"အောင်မလေး"

"ဘာဖြစ်တာလဲ ဇော်ကြီး"

"ကြမ်း. . ကြမ်းပေါက်ကျွံတာ၊ ဟဲဟဲ. . ရတယ် ရတယ် ဘာမှမဖြစ်ဘူး. . လာပြီ"

အသံနှင့် မရှေးမနှောင်းပင် ဇော်ကြီးထွက်လာသည်။

"ဟာ. . ဆရာသောင်း ဘာလုပ်မလို့လဲ တောကောင်ပစ်မလို့လား"

"မပစ်တာကြာလို့ စစ်ကြည့်နေတာပါကွာ"

"ဆရာရယ်. . အရာရှိတွေကိုင်တဲ့ ပြောင်းတိုခြောက်လုံးပြူးကို သိပ်သဘောကျတာပဲဗျာ ခဏလောက်ကိုင်ကြည့်ပါရစေ"

ဇော်ကြီး၏တောင်းဆိုမှုကို သောင်းဝေလင်း အလွယ်တကူ လိုက်လျောလိုက်တာကို ရဲမိုးလည်း အမှတ်မထင်ပင် ကြည့်နေလိုက်မိသည်။ ဇော်ကြီးက သေနတ်ကိုသဘောကျစွာ တယုတယပွတ်သပ်ကြည့်ရင်း ညာလက်နှင့်ကောက်ကိုင်ကာ ကွင်းပြင်ဘက်သို့လှည့်ကာ ပစ်မလိုဟန်နှင့် ချိန်နေသည်။

"ကဲ. . ကဲ. . ဇော်ကြီး အချိန်မကြာခင်ပဲ လစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ကြီး သူတို့ဘက်သို့ သေနတ်ချိန်လျက် အနေအထား နှင့် ပြန်လှည့်လာ၏။ ထို့အတွက် သောင်းဝေလင်း ဒေါပွသွားကာ ပိတ်ဟောက်သည်။

"ဟိတ်ကောင် သေနတ်နဲ့နောက်စရာလား၊ ပြန်ပေးစမ်း"

သောင်းဝေလင်းက သေနတ်ပြန်တောင်းရင်း ရှေ့တိုး သွား၏။ ဇော်ကြီး မခိုးမခန့်ရယ်ကာ. .

"သေချင်ရင် ဆက်တိုးလာခဲ့ပေါ့"

သောင်းဝေလင်း၏ ခြေအစုံလဲ ရပ်သွားရ၏။ အသံနှင့် အမူအရာပါ ပြောင်းသွားသော ဇော်ကြီးကိုကြည့်ကာ ရဲမိုး မယုံ နိုင်အောင်ဖြစ်သွားပြီး သေနတ်ကို လျှပ်တပြက်ဆွဲထုတ်လိုက် သည်။ ဇော်ကြီးကို ချိန်ရွယ်ရင်း. .

"ဇော်ကြီး မင်းအလုပ်ပြုတ်ပြီး အရေးယူခံရမှာနော်"

ဇော်ကြီးကို ဆိုးပေဝင်ပူးနေပြီဆိုတာသိ၍ ရဲမိုး အကျပ် ရိုက်နေသည်။

"ငါ ဇော်ကြီးမဟုတ်ဘူးကွ၊ ငါ့ခန္ဓာကိုယ် အစိတ်အပိုင်း တွေ ယူထားတဲ့အထဲ မင်းတစ်ယောက်ပဲ ကျန်တော့တာနော်၊ သေနတ်ကို ခုချလိုက်၊ ငါ့ခြေထောက်နှစ်ဖက်ကြားထဲရောက် အောင် ပစ်ချလိုက်. .၊ ငါ တစ်နှစ်သုံး ရေမယ် သုံးရောက်လို့မှ လက်နက်မချရင် မင်းတို့သုံးယောက်ထဲက ဘယ်သူသေသွားလဲ ဆိုတာ မြင်ရလိမ့်မယ်"

"တစ်. . . နှစ်. . ."

ဇော်ကြီး 'နှစ်'ဟု အော်လိုက်ချိန်၌ ရဲမိုး ဘယ်လက်ကို



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပြပြီး သေနတ်ကိုလှမ်းပစ်ပေးလိုက်၏။

"အဟား . . ဟားဟား . . သိပ်ကြောက်နေပြီလားရဲမိုး။ မင်းဆီက ငါ့လက်ကို ပြန်မယူတော့ပါဘူး အသုံးမှမတည့်တော့တာ၊ ငါ့ရဲ့ ခြေနှစ်ဖက် လက်တစ်ဖက်နဲ့ မျက်စိနှစ်လုံးလည်း မင်းကြောင့် ပုပ်သိုးပျက်စီးသွားပြီ၊ အဲဒီအတွက် မင်းရဲ့အသက်ကိုပဲ ပြန်ယူတော့မယ် . . ဟားဟားဟား"

ထိုအခိုက် သောင်းဝေလင်း အခြေအနေကို အရေးမစိုက်ဘဲ အတင်းဝင်ကာ ဇော်ကြီး၏ညာလက်မှ သေနတ်ကို လှမ်းကန်ထုတ်ပစ်ပြီး ဇော်ကြီး၏မေးရိုးကို ညာလက်နှင့် ထိထိမိမိထိုးထဲ့လိုက်သည်။ ဇော်ကြီးနှင့် သောင်းဝေလင်းတို့ နှစ်ယောက်သားလုံးထွေးသတ်ပုတ်နေခိုက် ရဲမိုးလည်း သေနတ်ပြေးကောက်ရသည်။

"ဒိုင်း!. ."

အခြေအနေကို ရဲမိုး ဟန့်တားလိုက်သည်။ သောင်းဝေလင်း ကျနေသော သေနတ်တစ်လက်ကို အလျှင်အမြန်ကောက်ယူလိုက်ကာ ဇော်ကြီးကို ထိုးချိန်လိုက်သည်။

ထိုအချိန်မှာတော့ ဇော်ကြီးမှာ မျက်နှာငယ်လေးနှင့် ဖြစ်နေသည်။

"ဆ . . ဆရာတို့ . . ကျွန်တော် ဇော်ကြီးပါ . . ဘာ . . ဘာများဖြစ်လို့လဲ"

သောင်းဝေလင်းက မဲ့ပြုံးတချက်ပြုံးကာ ဆေးလိပ်တစ်လိပ်ကို ထုတ်ယူမီးငြိဖွာရှိုက်လိုက်သည်။ ပြီးမှာ ဇော်ကြီးအနား



www.burmeseclassic.com

www.burmeseclassic.com



တိုးကပ်သွားကာ နားထင်ကို သေနတ်ထောက်လိုက်ရင်း. .

"မင်းမှာအပြစ်ရှိလို့ပေါ့ကွာ. . "

လေကလေးချွန်ကာ သီချင်းလေးညည်းရင်း မောင်းခလုတ်ကို ဆွဲချလိုက်တော့သည်။

"ဒိုင်း!. . "

သွေးအေးလူသတ်သမားပီပီ ဆိုးပေဝိညာဉ်ပူးကပ်သွားသော သောင်းဝေလင်းမှာ ဖော်ကြီးကို ပစ်သတ်လိုက်လေပြီ။

အခြေအနေကို ရိပ်စားမိသောရဲမိုးက သောင်းဝေလင်းသေနတ်ကိုင်ထားသောလက်ကို လှမ်းပစ်လိုက်ရသည်။ ခန္ဓာကိုယ်တွေထဲ လိုက်ပူးဝင်နေသောဆိုးပေကို ဘယ်လိုနှိမ်နင်းရမှန်း ရဲမိုးမသိတော့. .

"ငါ့ကို ဘယ်လိုမှ မင်းယှဉ်နိုင်မှာမဟုတ်ဘူး ရဲမိုး၊ ငါက ဝိညာဉ်လေ. .၊ ငါ့ကိုပစ်သတ်ရင် ရဲတစ်ယောက်သေတာပဲ အဖတ်တင်လိမ့်မယ်နော်၊ ဝိညာဉ်ဆိုတာ ထိတွေ့မှုဖြစ်မှ ပူးကပ်လို့ရတာမဟုတ်ဘူး၊ ငါဝင်စီးထားတဲ့ကောင်သေတာနဲ့ မင်းကိုယ်ထဲကို အလွယ်တကူဝင်လာလို့ရတယ်၊ ဘာလို့လဲဆိုတော့. . ဒီနေရာဟာ ငါ့နယ်မြေဖြစ်နေလို့ပဲ. . ဟားဟားဟား"

သူပြောတာ မှန်နေသဖြင့် ရဲမိုး သေနတ်ကိုင်ထားရင်းနှင့်ပင် အကြောက်လွန်နေ၏။ ရဲမိုးတွေဝေနေတာကို အခွင့်ကောင်းယူပြီး သောင်းဝေလင်း ပြေးဝင်လာနေသည်။ ရဲမိုးမတတ်နိုင်သည့်အဆုံး သေနတ်မောင်းကို ဖြုတ်ချလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း!. ."

ဒူးအထက်နားကိုထိမှန်ပြီး သောင်းဝေလင်း လဲကျသွား သော်လည်း အပြုံးမပျက်. .

"အဟင်း. . ဒီနေ့ မင်းတို့နှစ်ယောက်လုံး သေမယ့်နေ့ပဲ ထင်တယ်"

ထိုအချိန်တွင် ရဲမိုးကိုစိတ်မချ၍ စခန်းမှူးအား အတင်း အပူကပ်ပြီး နန်းတစ်ယောက် "အထယ"သို့ လိုက်လာနေသည်။ စခန်းမှုရဲကားနှင့် လိုက်လာခဲ့ခြင်းဖြစ်သည်။ ညနေ(၅)နာရီ လောက်မှာ ရွာထိပ်သို့ရောက်လာသည်။ ထိုအချိန်တွင် သေနတ် သံတွေ ကြားရခြင်းဖြစ်သည်။

ထို့အတွက် ရဲမိုးတို့ယူသွားသည့် ကားနားအရောက်တွင် ဆင်းပြီး အသည်းအသန်ပြေးကြရ၏။ သေနတ်သံတွေကြားရပြီး စခန်းမှူးက သေနတ်ပါအသင့်ကိုင်ပြီး ပြေးနေသည်မို့ ရွာသူရွာ သားတွေလည်း အထိတ်တလန့် ဖြစ်ကုန်ကြသည်။

BURMESE CLASSIC

"လုပ်လေကွာ. . ငါ့ကိုသတ်လိုက်ပါ၊ ဒါမှ ငါ့ပိဿာဦက မင်းကိုဝင်ပူးနိုင်မှာ၊ ဒီတော့မှ အိမ်ပြန်ပြီး မင်းမိန်းမနဲ့ ပေါင်းသင်း မယ်၊ မင်းရဲ့ကလေးတွေကို ညှိပ်စက်ပြီးသတ်မယ်. . ဟားဟား ဟား. . . တွေးကြည့်ရုံနဲ့တောင် အရသာရှိလိုက်တာကွာ"

သောင်းဝေလင်းကို ဆိုးပေစီးပြီး ခြိမ်းခြောက်ပြောဆိုနေ တာတွေကို ရဲမိုး မခံစားနိုင်တော့။ ကိုယ့်ဘာသာ သတ်သေရန် နားထင်ကို ချိန်ထားလိုက်၏။

ကိုယ့်ဘာသာ သတ်သေဖို့ဆိုတာ လွယ်ကူလှသည့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တော့မဟုတ်၊ ရဲမိုးအတွေးထဲ နန်းနှင့်ကလေးတွေကို မြင်ယောင်ပြီး မျက်ရည်ဝဲလာ၏။ သူသေသေချာချာ ဆိုးပေ၏ ဝိညာဉ်က အလွှတ်ပေးမှာ မဟုတ်တာကို သိထားသည်မို့ မျက်လုံးစုံမှိတ်ပြီး စိတ်ကိုတင်းကာ မောင်းဖြုတ်ဖို့ ကြိုးစားသည်။

ထိုအခိုက်အတန့်ကို ဆိုးပေဝိညာဉ်က အမိအရ အသုံးချသည်။ မြေပြင်ပေါ် ကျနေသေည့် သေနတ်တလက်အား အမြန်ကောက်ယူလိုက်သည်။

"ဒိုင်း!. ."

စခန်းမှူးမှ သောင်းဝေလင်းကို ပစ်ချလိုက်ခြင်းဖြစ်သည်။ သောင်းဝေလင်း လဲကျသေဆုံးသွားတာကိုကြည့်ရင်း ရဲမိုး လွန်စွာတုန်လှုပ်ချောက်ချားသွား၏။ ချက်ချင်းဆိုသလိုပင် သူတစ်ကိုယ်လုံး ဆတ်ခနဲတုန်တက်သွားသည်။ သူ့နားရောက်နေပြီဖြစ်သည့်စခန်းမှူးနှင့် ပြေးလာနေသောနန်းတို့ကို တွေ့ရသော်လည်း ရဲမိုးပုံစံက ဝမ်းသာပုံမပြ။ သေနတ်ကို သူ့နားထင်တွင် တေ့ထားမြဲ. . .

"ရဲမိုး မင်းဘာလုပ်တာလဲ"

"မောင်. . မောင်ရေ နန်းလိုက်လာတယ်လေ. .၊ အဲဒါ ဘာလုပ်မလို့လဲ. . မလုပ်ပါနဲ့ မောင်ရယ်"

စခန်းမှူးနှင့် နန်းတို့တားသော်လည်း ဆိုးပေ၏ဝိညာဉ်ပူးဝင်နေပြီဆိုတာသိနေသော ရဲမိုးက အရေးမစိုက်တော့။ ဆိုးပေ ပြောခဲ့သလို မိန်းမနှင့်ကလေးတွေကို သူ့ခံသုံးပြီး ဒုက္ခပေးမှာကို လုံးဝအဖြစ်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com


သေနတ်မောင်းကို ညှစ်ချလိုက်တော့သည်။

"ဒိုန်း!. ."

"မောင်. . အမလေး မောင်ရဲ့"

"ဟာ. . ရဲမိုး"

စခန်းမှူးနှင့် နန်းထံမှ မချိတင်ကဲ ရေရွတ်သံတွေ ထွက်လာလေ၏။ နန်းက ရဲမိုးအားဝင်မွေကာ ယူကြုံးမရနှင့် ရှိုက်ငိုနေတော့၏။ သူ့စခန်းမှ ရဲသုံးယောက် အဖြစ်ဆိုးတွေနှင့် ကြုံပြီး ကျဆုံးခဲ့ရတာ ဆိုးပေ၏ဝိညာဉ်ကြောင့်ဆိုတာ စခန်းမှူး သိသွားလေပြီ။

ဒီအနီးတဝိုက်မှာ ထိုဝိညာဉ်လူးလာလှုပ်ရှားနေမှာကိုလည်း ရိပ်မိ၏။ သို့သော်. . သူလည်း ဘယ်လိုမှ မထိန်းချုပ်နိုင်တော့သည်မို့ မော်ဘီရဲစခန်းသို့ ဖုန်းဆက်ပြီး အကူအညီတောင်းရတော့သည်။

BURMESE CLASSIC

စခန်းမှူးအလုပ်ရှုပ်နေချိန်မှာ နန်း၏ လှုပ်ရှားမှုတွေက ထူးခြားစွာ ပြောင်းလဲလို့လာ၏။ ခင်ပွန်းဖြစ်သူ၏ အလောင်းကို ပစ်ချပြီး ထရပ်လိုက်သည်။

သူမမျက်ဝန်းတွေက အေးစက်မာကြောလျက် မျက်ဝန်းက နီရဲနေ၏။ ပြီးတော့ ဝမ်းနည်းကျေကွဲနေရမည့်အချိန်မှာ သီချင်းတစ်ပုဒ်ကို သီဆိုရင်း ထွက်သွား၏။

သီချင်းသံကြားတော့မှ စခန်းမှူး သတိဝင်လာပြီး လှည့်ကြည့်မိသည်။ လင်သားကို စိတ်မချ၍. . ငှက်လိုက်လာသည့် မိန်းမက သီချင်းတအေးအေးနှင့် ထွက်သွားတာတွေ့တော့ သူ


www.burmeseclassic.com

www.burmeseclassic.com


အလွန်ပင် အံ့ဩတုန်လှုပ်သွားသည်။ စိတ်များဖောက်သွားလေ သလားဟု မှင်သက်နေမိသည့် တဆက်တည်းမှာပဲ ဘာမှနား မလည်သည့် သီချင်းစာသားတွေကို သတိပြုမိသွားပြီး ရဲမိုးပြော ပြောနေသည့် ဆိုးပေဆိုနေကျ သီချင်းဆိုတာ သိလိုက်၍. . အ ကြောက်တရားတို့ စိုးမိုးသွားတော့သည်။

ဆိုးပေဝိညာဉ်က မပြီးဆုံးနိုင်တဲ့ ပူးကပ်မှုတွေနဲ့ လူတွေ ဘယ်လောက်တောင် လိုက်သတ်နေအုံးမှာလဲ. . .။

စခန်းမှူးကြီး တွေးပူနေလေတော့သတည်း။ ။

BURMESE CLASSIC

ဓနုဝတော

www.burmeseclassic.com